www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းရှင်

ပန်စိုင် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၁၄၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၀၀၂၀၈

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

အဖုံးပန်းချီ ♦ စောမင်းဝေ

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊
နိုဝင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀၀ ကျပ်

ဖြန့်ချိရေး ♦ မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764
095162031


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ရိပ်ခနဲမြင်လိုက်ရအပြီးမှာ ဒိုင်းခနဲ မီးပွင့်သွားမတတ် ခံစားလိုက်ရ၏။ စီးလာသောဆိုင်ကယ်(လ်)ကို လူးခါတိမ်းမှောက်မသွားအောင် သတိသွင်းပြီး လက်ကိုင်ကို မနည်းထိန်းယူလိုက်ရ၏။ ခပ်လှမ်းလှမ်းရောက်သွားသည်အထိ ဆိုင်ကယ်(လ်)ကို အရှိန်လျှော့ပြီး ရပ်တန့်လိုက်ရ၏။

"ဘာဖြစ်တာလဲ. . . လင်းဝေမိုး. . . ဘာဖြစ်တာလဲ"

ဆိုင်ကယ်(လ်)နောက်မှာစီးလိုက်လာသော ဥက္ကာက ပျာပျာသလဲ မေးလာ၏။

"ငါ့ခေါင်းပေါ် ဥက္ကာခဲများ ကြွေကျသလားမသိဘူး၊ ဟဲလ်မက်ခံနေလို့ပေါ့ကွာ၊ ဒါတောင် နဖူးကို သီသီကလေး အီသွားသေးတယ်"

"ဒါ တစ်ကောင်ကောင်က ခဲနဲ့ချောင်းထုတာပဲဖြစ်ရမယ်၊ ငါဆင်းရှာမယ်ကွာ"

ပြောပြီး ဥက္ကာဆင်းကာ နောက်ကြောင်းပြန်လျှောက်သွား၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုင်ကယ်(လ်)ကိုဒေါက်ထောက်ပြီး အမှီလိုက်သွား၏။

"ဒီရပ်ကွက်ထဲကလူတွေကတော့ ကိုယ့်အိမ်ကိုယ့်ဝင်းခြံတွေနဲ့ နေကြတာပဲ၊ မင်းကြည့်ပါအုံး၊ လမ်းပေါ်မှာ လူတွေရှင်းနေတာပဲ၊ ခုလို နေ့ခင်းကြီးတောင် တစ္ဆေထွက်ခြောက်နိုင်တယ်"

ဥက္ကာစကားကြောင့် သူ့နဖူးကိုသူ လက်နှင့်ပွတ်ပြီး စဉ်းစား လိုက်၏။

"ငါ့ကို တစ်ခုခုတော့ လာထိမှန်တာပဲကွ၊ မင်း အသံမကြားလိုက် ဘူးလား"

"ကြားတယ်လေ၊ ဒါကြောင့် လာကြည့်တာပေါ့၊ ဒီနားမှာ လာမှန်တာကွ၊ ရှာကြည့်စမ်း၊ ခဲလုံးတွေ အုတ်ခဲပိုင်းတွေ တွေ့လိုတွေ့ ငြားပေါ့"

"ဟာ. . ဥက္ကာ ဟိုမှာကွ၊ မာလကာသီးကြီး"

လမ်းဘေးမှကျနေသော ကီလိုမာလကာသီးနီးပါးမျှကြီးသည့် မာ လကာသီးကြီးတစ်လုံးကို တွေ့လိုက်ရ၏။ သူ အပေါ်မော့ကြည့်လိုက်၏။ မနိမ့်မမြင့် မာလကာပင်တစ်ပင်ကို တွေ့လိုက်ရ၏။ လမ်းဘေးမှာပေါက် နေခြင်းမဟုတ်။ အုတ်စီးရိုးများကာရံထားကာ ဝင်းခြံထဲမှာ ပေါက်နေပြီး အသီးပြွတ်သည့် မာလကာကိုင်းတစ်ကိုင်းက ခြံပြင်ဖက်ကို ငိုက်ညွတ် ကျူးကျော်နေခြင်းပဲ ဖြစ်၏။

ထိုစဉ်မှာပင် အုတ်စီးရိုးခြံတံခါးမှာတပ်ထားသည့် သံပန်းတံခါးမှ လူဝင်ပေါက်တံခါးလေး ပွင့်လာပြီး ဘောင်းဘီတို ချပ်ချပ်ရပ်ရပ်လေးဝတ် ထားသည့် ဆံပင်တိုကပ်ကပ် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ ၏။ ထိုကောင်မလေးက သူတို့ကို တစ်ချက်မျှလှမ်းကြည့်ပြီး ဂရုမစိုက် သလိုနှင့် မာလကာပင်အောက်ခြေမှ မြေပြင်ကို လိုက်လံကြည့်ရှုနေ၏။ ကြည့်နေရာမှ သူ့လက်ထဲက မာလကာသီးကို ရှာဖွေတွေ့ရှိသွားကာ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီမှာ. . . အဲ့ဒီမာလကာသီးက မေရွေးထားတာ၊ ကြွေကျနေတာမဟုတ်ဘူးနော် ပြန်ပေး"

"ဟုတ်လား. . . တို့တွေ ဒီနားက ဆိုင်ကယ်(လ်)နဲ့အဖြတ်မှာ မာလကာသီးအကြွေနဲ့ဝင်ဆောင့်မိလို့ ဒီကောင် တော်တော်နာသွားတယ်၊ ဒီလိုမျိုးက အင်မတန်ဖြစ်ခဲပေမယ့် ခု တကယ်လာဖြစ်နေပြီလေ"

"ဟုတ်လား. . . မေကတော့ တမင်လုပ်တာမဟုတ်ဘူးနော်၊ နေပါအုံး၊ နဖူးတွေဘာတွေ ပေါက်သွားသေးလား၊ အိမ်မှာ ဆေးထည့်ပေးမယ်လေ"

သူ့နဖူးလို လက်နှင့်အုပ်ရင်း မချိပြုံးလေးပြုံးပြကာ . . .

"နေပါစေ. . . ဘာမှမဖြစ်တော့ပါဘူး၊ ကျွန်တော်တို့က ဘယ်ကောင် ခဲနဲ့ချောင်းထုတာလဲထင်ပြီး ဆင်းကြည့်တာပါ"

"အော်"

ကောင်မလေး၏အံ့သြမှုက ထိုမျှသာ။ ဥက္ကာက ကောင်မလေးကို မလွှတ်တမ်းကြည့်ရင်း . . .

"ဒီမှာ. . . မေ. . . မေ့ရဲ့မာလကာသီးလေး"

လှမ်းပေးလိုက်သောမာလကာသီးကို မေဟူသော နာမ်စားညွှန်းဖွဲ့သုံးတတ်သည့်ကောင်မလေးက လှမ်းယူပြီး သွားတက်ကလေးပေါ်အောင် ပြုံးပြလိုက်၏။ သူတို့ကြားမှာ ဘယ်လိုစကားကို ဆက်ဆိုရမှန်းမသိ ဖြစ်နေစဉ် . . .

"မေဖူး. . . အဲ့ဒါ ဘာလုပ်နေတာလဲ"

မာဆတ်ဆတ်စူးရှသော မိန်းမသံတစ်သံက ကန့်လန့်ပြေးဝင်လာ၏။ သူတို့အားလုံး၏အကြည့်တွေ အသံလာရာဆီကို တန်းခနဲရောက်သွား၏။

ခြံတံခါးဝမှရပ်နေသော တည်တင်းတင်းမျက်နှာပိုင်ရှင် အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းတွေ့လိုက်ရ၏။ အသက်အားဖြင့် သုံးဆယ်ဝန်းကျင်လောက်ရှိလိမ့်မည်ထင်သည်။ ခန္ဓာကိုယ်ကောက်ကြောင်းမှာ အကောင်းဆုံး အချိုးအစားစာရင်းဝင်၏။ မျက်ခုံးတွေ တွန့်ခေါက်ထား၏။

မျက်လုံးတွေ အရောင်တဖိတ်ဖိတ်တောက်နေ၏။

စင်းနေသောနှာတံလေးမှာ ပြေပြေကလေးပေါ်လွင်နေ၏။

နီထွေးသောနှုတ်ခမ်းတွေက ဖူးငုံနေရာမှ လှစ်ဟတော့မည့်အသွင်ကိုဆောင်နေ၏။

အင်္ဂါတစ်ခုခြင်း ခွဲခြားကြည့်လည်း ကြည့်ကောင်းနေသလို မျက်နှာတစ်ပြင်လုံးကို ချုံ၍ကြည့်လျှင်လည်း လှနေသောအမျိုးသမီး။ မဟာနဖူးထင်းထင်းကလေးပေါ်မှာ ဆံယဉ်ကလေးတွေမွှာချထားပြီး ကျောလည်တိုင်ရှည်သော ဆံကေသာတွေကို ဖါးလျဖြန့်ချထား၏။

အင်္ကျီလက်ပြတ်ဝတ်ထားသောကြောင့် ဆင်စွယ်ရောင်လက်မောင်းသားအလှနှင့် လည်တိုင်အလှတွေ ပို၍ထင်းကြွနေပြန်သည်။

"ဘာမှမလုပ်ပါဘူး မမ၊ မေ. . .မာလကာသီး လာကောက်တာပါ"

မေ့အသံကြောင့် မေ့မျက်နှာကို မသိမသာရှမ်းကြည့်လိုက်မှ မေမျက်နှာပျက်သွားတာကို မြင်လိုက်ရ၏။ မေ့အပေါ် ဩဇာညှောင်းဟန်ရှိမည့် အမျိုးသမီးထံ သူ့အကြည့်လွင့်ပျံစဉ် . . .

"ကောက်ပြီးရင် အမြန်ပြန်လာပါလား၊ ဘာရပ်လုပ်နေတာလဲ၊ သူတို့ကဘယ်သူတွေလဲ"

မေက ပြန်လျှောက်သွားပြီး အမျိုးသမီးအနားမှာ ရိုရိုကလေးရပ်လိုက်၏။

"ဟဲ့. . . မေးနေတယ်လေ"

အမျိုးသမီး၏ ခေါက်ဆတ်ဆတ်လေသံကြောင့် မေ ဖျော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ပုပြီး ပြန်ဖြေ၏။

"မေလဲမသိဘူး။ ဒါပေမဲ့ မေ့ မာလကာသီးက အဲ့ဒီဆိုင်ကယ်(လ်) စီးလာတဲ့ ဟိုအစ်ကိုကြီးကိုသွားမှန်တာ"

အမျိုးသမီး၏အကြည့်တွေ သူ့ထံ စူးရှစွာပျံဝဲလာ၏။ သူ့ အကြည့်ကို စွမ်းအားမြင့်ပြီး တန်ပြန်ရင်ဆိုင်ကြည့်လိုက်၏။

တစ်ဦးကိုတစ်ဦး နက်ရှိုင်းစွာ ထိုးဖေါက်စိုက်ကြည့်နေကြရာမှ အမျိုးသမီးက အရင်မျက်နှာလွှဲသွားပြီး . . .

"ဒါ မတော်တဆပဲ၊ ဘာလဲ အဲ့ဒါကိုအကြောင်းပြုပြီး အကြောင်း စ,ချင်လာတာတွေလား မေ"

ခြေလှမ်းခြောက်လှမ်းစာမျှသာကွာသည်မို့ အမျိုးသမီး၏စကား ကို ပီပီသသကြီးကြားလိုက်ရသဖြင့် သူနှင့်ဥက္ကာမှာ အောင့်သက်သက် ဖြစ်သွားရ၏။

"ဒါ. . . ဒါတော့. . ."

မေက ပြန်မဖြေတတ်သဖြင့် စကားထစ်ထစ်ဖြစ်နေ၏။ ဥက္ကာက အမျိုးသမီးအနားကို လှမ်းသွားပြီး . . .

"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော်တို့က အကျိုးအကြောင်း လာရှင်းကြည့်ကြတာပါ"

"ဘာအကျိုးအကြောင်းလဲ၊ ဘာအကျိုးအကြောင်းမှ မရှိဘူး၊ အခု မင်းတို့လုပ်သင့်တာက ကိုယ့်လမ်းကိုယ်ထွက်သွားဖို့ပဲ"

အမျိုးသမီး၏ဆက်ဆံရေးမှာ ရင့်လွန်းလာ၏။ သူက ဥက္ကာကို အရိပ်အခြေပြပြီး ပြန်သွားကြဖို့ညို၏။ မရ။ ဥက္ကာက ဒေါ်မောင်းလာ၏။

"ခင်ဗျားခြံထဲက အဖိုးမတန်တဲ့မာလကာသီးကြောင့် ကျွန်တော့် သူငယ်ချင်းရဲ့နဖူးမှာ ဘုထွက်သွားပြီ၊ မတော်တဆဆိုတိုင်း ခွင့်လွှတ်ရ မယ်ဆိုရင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဉက္ကာက ရုတ်တရက်ကြီး ချော်လဲမည့်ဟန်ပြုလျှက် အမျိုးသမီး လက်ကို ဖမ်းကိုင်ဆွဲရန်ပြုလိုက်၏။ အမျိုးသမီးလည်းလန့်ပြီး နောက် ဆုတ်သွား၏။

"တွေ့လား. . . မကိုင်ချင်လို့၊ ကိုင်ချင်ရင်ရတယ်၊ ရုတ်တရက် မတော်တဆချော်လဲလို့ ဖမ်းမိဖမ်းရာ ခင်ဗျားလက်ကို မတော်တဆကိုင် ဆွဲလိုက်တယ်၊ ခင်ဗျားကျေနပ်မလား"

"ဘာတွေလာကြောင်နေတာလဲ၊ ဒါ မင်း တမင်လုပ်တာပဲကွ"

"ခင်ဗျားလဲ တမင်စွတ်ပြောနေတာပဲမဟုတ်ဘူးလား"

"အံမယ်. . . ယောက်ျားဖြစ်ပြီး မိန်းမကို လာရန်တွေ့နေချင် သေးတယ်"

အမျိုးသမီး၏စကားအဆုံးမှာ သူ ကြားဖြတ်ဝင်လိုက်ရ၏။

"ဉက္ကာ. . . တော်ပြီကွာ. . . ပြန်ရအောင်"

ဉက္ကာလက်ကို သူဆွဲပြီးခေါ်ထွက်အလာမှာ အခဲကျေသေးဟန် မတူသော အမျိုးသမီးက . . .

"ဘယ်လိုကောင်တွေလဲ မသိဘူး"

သူ ချာခနဲလှည့်ပြီး . . .

"ကောင်တွေလို့မပြောနဲ့ဗျာ၊ ကျွန်တော်တို့ ဒီကအစ်မရဲ့ဆန္ဒ အတိုင်း ပြန်လှည့်နေပြီပဲ၊ ဒီလိုကြီးတော့ ထပ်ပြီးမရင့်သီးသင့်ပါဘူး"

"မင်းအဖေါ်ကကော ယဉ်ကျေးနေလို့လား"

"ဟုတ်ကဲ့. . . မမက ယဉ်ကျေးပါတယ်"

"ဘာမမလဲ၊ ထိကပါးရိကပါး လာမပြောနဲ့နော်"

အခြေအနေက ကြာလျှင် ပိုသာဆိုးပေတော့မည်။ ဉက္ကာက ချူးချူးရှဲရှဲဖြင့် နာမှုတ်နေ၏။ ကောင်မလေးက မာလကာသီးလေး လက် ထဲကိုင်ပွတ်နေရာမှ မျက်လုံးပြူးလေးနှင့် စိုက်ကြည့်နေ၏။ အမျိုးသမီးက

www.burmeseclassic.com



မာန်မာနတစ်ရွေးသားမျှ လျော့ချမည့်ဟန်မရှိ။ ခါးထောက်ပြီးပြန်ကြည့်နေသေး၏။

"ကျွန်တော် မလုပ်ရဲပါဘူး မမ"

"နင်. . . နင်. . ."

သူက ဥက္ကာကိုခွဲခေါ်ပြီး ဆိုင်ကယ်(လ်)ဆီ ပြန်လျှောက်လာခဲ့လိုက်၏။ နောက်မှာရပ်ကျန်ခဲ့သော အမျိုးသမီးထံမှ မကျေမနပ်သံတွေ ပျံ့ဝဲလိုက်ပါလာ၏။

"ကောင်စုတ်တွေ"

သူတို့နှစ်ယောက်စလုံး ဂရုစိုက်မနေတော့။ ဆိုင်ကယ်(လ်)ပေါ်တက်ထိုင်ပြီး စက်နှိုး၍ထွက်ခါနီးမှာ ဥက္ကာက . . .

"သွားပြီမမရေ"

သူက . . .

"ဒီလိုအော်ရတယ် ဥက္ကာရ"

"ဘယ်လိုလဲ"

"သွားပြီအချစ်ဆုံးကြီးရေ"

သူအော်ပြောလိုက်သံကြောင့် အမျိုးသမီးခမျာ အနာပေါ်တုတ်ကျသွားသလို ခံစားကျန်ရစ်ခဲ့မှာသေချာ၏။ သေချာအောင်လည်း ဥက္ကာက နောက်လှည့်ကြည့်ရင်းမှ ဝမ်းသာအားရပြောလာ၏။

"မင်းအော်လိုက်မှပဲ ဆွေ့ဆွေ့ကိုခုန်သွားတာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မင်းတို့လမ်းထဲလာရတာ ဒီနေ့အဖို့တော့ ပြဿဒါးမလွတ်သလိုပဲတိုးကိုရာ"

တိုးကိုတို့အိမ်၏လသာဆောင်လက်ရမ်းမှာ တက်ထိုင်လိုက်ပြီး ဥက္ကာပြောလိုက်ခြင်းပင်။ သူပြောပြထား၍ အကြောင်းသိထားပြီးသော တိုးကိုက . . .

"မင်းတို့နဲ့တွေ့လာတာ တကယ့်ဘုရင်မကြီးကွ၊ ဘယ်သူမှ 'ချက်' လုပ်လို့မရတဲ့ ဘုရင်မကြီး၊ (Queen) ကွင်းဆိုတဲ့အတိုင်း လှလဲလှတယ်၊ လန်လဲလန်တယ်၊ ဘယ်သူမှ အနားမကပ်ရဲလို့ ကွင်းကွင်းသွားကြတယ်လေ"

ဥက္ကာက . . .

"ငါကတော့ 'ကွင်း' ကိုသဘောမကျဘူး၊ မေဆိုတဲ့ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောကျတယ်၊ ဒါနဲ့ အခေါ်အပြောတွေ ညက်နေပြီကွာ၊ အဲ့ဒီ 'ကွင်း'ကြီးသာရောက်မလာရင် ယုံတယ်မဟုတ်လား"

တိုးကိုက အမြင်မကြည်ဟန်ဖြင့် . . .

"ဘာကိုယုံရမှာလဲ"

ဥက္ကာက . . .

"ငါ့အရည်အချင်းကိုလေကွာ"

"ထပ် . . . မင်းကပ်လို့ရမယ် ထင်သလားဥက္ကာ"

"လောလောဆယ်မကပ်နိုင်လို့ ရင်ဘတ်မကွာပဲ ပြန်လာခဲ့ရတာ လင်းဝေမိုးအသိပဲ"

သူ ငြိမ်ပြီးနားထောင်နေရာမှ . . .

"မင်းတို့ကို ငါပြောပြရင် အံ့သြသွားမလားပဲ"

"လာပြန်ပြီ တစ်ယောက်"

တိုးကိုက ဒရင်းဘတ်ပေါ်ဝင်ထိုင်ပြီး ပြောလိုက်ခြင်းပင်။

ဥက္ကာက . . .

"ဘာလဲကွ"

"ငါ အဲ့ဒီ'ကွင်း'ကြီးကို စိတ်ဝင်စားတယ်ကွာ"

တိုးကိုနှင့်ဥက္ကာတို့ အကြည့်ချင်းဆုံတိုက်သွား၏။ ပြီးလျှင် နှစ်ယောက်သား နဖူးရိုက်သူရိုက်၊ လက်ဖျားခါသူခါဖြင့် သူ့ကိုကြည့်ပြီး လှောင်ပြောင်ဟားတိုက်လေတော့၏။

"ဟော့ကောင်တွေ ဒါရယ်စရာလား၊ ရေမြင်းကြီးပါးစပ်ဖြဲကြီး ကန်စွန်းရွက်တောင်းသလို ရယ်မနေနဲ့"

တိုးကိုက ရယ်ရှိန်သပ်ပြီး . . .

"ဝင်စားနေတာလေးတွေ ပြန်ရုပ်သိမ်းလိုက်ပါ လင်းဝေမိုးရာ၊ ဒီလိုမှမဟုတ်ရင် မင်းရဲ့လာမဲ့နေ့စွဲတွေမှာ ပြဿဒါးချည့်ထပ်ကုန်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



ယ်"

"ပြဿဒါးမကလို့ နဂါးခေါင်းပဲလှည့်လှည့်ကွာ၊ ငါကတော့ အခွင့်အရေးရရင် ဝင်မှာပဲ"

"ဟာ. . . တယ်ပြင်းထန်နေပါလား၊ နဂါးခေါင်းက လှည့်ရုံမဟုတ်ဘူး။ မင်းတစ်ကိုယ်လုံးကို မျိုသွားနိုင်တယ်နော်၊ ငါက ကိုယ့်လူအနေဖက်ကနေပြောနေတာ၊ မင်းမယုံလို့ မင်းအသည်းနှလုံးတွေ သိပ်ခုန်နေချင်ရင်လဲ သဘော"

"သဘောဆိုရင်လဲ ငါမေးတာ၊ မင်းသိသလောက်ပြောပေးရမယ်"

"ဆို"

"အဲဒီမမနာမည်က ဘယ်သူလဲ"

"ခင်မာလာပွင့်ဖူး။ သူ့ညီမနာမည်က မေသန္တာပွင့်ဖူး"

"သူရဲ့ ဘိုင်အိုဂရပ်ဖီ"

"ဒါကတော့ အများကြီးငါမသိဘူး၊ သူတို့ပြောင်းလာတာ ခြောက်လလောက်ပဲရှိသေးတယ်၊ ပုသိမ်ကလို့ပြောတာပဲကွ၊ သူ့မိဘတွေက အရင်က ငါးဖမ်းစက်လှေတွေဘာတွေ အတော်ပိုင်ခဲ့ဖူးတယ်ဆိုလားပဲ၊ သူတို့အကြွားကို ပြန်ကြားရတာပြောတာနော်၊ သူတို့က ဒီမှာ ကျောင်းလာတက်နေကြတယ်၊ မေသန္တာက အီကိုတက်တယ်၊ သူ့အမကတော့ မဟာဝိဇ္ဇာဆက်တက်နေတယ်လို့ ပြောတာပဲ၊ တချို့ပြောတော့လဲ သူ့အမ ခင်မာလာပွင့်ဖူးက စာတမ်းပြုစုနေတယ်လို့ပြောတာပဲ"

"သူ့မိဘတွေပါ ပြောင်းလာကြတာလား"

"မဟုတ်ဘူး၊ အဘိုးကြီးအဘွားကြီးကတော့ ပုသိမ်တစ်လှည့်၊ ရန်ကုန်တစ်လှည့် နေကြတာပေါ့ကွာ၊ အခု ဒီကအိမ်က သူတို့ဝယ်ထားတာ၊ သူတို့ညီအစ်မနှစ်ယောက်နဲ့ အဖော်ရအောင် သူ့အဒေါ်တစ်ယောက်ပါ လာနေပေးတယ်လို့ ကြားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လမ်းထဲကကောင်တွေကော သွားစမ်းဖူးသေးလား"

"ဘယ်နေမလဲ၊ လန်ထွက်လာတာပဲ၊ တစ်ကောင်မှ ခေါင်းမဏာ နိုင်ဘူး၊ ဂစ်တာနဲ့မြှူးပြီး အိမ်ရှေ့မှာ ခပ်မှုးမှုးလေး အသည်းကွဲပြနေလို့ ရဲကလာဆွဲတာ တန်းလစ်ကုန်တာပဲ၊ ဂစ်တာသုံးလက်လောက် အဆုံးခံ လိုက်ရတယ်လေ"

"ခင်မာလာပွင့်ဖူးက လက်တို့လိုက်တာမဟုတ်လား တိုးကို"

ဥက္ကာ၏ကြားဖြတ်အမေး။

တိုးကိုက . . .

"သူပဲပေါ့၊ တကယ့်အော်လန်ကြီးပဲ၊ သူ့ကြောင့် မေလေးကို ငါ တိတ်တိတ်ကလေး ရင်ခုန်နေရတာလေးတွေ ပြန်ငုပ်သွားတယ်"

ဥက္ကာက လသာဆောင်ဝရန်တာမှ ခုန်ဆင်းလိုက်ပြီး . . .

"ဘာ. . . ဘာ. . . မင်းကလဲ မေလေးကိုရင်ခုန်ဖူးတယ်"

တိုးကိုက ဥက္ကာကို မျက်လုံးပြူးနှင့်ကြည့်ရင်း . . .

"ဒါလေးပြောတာနဲ့ ဘယ်လိုဖြစ်သွားတာလဲ၊ ရင်ခုန်ဖူးတော့ ဘာဖြစ်လဲ၊ အခုလဲ ပြန်ရင်ခုန်ချင်နေတာပဲ. . . ကဲ"

တိုးကိုစကားကြောင့် ဥက္ကာ ရှုံ့မဲ့သွားပြီး . . .

"ဒါဆိုရင်တော့ မင်းနဲ့ငါ ပညာပြိုင်ရလိမ့်မယ်"

"ဘာပညာလဲ၊ ဆယ့်နှစ်ကြိုးလား၊ မင်းလို ခေါင်းမှာဗွေနှစ်လုံး နဲ့ စုန်းမလင်ကတော့ ပညာတတ်မှာပေါ့"

"တိုးကြီး. . . မင်း ငါ့ကို ဖရီးကစ်တွေပေးမနေနဲ့၊ ငါ အတည် ပြောတာနော်၊ ငါက မေလေးဆို အသေရရအရှင်ရရပဲ. . . ယုံ"

"ဟိုက မင်းကို စာရင်းထဲတောင် တို့မိအုံးမှာမဟုတ်ဘူး၊ ဘာ တွေလာညှိနေတာလဲ"

သူက ထရယ်ပြီး နှစ်ဦးကြားမှာဝင်တားလိုက်၏။ တန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ဖြစ်နေကြသော တိုးကိုနှင့် ဥက္ကာမှာ တရုတ်သိုင်းကွက်တွေ ထဲဆွဲနေ၏။ သူက . . .

''ဘာမှလဲ ဟုတ်တာမဟုတ်ဘဲနဲ့ နားပူနားဆူမလုပ်ကြစမ်းပါနဲ့ကွာ၊ မင်းတို့လုပ်တာနဲ့ ငါ့ခေါင်းထဲမှာ စဉ်းစားတာလေးတွေတောင် ပျက်ကုန်ပြီ''

တိုးကိုက . . .

''အစကတည်းက ဖြစ်မှာမဟုတ်ဘူးလို့ ငါပြောပြီးပြီပဲ၊ မင်းဟာတွေပျက်လဲ ဘာမှမထူးတော့ဘူး''

ဥက္ကာက . . .

''ဟုတ်သားပဲ လင်းဝေမိုးရာ၊ မင်းဘာသာရှုးချင်လဲ ကွယ်ရာမှာသွားရှူးတော့၊ ငါ ဒီမှာ ဒီငတိနဲ့ရှင်းရအုံးမယ်၊ ဘေးကလဒတွေနဲ့မရှင်းရခင် ကိုယ့်ငတိကို ကိုယ်ရှင်းရမှာပဲ''

''မင်းစိန်ခေါ်လို့ ငါ တကယ်စိတ်ပါသွားပြီ ဥက္ကာ၊ တိုးကိုဆိုတဲ့ ငါက မေလေးနဲ့ တစ်လမ်းထဲနေတာပါကွ၊ မင်းကို မြို့နယ်ခြားပြီးသွားရလာရ ပိုးပန်းရမှာမဟုတ်ပါဘူး၊ မင်းထက်စာရင် မေလေးကို ငါ အများကြီးချောင်းနိုင်တယ်၊ အခြေအနေကောင်းလို့ကတော့ တန်းဝင်မှာ၊ ဒီကြားထဲ ကံကောင်းပြီး မေလေးက ကြည်လာပြီဆိုလို့ကတော့ မင်းကိုတောင် လက်ပြမနေဘူး၊ တန်းသရှုးမှာ''

''ဂျေးထဲကိုလား၊ ငရဲပြည်ကိုလား''

''နင့်ကြီးဒေါ်ကြီးဆီကိုလေ''

သူ နားပူစွာဖြင့် လက်ခါပြီး အိမ်အောက်ကိုဆင်းလာခဲ့၏။ တိုးကို မိဘတွေမရှိ။ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်နေကြသဖြင့် တိုးကို အိမ်စောင့်ကျနေခြင်းပင်။ စားအိမ်သောက်အိမ်မို့ စားဖိုဆောင်ထဲဝင်လာခဲ့လိုက်၏။ ရေခဲသေတ္တာလှပ်ကြည့်၏။ သစ်သီးစုံ၊ အချိုရည်များ၊ ကြက်



www.burmeseclassic.com

www.burmeseclassic.com



ဉနှင့် ဘီယာဗူးတွေ စင်ပေါ်မှာ အကန့်လိုက်အပြည့်။

ဆင်စွယ်ငှက်ပျောသီးနှစ်လုံး၊ ပန်းသီးတစ်လုံးနှင့် လိမ္မော်ရည်ဗူး တစ်ဗူးကိုထုတ်ယူပြီး စားပွဲမှာလာထိုင်လိုက်၏။

ငှက်ပျောသီးတစ်လုံး အခွံခွာစားပြီးစမှာပင် အိမ်ပေါ်မှပြေးဆင်းလာ ဉက္ကာနှင့်တိုးကိုတို့ ရောက်လာ၏။ လိုက်တမ်းပြေးတင်း ကစားနေကြဟန် ဖြင့် . . .

"လင်းဝေမိုး . . . တိုးကြီးကို ကြည့်ထိန်းအုံးကွ၊ ငါ့ဘာသာငါ မေလေးနဲ့ပတ်သက်တဲ့ ခံစားချက်တွေပြောနေတာကို ဒီကောင် တင်းလာ ပြီး လိုက်ဗျင်းနေတယ်"

"မင်းပြောချင်ရင် ငါနဲ့လွတ်အောင်ပြောပါလား"

တိုးကိုက ပြုံးဖြဲဖြဲနှင့် ပြန်အော်ပြောနေ၏။ ဉက္ကာက စားပွဲကို ပတ်ချာလည်လှည့်ပြီး တိုးကိုကို ရှောင်နေရာမှ စားပွဲပေါ်က ပန်းသီးကို လှမ်းဆွဲ၏။ သူက လက်နှင့်ရိုက်ထုတ်လိုက်၍ လှစ်ခနဲ ငှက်ပျောသီးကို ဆွဲယူသွား၏။

"မင်းတို့ ၄စ်ယောက်နဲ့လွတ်အောင် ငါ ဘယ်လိုနေရမလဲ၊ ကလေးတွေလဲမဟုတ်ဘူး၊ ဒီမှာ ခေါင်းကိုလည်နေပြီ"

နှစ်ယောက်သား ခုံတစ်ဖက်တစ်ချက်မှာ ဝင်ထိုင်ပြီး . . .

"လက်ဝါးဖောင်းနဲ့ပေးလိုက်လို့ ' 'ခနဲ အော်သွားမယ်"

ဉက္ကာက လေသိုင်းကိုပြန်စ၍ ဆက်၏။ တိုးကိုကလဲ ကီးတွေ ထဆွဲပြီး . . .

"ညာတံတောင်နဲ့ သန့်သန့်လေးပြန်ပြေးလိုက်မှာပေါ့၊ ဂျိုဖောင်း ကို အထုခံလိုက်ရလို့ 'ဘွတ်အဲ အော်သွားမယ် . . . ဟင်း"

သူက မတ်တပ်ရပ်ပြီး . . .

"လောလောဆယ်တော့ ငါ အရင်ပေးပြီး ပွဲသိမ်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးကိုကို ငှက်ပျောခွံနှင့်ပိတ်ပေါက်လိုက်ပြီး ဥက္ကာ နားထင်မွှေးကို လှမ်းဆွဲပွတ်လိုက်၏။ 'ဟာ' ခနဲအသံနှင့်အတူ ခံလိုက်ရသော နှစ်ယောက်စလုံးက လက်မြန်ခြေမြန်နှင့် သူ့နအုံကို ပြိုင်တူလိုလို ပြန်ပေးလိုက်ကြ၏။ သူ နားတစ်ဖက်အူသွားပြီး ကြယ်တွေလတွေ အတန်းလိုက်ထွက်သွား၏။

မမ ဘယ်သူလဲပင်မသိတော့။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နောက်တစ်နေ့ တိုးကိုထံမှ အပြန်လမ်းမတန်းပေါ် သူတို့ဆိုင်ကယ်(လ်)အရောက် . . .

"လင်းဝေမိုး . . . ဟိုမှာ . . . ဟိုမှာ . . . မင်းရဲ့ခံစားမှုကြီး"

နောက်မှာစီးလိုက်လာသောဥက္ကာက လက်ညှိုးထိုးပြ၏။

သူက . . .

"ဘယ်မှာလဲ"

"ပွိုင့်ဆိုတဲ့ ကဖေးထဲကို အဖော်တစ်ယောက်နဲ့ဝင်သွားတယ်"

သူက ဆိုင်ကယ်(လ်)ကို လမ်းဘေးထိုးရပ်လိုက်ပြီး ရှေ့ခပ်လှမ်းလှမ်းကို လှမ်းကြည့်လိုက်၏။ ကန်းထရီးစတိုင်(လ်) သစ်လုံးများနှင့် ဖွဲ့စပ်တည်ဆောက်ထားသော ဆိုင်လေးကို လှမ်းမြင်ရ၏။

အဝင်ဂိတ်ရှိ ပွိုင့်ဆိုသောစာတမ်းအောက်မှာ ဂျောင်းဘွိုင်အောင်းဦးထုပ်သုံးလုံး၊ သေနတ်အတုသုံးလက်နှင့် ကြိုးခွေသုံးခွေကို တန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသေး၏။

"သေချာရဲ့လား ဉက္ကာ"

"ဝင်ကြည့်ပါလား၊ မေလေးပါတာ မတွေ့ရဘူး"

"ငါ ဘယ်လိုဝင်ရင် ကောင်းမလဲ"

"ထပ်. . . ကဖေးထဲဝင်တာပဲ၊ ကြံဖန်ခေါင်းပွန်းခံနေတယ်"

"ငါ မမကို သေသေချာချာထပ်ကြည့်ချင်တယ်"

"အလဲ. . . မမတဲ့၊ တင်စားပြီး ခံစားရုံခံစားပေါ့ လင်းဝေမိုးရာ၊ ဘောင်ကျော်သွားလို့ကတော့ ဟိုက လက်ချည့်ပဲလွှတ်လိုက်လိမ့်မယ်"

သူ ပြုံးလိုက်ပြီး ဆိုင်ကယ်(လ်)ကို ဆိုင်ရှေ့နားရောက်အောင် မောင်းလာလိုက်စဉ် ဉက္ကာက . . .

"ဆိုင်ဝန်းထဲမှာ ယာဉ်ရပ်နားနေရာရှိတယ်"

သူ ဝင်းထဲအထိမောင်းဝင်လိုက်၏။ မမ ဘယကပြန်လာတာလဲ၊ အနီးအနားက အသိသူငယ်ချင်းအိမ်သွားရင်း အပြန်မှာ အဆာပြေ တစ်ခု ဝင်သောက်တာများလားဟု သူအတွေးလွန်ရင်း ဆိုင်ကယ်(လ်)ပေါ်မှ ဆင်းလိုက်၏။ ခေါင်းစွပ်ကိုချွတ်ပြီး လက်ကိုင်မှာ ချိတ်စဉ် သူ့အနား မှာ ဉက္ကာမရှိတော့။ ဉက္ကာ ဆိုင်ထဲသို့ သုတ်သုတ်ဝင်သွားတာ လှမ်းတွေ့ ၏။ သူ့အား ခပ်ကြောင်ကြောင်ဖြစ်နေစေရန် ထားခဲ့သော ဉက္ကာအား ကြိတ်ဆဲရင်း ဂျင်းပန်(လ်)ကို ခါးပတ်မှ မသိမသာဆွဲပြင့်လိုက်၏။ PO-LICE အောက်မျက်မှန်ကို ပြန်ပြင်တပ်လိုက်ပြီး ကေကိုသပ်ပြင်ကာ ဆိုင် ဖက်ကို မျှော်ကြည့်လိုက်၏။

ဝီဒီညိုရောင် ဖိုတိုဂရေးမှန်လုံခန်းမဆောင်ထဲမှာ စားသုံးသူတွေ ဘယ်ရွှေ့ဘယ်မှ ရှိနေနိုင်မလဲဆိုတာကို သူမသိ။ ဆိုင်ရှေ့ပေါက်မှမင်း။ ဆိုင်ဘေးပေါက်မှဝင်လာရခြင်းမို့ မှန်တံခါးကို ကိုယ့်ဘာသာ တွန်းဖွင့်ဝင် ရ၏။ အထဲမှာ လေးဝိုင်းလောက်သာလူရှိ၏။ တစ်ချို့ဝိုင်းနှင့် ဆိုင်လုလင်



www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့ကိုလှမ်းကြည့်ကြ၏။ သူကအတွင်းကို အကြည့်တရစ်ဝေ့ ပစ်လိုက်သောအခါ လမ်းမဖက်ကို မျက်နှာစာပြုထားသော (စည်းရိုးပုပု ကို ကျော်၍မြင်နိုင်သည့်) တောင်ဖက်ထောင့်စွန်းဝိုင်းမှာ ခင်မာလာပွင့်ဖူး နှင့် အဖေါ်တစ်ယောက်ကို လှမ်းတွေ့လိုက်ရ၏။

မျက်ဝန်းတွေလွင့်ပျံ့လာ၏။ သာမန်စူးစမ်းမှုသဘောမျိုးဖြင့် လှမ်း ကြည့်ပြီး အကြည့်လွှဲသွား၏။ သူက နီးရာစားပွဲမှာ ဝင်ထိုင်လိုက်စဉ် မျက်ဝန်းတွေ လွင့်ပျံ့ရောက်ရှိလာပြန်၏။ သာမန်စူးစမ်းမှုသဘော မဟုတ် တော့။ မျက်ခုံးတန်းလေး အနည်းငယ်တွန့်ခေါက်လျက်။ နှုတ်ခမ်းလေး အနည်းငယ်လှုပ်ရွသွားလျက်။ လှုပ်ရွသွားသော နှုတ်ခမ်းလေးက အဖေါ် ဖြစ်သူကို သူ့ထံ မသိမသာ အကြည့်တွေ ထပ်ဆင့်ဝဲပျံ့လာစေပြန်၏။ သူ့အနားကို ဆိုင်လုလင်လေးရောက်လာ၍ အာရုံပြတ်တောက်သွားကြ၏။ ထိုအခါကျမှ ဥက္ကာကိုသတိရ၏။ သတိရခြင်းမှာပင် ဥက္ကာ အနားရောက် လာ၏။

"ဝိတ်သွားလျော့တာကွာ၊ မင်း ဘာသောက်မှာလဲ"

"ငါမသောက်ချင်ဘူး၊ မင်း တစ်ခုခုမှာသောက်"

ဥက္ကာက ရေခဲစိမ်ကော်ဖီတစ်ခွက်နှင့် သစ်သီးစုံကိတ်တစ်ပွဲ မှာ လိုက်၏။ ဆိုင်လုလင်လေးပြန်ထွက်သွားသောအခါမှ . . .

"ဥက္ကာ. . . တွေ့ပြီးပြီလား"

"ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ သေချာမကြည့်မိဘူး၊ ဘယ်မှာလဲ"

"ဟိတ်ကောင်. . . မင်းခေါင်းကြီးကို ချက်ချင်းပြန်လှည့်"

"ဘာဖြစ်လို့လဲ"

"ဣန္ဒြေရှိရှိကြည့်ရတယ်. . . အကြည့်မရိုင်းရဘူး"

"မဟာရောဂါပဲ. . . ကဲ. . . ဘယ်လိုကြည့်ရမှာလဲ"

"ငါကြည့်လို့ပြောမှ မသိမသာလေးဝေ့ကြည့်။ မင်း ဘေးတို့ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာက မင်းနေရာကနေဆိုရင် လေးဆယ့်ငါးဒီဂရီလောက် လည်တိုင်လှည့်ပေးရမယ်၊ အကွာအဝေးက ဝိုင်းလေးဝိုင်းခြားမယ်၊ တောင်ဖက်ထောင့်ဆုံးက ဝိုင်း၊ မမနဲ့ သူ့အဖော်ရဲ့အနေအထားက တို့ဖက်ကို မျက်နှာမူထားတယ်''

''ဟူး. . .မင်းဟာကလည်း ဘုရင်မ မော်ဖူးရှသလိုပဲ၊ ဘာလဲကွာ''

''တိုးကိုပြောတာ မမှတ်မိဘူးလား၊ မမက ဘုရင်မပဲလေ''

''ဒါဆိုရင်လဲ ဘာနဲ့လှမ်းပြီး 'ချက်'လုပ်မှာလဲ''

''ဟော. . .မင်း အသာလေးဝဲပြီးကြည့်လိုက်''

ဉက္ကာက သူ့ကို တမင်ရွဲ့ပြီး သမင်လည်ပြန်ပုံစံမျိုး ဘယ်ဖက်ကြည့်လိုက်၊ ပြီးလျှင် ညာဖက်ပြန်ကြည့်လိုက်လုပ်နေ၏။ သူက လေသံဖြင့် ကြိတ်ဆဲရင်း . . .

''အဲ့ဒါ ဘာလုပ်တာလဲ၊ အရေးဆိုရင် ငကြောင်ငလျောင်စိတ်က ထလာပြီ''

ဉက္ကာက ပြုံးဖြဲဖြဲနှင့် ရယ်နေ၏။ ထိုစဉ်မှာပင် မှာကြားထားတာတွေ ရောက်လာ၏။ ခင်မာလာပွင့်ဖူးနှင့် အဖေါ်အမျိုးသမီးမှာ ယောင်လို့ပင် သူတို့ကို လှည့်မကြည့်တော့။ မနေ့က မကျေမလည်ဖြစ်ခဲ့သော သကောင့်သားနှစ်ယောက်မှန်း ခင်မာလာပွင့်ဖူး မှတ်မိသွားဟန်တူ၏။ ဉက္ကာလှည့်ကြည့်ပြီးကတည်းက မျက်မှောင်ဆွဲကာ အကြည့်ကိုလွှဲသွား၏။

ခင်မာလာပွင့်ဖူး၏မျက်နှာ တည်တည်နေရာမှ တင်းတင်းဖြစ်သွားတာကို သူလှမ်းကြည့်ပြီး . . .

''ဆိုင်ထဲမှာ မျက်မှန်မချွတ်တာ အကြောင်းရှိတယ်၊ အခုနင့်ငါ့မျက်နှာက သူတို့ဖက်လှည့်ထားပေမယ့် ငါ သူတို့ကို သေချာစိုက်ကြည့် မကြည့်ဆိုတာတော့ သူတို့သိမှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



အခြားဝိုင်းများမှာ သူတို့လူနှင့်သူတို့ ဝိုင်းဖွဲ့စကားပြောနေကြ၏။ နေ့ခင်းနှင့်ညနေခင်းအကူးမို့ နေရောင်ခြည်နုနုတွေ အခန်းတွင်းကို ထိုးဖောက်ရောက်ရှိနေ၏။ အဲယားကွန်းလွှတ်ထားသော အခန်းထဲမှာ သူ ကြာကြာနေလျှင် မူးချင်လာတတ်၏။

"ငါ ဘာဆက်လုပ်ရရင်ကောင်းမလဲ ဥက္ကာ"

"ဒွဲပြောလိုက်ပေါ့၊ ရှင်းသွားလိမ့်မယ်"

"မင်းကိုအားကိုးလည်းအလကားပဲ၊ ငါဘာသာငါစဉ်းစားမယ်"

သူ့စကားကြောင့် ဥက္ကာက တခြားဝိုင်းတွေ ဝေ့ကြည့်သလိုလိုနှင့် မမဘေးမှာပါလာသော အဖော်အမျိုးသမီးကို လှမ်းကြည့်လိုက်၏။ ပြီးလျှင် . . .

"လင်းဝေမိုး. . . မင်းခံစားမှုကြီးဘေးမှာပါလာတဲ့ ဒိန်းမက စိတ်ကောင်းရှိမဲ့ပုံမပေါ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဆံပင်ကကျဲကျဲနဲ့ မရှည်မတို၊ မျက်လုံးကပြူးချိုင့်ချိုင့်နဲ့ တရုတ်နဲ့ဂျပန် ဖက်စပ်ကျထားတဲ့ရုပ်မျိုးကွ၊ ခုန ငါလှမ်းကြည့်တာတောင် မျက်စောင်းတွေနဲ့ ပါးရွဲ့ပြသွားတယ်"

ဥက္ကာပြော၍ မျက်မှန်ထဲမှ သူလှမ်းကြည့်လိုက်၏။ ဥက္ကာပြောသလို အဖျက်တော့ပါလာလိမ့်မည်ဟု သူ တွေးမိ၏။ သူဘာလုပ်ရမလဲ။

ဤဆိုင်ကပြန်သွားပြီးသည့်နောက်မှာ မမအတွေးထဲ၌ သူ့အကြောင်း တစ်ခုခုကို စူးစူးစိုက်စိုက် ရောက်သွားစေချင်၏။

သူ အကြံတစ်ခုရ၏။ နည်းလမ်းရိုးဟောင်းသော်လည်း သူလိုချင်သော ကာရွေ့ရချဉ်းကပ်မှုကို ရုပ်လုံးပေါ်လာစေနိုင်စွမ်း အပြည့်ရှိ၏။

ထို့ကြောင့် ဆိုင်လုလင်လေးကိုခေါ်ကာ နှစ်ကိုယ်ကြားနားခေါ်ပါး၍ တပ်ပြောလိုက်၏။ ဆိုင်လုလင်လေး သဘောပေါက်သွားသောအခါမှ သူတို့



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ဝိုင်းဖိုးငွေကို ပိုပိုသာသာရှင်းပေးပြီး ဉက္ကာကို ပြန်ကြရန် မျက်ရိပ်ပြလိုက်၏။

"ဟော့ကောင်. . .ဘာလဲ. . .ပြောတော့ ဂေါ်ဖီလာဖမ်းမယ်၊ ကင်းကောင်ဖမ်းမယ်နဲ့၊ လက်တွေ့ကျတော့ ပုရွတ်ဆိတ်တောင် မဖမ်းနိုင်ပါလား"

သူ ဘာမှမပြောဘဲ ထိုင်ရာမှထပြီး လှည့်ထွက်လာခဲ့လိုက်၏။ မမတို့ဖက်ကို အကြည့်တစ်ချက်ပင် မဝေ့သက်ခဲ့။ နောက်ပါးမှာ မကြည်မလင်နှင့်လိုက်ပါလာသော ဉက္ကာက . . .

"မင်း ခုန ဆိုင်ကလူကို ဘာတွေပြောနေတာလဲ"

"အိပ်ချင်ယောင်ဆောင်နေတဲ့ကျားရဲ့အမြီးကို သွားဆွဲနိုင်းလိုက်တာမျိုးပါကွာ"

သူတို့ ဆိုင်ကယ်(လ်)ပေါ်တက်ပြီး မောင်းထွက်လာသည့်အထိ သူ့စကားကို ဉက္ကာ ငြိမ်ပြီး ပြန်လှန်စဉ်းစားနေ၏။ ဆိုင်ရှေ့မှ ဓါတ်တိုင်တစ်တိုင်စာလောက်အကွာအဝေးကို ရောက်သောအခါ သူ ဟာလီဒေးဗစ်ဆန်ကြီးကို ခေါင်းချိုးပြီး ပြန်ကွေ့လာလိုက်၏။

"ဘာတွေလဲ လင်းဝေမိုးရာ၊ စဉ်းစားလို့လဲမရဘူး၊ ဘာအရှုံးထပြီး ပြန်ကွေ့ရပြန်တာလဲကွ"

"မင်း. . .အသာလေးငြိမ်ပြီးစောင့်ကြည့်နေ ဉက္ကာ"

သူ့ဆိုင်ကယ်(လ်)ကို ဆိုင်ရှေ့နှင့် လေးငါးဆယ်လှမ်းအကွာမှာ ရပ်လိုက်၏။

သူက . . .

"မကြာခင်မှာ မမဖက်က စတင်ပြီးတုံ့ပြန်မှုရှိလာလိမ့်မယ်"

"ခုန မင်း စားပွဲထိုးကို ဘာသွားပြောခိုင်းလိုက်တာလဲ၊ ကလိတဲ့စကားတစ်ခွန်းခွန်းလား၊ ကလော်တဲ့စကားတစ်ခွန်းခွန်းလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းယမ်းခါပြပြီး ဆိုင်ကယ်(လ်)ပေါ်မှာပင် ခြေဖြား ထောက်ကာ စောင့်နေလိုက်၏။ ဥက္ကာလည်း ခြေနှစ်ဖက်ခွထောက်လျက်။

စီးကရက်နှစ်လိပ်စာလောက်အကြာတွင် ဆိုင်ထဲမှထွက်လာသော ခင်မာလာပွင့်ဖူးနှင့် အဖော်အမျိုးသမီးကို ဆိုင်စည်းရိုးအဝမှ ဘွားခနဲ တွေ့လိုက်ရ၏။

ပလက်ဖေါင်းပေါ်အရောက်မှာပင် သူတို့နှစ်ယောက်ကို လှမ်းမြင် သွားကြပြီး အမျိုးသမီးနှစ်ယောက်သား၏အမူအယာတွေ ပျာယာခတ် ကုန်၏။

အမျိုးသမီးနှစ်ယောက်မှာ အချင်းချင်း နှစ်စက္ကန့်မျှကြည့်လိုက် ပြီး စကားတိုတိုလေးပြောကာ သူ့ထံ အကြည့်ပြန်၍ ပြုံးတူလျှောက်လှမ်း လာကြ၏။ ဒေါနှင့်မောနှင့်လှမ်းလာခြင်းမျိုး။ အစိမ်းလိုက်ပင် ဝါးစားချင် သည့်မျက်နှာပေါက်မျိုးတွေနှင့်မို့ သူ အမြန်ပင် စက်အသင့်နှိုးထားသော ဆိုင်ကယ်(လ်)ကို မောင်းထွက်လိုက်၏။

အမျိုးသမီးနှစ်ယောက်လုံးက လမ်းမပေါ် ပြုံးတူဆင်းချလာပြီး ဟန်ပြဖမ်းထားဟန် ပိတ်ရပ်လိုက်ကြ၏။

"ဟော့. . . နေအုံး"

မမက အော်ဟစ်တား၏။ အသာလေးကွေ့ရှောင်ရင်း. . .

"တိုက်မိရင်သေနိုင်တယ်၊ လမ်းပေါ်မှာ ဘာပြဿနာရှာနေတာ လဲ"

"ဟဲ့ကောင်တွေ နင်တို့ကိုပြောစရာရှိလို့ဟဲ့"

မမ၏အဖော်အမျိုးသမီးက စလင်းဘတ်အိတ်နှင့် လှမ်းရိုက်ရန် ရွယ်ပြီး အော်ပြောလိုက်ခြင်းပင်။ ထိုအခိုက်အတန့်လေးမှာပင် ဥက္ကာ က. . .

"ပိန်လာကပ်မ. . . ဖက်စပ်မ. . . မျက်ပေတုံးမကလေးရေ့ တာ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်ဘိုင်. . . ချဲရီးယို. . . ဘဲချီးယို. . . ဘွတ်. . . ဘွတ်. . . ဘိုင်"

ဒေါ်ပွကျန်နေရစ်ခဲ့သော အမျိုးသမီးနှစ်ယောက်ကို တစ်လမ်းလုံး လက်ပြလာခဲ့ပြီး လမ်းမတန်းတစ်ခုကို ချိုးဝင်လာခဲ့လိုက်၏။ အမျိုးသမီး နှစ်ယောက်ကိုမမြင်ရတော့။ သူတို့ ဘယ်သို့ရှိနေမည်ကိုလဲ မသိရတော့။

"ဟော့ကောင် လင်းဝေမိုး၊ မင်းဝင်ဖြလို့သာ ငါလဲလိုက်ဖြရတယ်၊ ဘာမှန်းကိုမသိဘူး၊ ငါ့ကိုပြောပြကွာ၊ မင်းကို ခင်မာလာပွင့်ဖူး ဒီလောက် အထိ အားပါးတရတုံ့ပြန်လာတာ မင်း ဘယ်လိုသွားကလိလိုက်လို့လဲ"

"သူက မာန်တက်တယ်၊ မာနကြီးတယ်၊ အကြောအတင်မခံဘူး၊ အမျက်လွယ်တယ်"

"အေးလေ. . . ဒါကို ငါလဲရိပ်မိပြီးသားပဲ၊ ငါမေးတာက ခင်မာ လာပွင့်ဖူး ဒီလို ဒေါ်ပေါက်သွားအောင် ဆိုင်ကလူကို မင်းက ဘာသွား ပြောခိုင်းလိုက်လို့လဲ"

ရှေ့လေတိုးနေသဖြင့် လေသံမြှင့်၍ပြောနေရသော ဥက္ကာစကား ကို သူ ပြုံး၍နားထောင်ပြီး သက်သက်သာသာလေးပဲ ပြန်ပြောလိုက်၏။

"တို့ဗိုင်းအတွက် ငွေရှင်းတုန်းက သူတို့ဗိုင်းအတွက်ပါ ငါ ကြို ပြီး ပေါင်းရှင်းပေးခဲ့လိုက်လို့ပေါ့ကွာ"

ဥက္ကာက သူ့ခါးကို လက်သီးနှင့်ဖွဖွပိတ်ထိုးရင်း . . .

"ပိုင်တယ်ကွာ" ဟုကောင်းချီးပေး၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အိမ်ကတော့ ဖိအားတွေ အပြတ်ပေးနေပြီ"

သူ့စကားကြောင့် တိုးကိုကလှမ်းကြည့်၏။ ဉက္ကာက ဘတ်စကတ်ဘောလုံးကို ပိုက်ပွင်းထဲလှမ်းပစ်ထည့်လိုက်၏။ ဝင်သွားပြီး ပိုက်ပေါက်ထဲမှ ဘောလုံးပြန်ကျလာသည်။ ကွင်းစပ်ရှိထိုင်ခုံမှာ ဘတ်စကတ်ဘောဝတ်စုံမဝတ်ရသေးသော တိုးကိုက လုံချည်ကို ချက်ပြုတ်ပြင်ဝတ်လိုက်ရင်းမှ . . .

"ဘာလဲကွ"

"အလုပ်ကို အတည်တကျလုပ်ဖို့ပေါ့"

"မင်းအဖေအလုပ်ကို ကူလုပ်ပေးရမှာလား"

"ဟုတ်တယ် . . . ငါ့အဖေကိုယ်ပိုင်ထိုင်နေတဲ့ ကားအပိုပစ္စည်းနဲ့ အင်ဂျင်အရောင်းဆိုင်မှာ ထိုင်ရမှာ"

"မင်းက မလုပ်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာမပါဘူး၊ ငါလုပ်ချင်တာကသင်္ဘောလိုင်းကွ၊ တကယ်လုပ်ခွင့်ရမယ်ဆို တစ်ဆင့်ပြီးတစ်ဆင့် ကူညီပံ့ပိုးမဲ့ အသိမိတ်ဆွေတွေတစ်ပုံကြီးပဲ၊ ခက်တာက အိမ်က ရေလမ်းခရီးကို စိတ်မချလို့ လုံးလုံးကန့်ကွက်နေတယ်"

"ရေထဲမှာ လနဲ့ချီပြီးနေရမှာ၊ ဆိပ်ကမ်းကပ်တုံး ကုန်းပေါ်တက်၊ ပြီးရင် သင်္ဘောပြန်ထွက်၊ ဒီလိုနဲ့ နှစ်နဲ့ချီပြီးသင်္ဘောပေါ်မှာပဲလည်နေရမှာ၊ မင်းနဲ့ဖြစ်ပါ့မလား လင်းဝေမိုးရာ"

"ဘာလို့မဖြစ်ရမှာလဲ၊ နိုင်ငံစုံရောက်ဖူးတယ်၊ ဗဟုသုတအများကြီးရတယ်၊ ပိုက်ဆံရတဲ့ ကမ္ဘာပတ်နည်းတစ်မျိုးကွ"

ထိုစဉ်မှာပင် ဘတ်စကတ်ဘောကို တစ်ယောက်ထဲကစားနေရာမှ ဉက္ကာရောက်လာ၏။ ရောက်ရောက်ခြင်းပင် . . .

"မင်းတို့ဘတ်စကတ်ဘောက ဒီနှစ်ထဲမှာကော ကစားရဦးမှာလား၊ နေတောင်အတော်ညှိုးနေပြီ၊ ကစားမဲ့ ဖိုးရစ်တို့ ငကျောင်တို့အဖွဲ့တွေ ရောက်မလာသေးပါလား"

တိုးကိုက ကွင်းပြင်ကိုလှမ်းကြည့်ရင်း . . .

"လာမယ်လို့ အသေအချာပြောထားတာပဲ၊ ဒီငတ,တွေ ဒီနေ့မှ ဘယ်မှာမိတ်ကျနေသလဲ မသိဘူး၊ လာတော့လာမှာပေါ့ကွာ၊ ဒီမှာ ငဝေညစ်နေတာကို လာကူဖြေပေးစမ်းပါအုံး"

"ဘာလဲ . . . ဟိုတစ်နေ့က ခံစားမှုကြီးပေါက်ကွဲသွားလို့ အပိုင်းအစတွေ လာမှန်ထားတဲ့ဒဏ်ရာဒဏ်ချက်တွေလား"

သူက . . .

"လေနှမြောလို့မပြောနဲ့ ငတိုး"

ဉက္ကာက သူ့ကို ဘောလုံးနှင့်လှမ်းပေါက်၏။ သူကဖမ်းပြီး လက်တစ်ဖက်စာ အကွာအဝေးရှိသော ဘတ်စကတ်ဘောကွင်းထဲကို လှမ်းပစ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်၏။ ကံအားလျော်စွာပင် ဝင်သွား၏။ သူနှင့်တိုးကိုတို့ ထပြီး လက်ခုပ်တီးလိုက်မိကြ၏။ ဉက္ကာကလည်း ချီးကျူး၏။

"သောက်ပေါ်နှစ်ကောင် မြူးနေပါတယ်၊ အဝေးကဆုချတဲ့အနေနဲ့ ခဲမိုးရွာပေးကြပါ"

တိုးကိုတို့အိမ်ဘေးနားရှိ ယာယီပေါက်လုပ်ထားသော ဘတ်စကတ်ဘောကွင်းမို့ ကွင်းရှေ့လမ်းမှ ဖြတ်သွားဖြတ်လာလူတွေ ရှိတတ်၏။ သူတို့ ဆူနေ၍ ဖြတ်သွားဖြတ်လာသူတစ်ချို့က လှည့်ကြည့်သွားကြ၏။

သူနှင့်တိုးကိုက ဉက္ကာကို နှစ်ဖက်ညှပ်ပြီး နဘမ်ပေးပစ်လိုက်၏။ ဉက္ကာက တမင်တကာ ချာလည်လှည့်ပြီးမူးပြနေရာမှ မျက်လုံးပြူးကြီးနှင့် ရပ်သွား၏။ လမ်းသွယ်ဖက်ကိုကြည့်၍ ပြူးနေသဖြင့် သူနှင့်တိုးကိုတို့ လမ်းပေါ်လှမ်းကြည့်လိုက်၏။

မေလေး။ လက်ထဲမှာနှင်းဆီပွင့်တွေနှင့်။ တစ်ယောက်တည်း ဖြတ်လျှောက်သွားရင်း သူတို့ကိုလှမ်းကြည့်၍ (မှတ်မိနေ၍လားမသိ) ပြုံးကြည့်ကြည့်သွား၏။

ဂါဝန်ကြီးဝတ်ပြီး နှင်းဆီပွင့်တွေပွေ့ဖက်ထားသော မေလေးမှာ ခြေတစ်လှမ်းကို ခုံထူခွာမြင့်ဖိနပ်ကြီးပေါ်မှ ချော်မကျသွားအောင် သတိနှင့် လှမ်းနေ၏။

"ငါသွားမယ် ဉက္ကာ၊ ဒါ နှင်းဆီခြံကပြန်လာတာဖြစ်ရမယ်၊ တစ်ယောက်တည်း ပန်းလာလာဝယ်တတ်တယ်"

"ဟေ့ကောင်တိုးကို၊ မင်း ဒီလိုတော့မလုပ်နဲ့လေကွာ၊ ငါက ညီ့သည်၊ ငါစိတ်ဝင်စားမှ မင်းလိုက်ပြီးစိတ်ဝင်စားတာ မမိုက်ဘူး၊ မင်း လျှိုပေးလိုက်ကွာ၊ ငါလိုက်မယ်"

သူက . . .

"မင်းတို့နှစ်ယောက် အကြိုက်တူနေရင်လဲ မဲနှိုက်ပြီးလိုက်ကွာ"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဉက္ကာ၊ တို့ငယ်ငယ်ကလို ကျားဘိုဆွဲမလား။မဲက အလုပ်ရှုပ်တယ်"

"ဖြစ်တယ်လေ. . . ကဲ. . . ဆွဲမယ်"

ဉက္ကာနှင့်တိုးကိုတို့ ဆိုင်ရပ်လိုက်သည်နှင့် ဉက္ကာက . . .

"ကျား"

"ကျား"

နှစ်ယောက်စလုံးတူနေ၏။ တစ်ခါပြန်ဆွဲ၏။

နှစ်ယောက်စလုံး ဗိုလ်အဖြစ် ခါးထောက်လျှက်။ တစ်ခါ အမြန်ပြန်ဆွဲပြန်၏။

ယခုအခါ တိုးကိုက ကျားခနဲခုန်အုပ်ဟန်ပြုပြလိုက်၏။ ဉက္ကာက လက်နှစ်ဖက်အပေါ်မြှောက်နေသော တိုးကိုအလစ်မှာ တိုးကိုလုံချည်ချက်ပြုတ်ကို ဆွဲချွတ်ချလိုက်၏။ ပြီးလျှင် လမ်းသွယ်ပေါ် ပြေးသွား၏။

"ဟော့ကောင် ဉက္ကာ. . . မင်း. . . မင်း. . ."

အောက်ခံဘောင်းဘီအပွကြီးပါ၍ တော်သေး၏။ ကွင်းလုံးပုံသွားသော လုံချည်ကို တိုးကို ကုန်းကောက်ရင်း ဘာသာမျိုးစုံနှင့် ဉက္ကာကို ကြိတ်ဆဲနေ၏။

ဉက္ကာက ကျားကိုမဆွဲပဲ အလစ်မှာ ပညာပေးသွားခြင်း ဖြစ်၏။ မေလေးနောက်သို့ ဉက္ကာလိုက်နေချိန်မှာ တိုးကို လိုက်မနှောင့်ယှက်အောင်သူ ဖမ်းဆွဲတားထားရ၏။

"လင်းဝေမိုး. . . လွှတ်ကွာက၊ ဒီကောင် ညစ်၊ ကလိပ်ကကျစ်ရဲ့အဘ၊ ရှက်လိုက်တာကွာ၊ ငါ ခုန ပုဆိုးကျွတ်ကျတုန်းက ကောင်မလေးလှည့်ကြည့်တာနဲ့ တိုးသွားသေးလား"

"တွေ့တော့ဘာဖြစ်လဲ၊ ကြော်ငြာပြီးသားဖြစ်တာပေါ့"

"နှင့်မေကလွီး. . . ငါ့သောက်ရှက်တော့ ကွဲရုံမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ထွက်ကုန်ပါပြီ၊ ဒါ ကြော်ငြာစရာလား ငဝေရဲ့"

"အေးလေ. . . လုံချည်နဲ့ ဘောင်းဘီကြော်ငြာရိုက်ဖို့ တိုးကြီး လေ့ကျင့်နေတယ်ပေါ့. . . ဒါပေါ့"

"မင်းဘိုးအေကြီး လေ့ကျင့်ပါလား၊ မင်းလုပ်တာနဲ့ ခုလောက် ဆို သံလိုက်စက်ကွင်းထဲ ဥက္ကာ ရောက်သွားလောက်ပြီ၊ ဒီကောင့်သောက် ကျင့်က ဒီလိုပဲ၊ ကျောင်းတုန်းကလဲ မင်းအသိဆုံး၊ ငါ ပင်ပင်ပန်းပန်း ရွေးထားတဲ့ကောင်မလေးကိုမှ ဒီကောင် အတင်းလုကြိုက်တယ်၊ အပြိုင် ဖြစ်ကုန်တော့ ကောင်မလေးလဲ အရူးကုန်တာပေါ့၊ နောက်တော့ ရတာလဲ မဟုတ်ဘူး၊ အရူးနေတဲ့ကောင်မလေးက ခပ်ဒူဒူငနဲနဲ့ ပါသွားရော၊ ခုလဲ ကြည့်လေ၊ သရဲမရဲစီးနေသလို ယောက်ျားစျေးပျက်လိုက်တာကွာ. . . ဟင်း"

"အံမယ်. . . အတူတူပါပဲငတိုးရာ၊ မင်းလဲ ကျားဘိုဆွဲလို့နိုင်ရင် လိုက်မှာပဲမဟုတ်လား"

"ဒါ တရားမျှတာပဲကွ၊ အမှန်အကန်လိုက်မှာပေါ့"

"လွှတ်ပေးလိုက်စမ်းပါ ငတိုးရာ၊ မေလေး ဘာလဲဆိုတာ ဥက္ကာ သိသွားလိမ့်မယ်၊ မေလေးကလက်မခံရင် ဒီကောင် လည့်လိမ်ပြီးပြန်လာ မှာပါ၊ အတွေ့အကြုံတွေ မင်းပြန်ကြားရတာပေါ့၊ အဲ့ဒီတော့မှ မင်း အထာ နပ်နပ်နဲ့ အကင်းပါးပါးဝင်တော့၊ ဟုတ်တယ်မဟုတ်လား ငါပြောတာ"

"အချစ်ရေးမှာ ဒုတိယလူဟာ ပထမလူလောက် အခွင့်အရေး မသာဘူးကွ"

"ဘာလဲ. . . မေလေးက လက်ခံအုံးမှဖြစ်တာကို၊ ဒီမှာ ငတိုး လျှောက်တွေးပြီးပူမနေနဲ့၊ မေလေးနှလုံးသားထဲမှာ တိုးကိုဆိုတာရှိနေရင် ဥက္ကာဘယ်လိုဝင်ဝင် ကြွေစဉ်နဲ့ပြန်လာမှာပဲ၊ ယုံတယ်ဟုတ်"

"ခုချိန်မှာ ရေခဲကိုမီးလောင်နေသလိုပဲ၊ ဘာမှမသိဘူးကွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောထားပြောထား၊ မင်းခံစားမှုကြီးနဲ့ အရည်ပျော်အိကျပျော့ပြပြီး မင်းပြန်လာမှ မင်းထက်လှပတဲ့ နှစ်သိမ့်မှုစကားလုံးလေးတွေ ငါ အဆင်သင့်စုဆောင်းထားမယ်''

''ငါကတော့ မင်းတို့နှစ်ယောက်လုံးကို ဖြစ်စေချင်တဲ့ဆန္ဒနဲ့ ပြောနေတာပါ၊ မင်းတို့ဖြစ်သွားရင် ငါ့အတွက် အထောက်အကူရသွားတာပေါ့. . . အဟဲ''

''ကိုယ့်အတွေးနဲ့ကိုယ်ရှူးပြီး တဟဲဟဲနဲ့ ဖြဲနေ၊ မင်းတို့နှစ်ယောက်စလုံး မကြာခင် ပြိုင်တူကွဲလာမှာ ငါမြင်ယောင်နေတယ်၊ အဟား. . . အဲဒီ အခါကျမှ ညီအစ်မနှစ်ယောက်လုံးကို ငါကိုယ်တော်မြတ် သိမ်းပိုက်တော်မူမယ်''

သူနှင့်တိုးကိုတို့ အချီအချနှင့် အချေအတင်စကားတွေ ဆက်ပြောနေကြစဉ် အရှုံးဘုံပျောက်သလိုခုန်ပေါက်ပြီး ဥက္ကာ ပြန်လည်ရောက်ရှိလာ၏။ တိုးကိုက လိုက်ပတ်ကန်နေ၍ ဥက္ကာ ကွင်းပတ်ပြေးနေရပြန်၏။ အတန်ကြာမှ နှစ်ယောက်သားမောပြီး ခြေပစ်လက်ပစ်ထိုင်နားကာ လျှာထွက်ပြီးလေရှူနေကြရ၏။

''ကောင်းတယ်. . . ခွန်အားကို အလဟဿဖြုန်းတီးချင်ကြတဲ့ကောင်တွေ၊ ဆက်ပြီးပြေးကြလိုက်ကြအုံးလေ၊ ဘယ်လိုလဲ''

''မောရတဲ့. . . အထဲ. . . ကွာ. . . မင်း. . . ငတိုးကို. . . ကြည့်ထိမ်းအုံး''

ငတိုးက . . .

''မင်း. . . မင်းကို. . . မေလေး. . . မေလေး. . . ဘာပြန်ပြောလိုက်သလဲ''

''ချစ်တယ်တဲ့''

တိုးကို ကြိတ်ဆဲနေပြန်၏။ ဥက္ကာက လျှာတစ်လစ်နှင့်ပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



ရှင်း. . .

"အခြေအနေ. . .ကတော့. . .အိုကေပဲ"

သူက . . .

"မင်းက ဘာတွေသွားပြောတာလဲ"

"နေကောင်းလားလို့"

"သေကွာ"

"မသေနဲ့. . .မေလေး. . .မေလေးက. . .ပြန်ပြောတယ်၊ နေကောင်းတယ်တဲ့၊ ရှင်. . .ဟို. . .ဟိုတစ်နေ့ကလူလားတဲ့"

"အဲဒီတော့. . ."

"ဟုတ်တယ်လို့၊ ဘယ်ကပြန်လာလဲ၊ ဘာညာကွိကွဖေါခြွေပေါ့ကွာ၊ နောက်ဆုံး. . .ခင်ချင်တယ်၊ ဘယ်လိုဘယ်ဝါပေါ့"

"အဲ့ဒီလိုပြောတော့ မေလေးက ဘာပြန်ပြောလဲ"

"ရပါတယ်တဲ့၊ ခင်တတ်ပါတယ်တဲ့"

"နောက်တော့ကော"

"သူ့အိမ်နားရောက်နေလို့ ဆန့်ပြုတ်လိုက်ရတယ်"

"မမကိုကော မတွေ့ဘူးလား"

"တွေ့မလား၊ ဒီအချိန်ဆို မင်းရဲ့မမကြီး အိမ်ထဲအောင်းပြီး ဒိမ်ခံနည်းတစ်နည်းနည်းနဲ့ ကောင်းနေလောက်ပြီပေါ့"

ထိုစဉ်မှာပင် တိုးကိုက ထ,လာပြီး ဥက္ကာကို နဘမ်ရုပ်တီး၍ အနားမှာဝင်ထိုင်၏။ ဥက္ကာက သွားဖြဲလေးနှင့် မျက်နှာချိုသွေးရင်း . . .

"မင်းစိတ်ကူးတွေ စွန့်လွှတ်လိုက်တော့ငတိုး၊ အဲ့ဒီအထဲမှာ မင်းရင်ခုန်သံတွေပါ အဆစ်ထည့်ပေးလိုက်ပါကွာ"

"ထပ်. . .မင်း ဒီလောက်လေးဖြစ်လာတာကို လာဂုဏ်ယူမနေနဲ့ ဥက္ကာ၊ မေလေးက သူ့ခြေဖမိုးပေါ် ယင်ကောင်လာနားတယ်ပဲ အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ထွီ. . . ပြောတာကိုက အေးပါ ငါက မင်းပြောသလို နားလို့ သူသိတော့သိသွားမှာပဲ၊ မင်းကကော မေလေးတင်ပါးပေါ် ယင်နားသလို မျိုးဖြစ်ရမဲ့ကောင်ပဲ၊ မေလေးက သိမှာတောင်မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ဂါဝန်ကြီးခံနေလို့"

နှစ်ကောင်သား ထဖြစ်ကြပြန်၏။ ကြည့်စယ်ဟန်ဖြင့် ဖြစ်ကြ ခြင်းမို့ အကြည်စားသန်က ရန်များမှာစိုးသည့်အတွက် သူ ကြားဝင်ပြီး ကွယ်ကာ တားလိုက်ရ၏။ သူက . . .

"တော်ပြီ. . . အဆော့ကြမ်းလာရင်အကောင်းဘူး၊ မင်းတို့ စကား တွေက ဘေးလူကြားရင် သိက္ခာပဲ့တယ်၊ ဒါပဲ. . . အဖေမတည့်ရင် ဒိုင်စား မှာနော်"

တိုးကိုက . . .

"အဝေတည့်ရင်ကော ဒိုင်လျှော်မှာလား၊ မမကြီးကိုလေ"

"မလုပ်ပါနဲ့ကွာ၊ ဒါလေးတော့ချမ်းသာပေးပါ"

သူတို့သုံးယောက်လုံး အခြေအတင်ပြော၍ ရှင်နေကြစဉ် လမ်း သွယ်လေးပေါ်မှာ ဘယ်အချိန်ကရောက်လာပြီး ခါးထောက်ရပ်ကြည့်နေ သည်မသိသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရ၏။

မမ

ခင်မာလာပွင့်ဖူး

ခံစားမှုကြီး

မမ၏ဘေးမှာ တွဲလျှက်ပါလာသော မေလေး။

သူ့လိုပင် လိုက်ကြည့်လာသော တိုးကိုနှင့်ဥက္ကာမှာလည်း အံ့ သြ မှင်သက်ကာ (ဆူညံသံတွေ) တိတ်ထွက်သွား၏။

ကျန်နှစ်ယောက်ဖြင့် မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာတော့ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို 'ရှဲခနဲ' မြည်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မမက သူ့ကို လက်ညှိုးတည့်တည့်ထိုးရင်း လက်ယပ်ခေါ်၏။

သူက သူ့ကိုယ်သူ လက်မနှင့်ပြန်ထိုးပြရင်း မေးထိုးမေးလိုက်၏။

မမ ခေါင်းညိတ်ပြ၏။

သူ ပခုံးတစ်ဖက်ထဲတွန့်ပြီး လှမ်းလျှောက်လိုက်၏။ သွားခါနီး ကပ်မှာလိုက်သော သကောင့်သားနှစ်ယောက်အသံက နားထဲကပ်ပါလာ၏။

''ဘုရားစာရွတ်သွား''

''ပါးဖြုတ်ထားခဲ့ပါလား လင်းဝေမိုး''

သူ လှည့်ဆဲချင်သော်လည်း မလှည့်ရဲ။ မမရှိရာကို ခြသေ့်ခြေလှမ်းမျိုးနှင့် လျှောက်သွားလိုက်၏။ မမက ခြသေ့်ကိုချုပ်ကိုင်နိုင်သည့် ကေရီတစ်ပါးအလား ခေါင်းမော့ရင်ကော့ထား၏။ မေလေးမှာ အရှိ



www.burmeseclassic.com

www.burmeseclassic.com



လေးလိုသာ သူတို့လှုပ်ရှားသက်ဝင်မှုကို လိုက်ကြည့်နေ၏။

မမနှင့် လက်တစ်ကမ်းအကွာမှာ သူရပ်လိုက်၏။

မမ၏စွဲမက်ဖွယ်ကောင်းသော ကိုယ်သင်းရနံ့ကိုရ၏။

မမ၏ ယစ်မူးဖွယ်ကောင်းသောအလှထဲမှာ တဒင်္ဂ မေ့မောသွား၏။

မမ၏ ညှို့ထားသောမျက်ဝန်းတစ်စုံက သူ့ရင်ခုန်သံကို စေစားထိန်းချုပ်ထားသလိုလို။

"ဒီမှာ"

မမလှမ်းခေါ်လိုက်သံကြောင့် သူ ဆတ်ခနဲလန့်သွားပြီး လက်ရှိအခြေအနေကို ဝင်စားမိလိုက်၏။ တည်တည်တင်းထားသော မမ၏ မျက်နှာမှာ မကျေမနပ်အရိပ်တွေ စိမ့်ထွက်ဖြာဝေနေ၏။

"မင်း ဘာသဘောနဲ့ တို့စားတဲ့ဝိုင်းကို ရှင်းသွားတာလဲ၊ မင်းနဲ့ တို့ကသိလို့လား၊ တစ်ခါက ဘုဘောက်ကျထားတာမမှတ်သေးလို့ တမင်သွေးတိုးစမ်းတဲ့အနေနဲ့ လာဒုက္ခပေးကြောင်ရိုက်ပြီး ဝင်ရောတာလား"

"မမထင်တာတွေ များလွန်းနေတယ်၊ ကျွန်တော် စေတနာနဲ့ ရှင်းပေးခဲ့တာပါ၊ ကျွန်တော့်ဖက်ကတော့ဒါပဲ၊ ကျွန်တော်ကောင်းတာလုပ်ခဲ့တာကို မမ ဘာလို့ ဒီလောက်အထိ ဒေါသကြီးနေရတာလဲ"

"ကြီးရမှာပဲ၊ မင်းဆိုင်ကယ်(လ်)နဲ့ ဝင်တိုက်မလိုတောင်လုပ်သွားသေးတယ်၊ ပါးစပ်ကလဲ ဒေါက်ကရတွေအော်သွားတယ်၊ ဒါ စော်ကားတာမဟုတ်လို့ ဘာလဲ"

"အဲ့ဒီအတွက်တော့ တောင်းပန်ပါတယ်၊ ကျွန်တော် အဲ့ဒီနေ့က မမ ဘယ်လိုတုံ့ပြန်လာမလဲလို့ စောင့်ကြည့်နေတာ၊ မမက ဒေါသတွေကြီးလာတော့ ကျွန်တော်လဲ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ဖြစ်စဉ်တွေကမောက်ကမဖြစ်ကုန်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သကြီးအောင် မင်းလုပ်တာပဲ၊ မင်းနဲ့တို့ ဘာဆိုင်လို့ဝင်ရှင်းသွားတာလဲ၊ ဘေးလူတွေ ထင်ယောင်ထင်မှား အဖြစ်မခံနိုင်ဘူး၊ မင်းနဲ့တို့က တစိမ်းတွေ၊ ပြီးတော့ မင်းတို့က ငွေပင်ပွေလေးတွေ၊ ဘာမဟုတ်တာလေးတွေတောင် အကြောင်းပြုပြီး . . .

"တော်ပါတော့မမ၊ ကျွန်တော်တို့ဟာ မိကောင်းဖခင်သားသမီးတွေပါ၊ အဲ့လောက်ကြီးတော့ မပြောပါနဲ့"

"ဒါမျိုးပြောတာ နာတတ်သလား"

"နာတယ်"

"နာရင် နောက် ဒီလိုအကြောင်းရှိက်တာမျိုး၊ မသိဘဲနဲ့ အတင်းရောတာမျိုး ထပ်မလုပ်နဲ့ပေါ့ကွာ"

သူ့ရင်ထဲမှာ ဖျစ်ဖျစ်မည်ချင်လာ၏။ သို့ပြား . . .

"မမနဲ့ကျွန်တော်နဲ့က သူစိမ်းတွေမဟုတ်ပါဘူး"

"အိုး. . . ဘယ်တုန်းက သိခဲ့ကြဖူးလို့လဲ"

"အရင်ဘဝကလေ၊ ရေစက်ရှိလို့ လာတွေ့တာပေါ့"

"တို့ကတော့ ရေစက်မထင်ဘူး၊ အနှောင့်အယှက်လို့ပဲထင်တယ်၊ ဒါကြောင့် . . ."

မမက စကားကိုရပ်ပြီး လက်ကိုင်ငွေအိတ်ပြားလေးထဲမှ ငွေတစ်ချို့ကို ထုတ်လိုက်၏။

"ရော့. . . ဒါ မင်းရှင်းသွားတဲ့တန်ဖိုးငွေ အတိအကျပဲ"

"သူ ခေါင်းခါလိုက်၏။ မမက မျက်နှာပျော့ပြောင်းချင်လာရာမှ ပြန်တည်လိုက်ပြီး . . .

"မယူချင်ရင် ပစ်ချထားခဲ့မှာနော်. . . ဒါပဲ"

သူက . . .

"မမပြန်ပေးတာ ကျွန်တော့်ငွေမှမဟုတ်တာ၊ မမငွေပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . အဲ့ဒီမှာရှင်းပေးခဲ့တာ လေးရာ့ငါးဆယ်တိတိလေ၊ ဒီမှာ လေးရာ့ငါးဆယ်ပဲဟာ"

"ကျွန်တော်ပေးခဲ့တဲ့ငွေက ငါးရာတန်တစ်ရွက်ပဲ၊ အဲ့ဒီငါးရာတန်ရဲ့နံပါတ်တွေအားလုံး ကျွန်တော်မှတ်မိတယ်၊ မမ ကျွန်တော့်ကိုပြန်ပေးချင်တယ်ဆိုရင် အဲ့ဒီငါးရာတန်ကို ပြန်ယူခဲ့၊ ကျွန်တော် ငွေငါးဆယ် ပြန်အမ်းမယ်၊ အဲ့ဒီနေ့က ပြန်အမ်းလိုက်တဲ့ငါးဆယ်တန်အစစ်ကို အမ်းမှာ၊ ကျွန်တော် သိမ်းထားတယ်"

"ရှုတ်ထွေးပွေလီတောတောအလုပ်တွေ စိတ်မဝင်စားဘူး၊ ဝေ့လည်ကြောင်ပတ်နဲ့ အကြောင်းရှာပတ်သက်ချင်နေတာပဲ မဟုတ်လား"

"မမ ဘာလို့ အဲ့ဒီလိုထင်နေရတာလဲ"

"အို. . . မင်းလုပ်ရပ်တွေက သက်သေပြနေတာပဲ မဟုတ်ဘူးလား"

"အဲ့ဒါ ဘာကြောင့်လဲသိလား"

"မသိဘူး. . . မသိဘူး. . . ဘာတွေမှန်းကိုမသိဘူး၊ ဒီမှာရော့"

နှစ်ရာတန်နှစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက်ပါသော ငွေအထပ်လေးကို သူ့ရင်ဘတ်ဆီ ပစ်ပေါက်ပေးပြီး မေလေးကို ဖမ လက်ဆွဲကာ လှည့်ထွက်သွား၏။

ယောင်ရမ်းပြီး ဖမ်းယူထားလိုက်မိသောငွေတွေကို သူ ဘောင်းဘီတိုထဲ ထိုးထည့်လိုက်ပြီး . . .

"မမ"

ပြင်းဆတ်ဆတ်လေသံဖြင့် သူလှမ်းခေါ်လိုက်၏။ မမ တန့်ခနဲရပ်သွားပြီး ချာခနဲလှည့်ကြည့်၏။ သူ့ရင်တွေ တလှပ်လှပ်ဖိုလာနေ၏။

"ကျွန်တော် မမအကြောင်းတွေကို အများကြီးသိထားတယ်"

သူ့စကားကြောင့် မမ မျက်မှောင်ကုတ်သွား၏။ ပြီးမှ အရေး



www.burmeseclassic.com

www.burmeseclassic.com



မပါသောစကားကို ကြားရ၍ ဂရုမစိုက်သည့်ဟန်မျိုးဖြင့် မဲ့ပြုံးလေးပြုံးကာ လှည့်ထွက်သွား၏။ သူထပ်မခေါ်တော့။ မမ၏ ခန္ဓာဗေဒအလှတရားကို မသိမသာရှုစားရင်း တိုးကိုနှင့်ဥက္ကာကို့ဖက်လှည့်ကာ လက်မထောင်ပြ လိုက်၏။

သူ့အနေနှင့် အခြေအနေကောင်းသည်ဟု သင်္ကေတပြလိုက်ခြင်း တိုးကိုက ဖက်ကျိုးဟန်မျိုးပြန်လုပ်ပြ၏။ ဥက္ကာက ဦးခေါင်းနှင့်လက်မကို တစ်ပြိုင်နက် အောက်စိုက်ပြ၏။ လမ်းသွယ်လေးအတိုင်း မမ လျှောက် ဝင်ပျောက်ကွယ်သွားမှ တိုးကိုတို့အနား သူပြန်လာလိုက်ပြီး . . .

"ငါ့အခြေအနေကောင်းသားပဲ၊ မင်းတို့က ဝေါင်ပြီးကျိုးသွားတဲ့ သင်္ကေတတွေ လုပ်ပြနေတယ်၊ ဘာလဲ မယုံလို့လား"

"မျက်မြင်ကိုယ်တွေ့ပဲ လင်းဝေမိုးရာ၊ ခင်မာလာပွင့်ဖူးရဲ့ စကား လုံးတွေအောက်မှာ မင်း လူးပျာနေတာ ငါတို့တွေ့တယ်၊ နားစွန်နားဖြား ကြားတယ်၊ မင်းဘာညာချင်သေးလဲ"

"အစကတော့ ဒီလိုပေါ့တိုးကိုရာ၊ ငါ ပိုင်ဆိုင်ဖို့ကြိုးစားနေတာ သာမန်မိန်းမကစ်ယောက်မှ မဟုတ်တာ၊ ဘုရင်မကွ၊ ဒီအပေါ်မှာလဲ နား လည်ပေးအုံးမှပေါ့"

တိုးကိုက လှောင်ပြုံးများနဲ့ ခေါင်းတစ်ခါခါလုပ်နေ၏။

ဥက္ကာက . . .

"ဘယ်လိုဖြစ်ပြီးရောက်လာတာလဲ၊ ကြည့်ရတာ မေလေးသီက သတင်းရသွားတယ်နဲ့တူတယ်"

"ဒါပဲဖြစ်မှာပေါ့၊ ဟိုတစ်နေ့ကတည်းက တို့ကိုတွေ့ချင်နေတာ၊ မတွေ့ရလို့ သူ့ညီမကိုရင်ဖွင့်ရင်းနဲ့ မေလေးကလဲ ပန်းသွားဝယ်ရင်း တွေ့ခဲ့တယ်ဘာတယ်နဲ့ပြောမှာပေါ့၊ ဒီမှာတင် ဝုန်းဒိုင်းဆိုပြီး ရောက် လာတာနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာစကားကို သူ ခွန်းတုံ့ပြန်ဖို့ စဉ်းစားသေး၏။ သို့ပြား လက်တွေ့လုပ်ပြနိုင်ခြင်းဖြင့် သက်သေပြဖို့သာ သူ ဆုံးဖြတ်ချက်ချလိုက်မိ၏။

အိပ်ကောင်းနေသော မနက်ခင်းခုနစ်နာရီခွဲအချိန်လောက်မှာ သူ့အိပ်ယာဘေးမှ ဖုန်းထမြည်၏။

မွေ့ယာနှင့်ကပ်နေသော ခြုံစောင်ထဲမှ လူးလဲပြီး ဖုန်းခွက်ကို လှမ်းကိုင်ကာ နားထောင်လိုက်၏။

"လင်းဝေမိုးလား"

"အေး"

"အိပ်ချင်မူးတူးသံကြီးနဲ့ပါလား၊ ငါ အရေးတကြီးပြောစရာရှိလို့ မင်းဆီ ဖုန်းခေါ်လိုက်တာကွ"

"ဘာတွေအရေးကြီးလာရပြန်တာလဲ ဥက္ကာရာ၊ ညက မမ အကြောင်း စဉ်းစားတာများသွားပြီး သုံးနာရီထိုးမှ အိပ်ပျော်သွားတယ်၊ ခုမှ နှပ်ကောင်းနေတုန်းရှိသေးတယ် မင်းအသံဆိုးကြီးက ဝင်လာပြီ"

"သူငယ်ချင်းအတွက်ပဲ ဒီလောက်တော့ ဒုက္ခခံပေးအုံးမှပေါ့ကွ"

"ပြောစရာရှိတာ မြန်မြန်ပြောကွာ"

"ငါ သတင်းတစ်ခုကို ဒီမနက်ပဲရတယ်"

"မင်းအဒေါ်အပျိုကြီး လင်နောက်လိုက်သွားလို့လား"

"ထပ်. . . မစော်ကားနဲ့တော့ရ၊ ဒီလိုကွ. . . မေလေးတို့ ကျိုက်ထီးရိုး ဘုရားသွားဖူးကြမယ်လို့ သတင်းရတယ်၊ အဲ့ဒါ. . ."

"မမကောလိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာကြီးမပါဘူး။ မေလေးသူငယ်ချင်းတွေ သပ်သပ်စုပြီးသွားကြတာ"

"အဲတော့. . . မင်းလဲ ဘုရားလိုက်ဖူးမယ်ပေါ့"

"ဒါပေါ့၊ အဲ့ဒါ မင်းလိုက်မလားလို့မေးတာ"

"မလိုက်ချင်ဘူးကွာ၊ မမ မပါရင် ရင်ထဲဟာနေလိမ့်မယ်"

"ဒါဆို. . . ငါ. . . ကျော်ဇင်တို့ကိုပဲ အဖော်ခေါ်သွားလိုက်မယ်၊ ဒီလိုသွားဖြစ်တာ သံချောင်းတောင် ခေါက်ဖော်မရဘူးလို့ မင်းထင်မှာစိုးလို့လှမ်းအကြောင်းကြားလိုက်တာ ဒါပဲ၊ ပြန်သေတော့"

သူ ဖုန်းပြန်ချပြီး တစ်ရေးလောက်ပြန်နှပ်ရန် အရှိန်ယူလိုက်၏။ ဖုန်းထပ်မည်လာပြန်၏။ ဘာစကားမှမေ့ကျန်ခဲ့၍ ဥက္ကာပြန်ဆက်လေသည် မသိ။ တမင်သက်သက် နှိပ်စက်သည်ထင်၍ သူ စိတ်အချဉ်ပေါက်လာမိ၏။

သူ ဖုန်းကိုကိုင်ပြီး 'ဟဲလို' ဟု အသံကုန်ဟစ်ထူးပစ်လိုက်၏။ တစ်ဖက်မှ အသံပြန်လာ၏။

"လန့်လိုက်တာ. . . သောက်ကျိုးနဲ့၊ ဖြည်းဖြည်းသက်သာ ပြန်ထူးလဲရပါတယ် လဒရဲ့"

"ဟာ. . . ငတိုးလား"

"အေး. . . ခုနကတည်းကဖုန်းလှည့်နေတာ လှည့်မရဘူး၊ လိုင်းပူးနေတယ်၊ ဘယ်သူနဲ့စကားပြောနေတာလဲ၊ မမကြီးနဲ့လား"

"မမဖုန်းနံပါတ်တောင်မသိတာ ဘယ်က စကားပြောရမှာလဲကွ"

"ငါပေးမယ်လေ"

"လုပ်စမ်းပါအုံး ကျေးဇူးရှင်ရယ်၊ ဖြစ်မြောက်လာရင် ကျေးဇူးဆပ်ပါ့မယ်၊ အဲ့ဒီအချက်ကို တကယ်မေ့နေတာ၊ ဒါမျိုးပေါ့၊ ပညာရှိ သတိဖြစ်ခဲ့ဆိုတာ"

"ဘာပညာရှိလဲ၊ လဒကနေ လဒူဘွဲ့ရတဲ့ ပညာရှိပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ၊ ပြောမှာသာပြော၊ ဖုန်းဆက်တာ ဘာအကြောင်းရှိလို့လဲ၊ ပြီးရင် မမဖုန်းနံပါတ်ပြော"

"ငါဖုန်းဆက်တာက အရေးတကြီး ခရီးထွက်စရာရှိလို့"

"လာပြန်ပြီတစ်ယောက်၊ ဘာလဲ. . .မင်းလဲ သတင်းရပြန်ပြီလား"

"ဘာသတင်းလဲကွ"

"မေလေး ဘုရားဖူးသွားမယ်၊ အဲ့ဒီကို မင်းကလိုက်ဘူးကျမယ်၊ ငါလိုက်မလိုက်လှမ်းမေးတာ၊ ဒါပဲမဟုတ်လား"

"မှန်လိုက်တာငဝေရာ၊ မင်း ဘယ်လိုသိနေတာလဲ"

"မင်းအကြံကို ဥက္ကာက ကြိုသိပြီးလား၊ ခုနကပဲ ငါလိုက်မလိုက်မေးလို့ မလိုက်ဘူးပြောလိုက်ပြီးပြီ"

"ဟာ. . . ဒါဆိုတော့. . . ဒုက္ခတွေများပြီ"

"များမနေနဲ့၊ မင်းမေလေးက ဘယ်တော့သွားမှာလဲ"

"ဒီနေ့ နေ့လည်လောက်သွားကြမှာ၊ နှစ်ညအိပ်လောက်ကြာမယ်လို့ ပြောသံကြားတယ်"

"မင်းတို့နှစ်ကောင်မှော့ တွေ့ကြပြီပေါ့"

"ဥက္ကာဆိုတဲ့ကောင် သိပ်လျှင်တာပဲ၊ တွေ့မယ်. . . ဒီကောင်နဲ့. . . ဟင်း"

"ငါတော့ မလိုက်ဖြစ်ဘူးကွာ၊ ဘုရားဖူးသွားတာ သန့်သန့်လေးပဲကုသိုလ်ရအောင် ဘုရားဖူးသွားမယ်၊ လိပ်ဥတူးတဲ့ လိပ်ဘူးရောဂါ မထချင်ဘူး"

"မင်းမလိုက်ချင်ရင်လဲ မင်းမမရဲ့ဖုန်းနံပါတ်ကို မပေးဘူးကွ"

"အဟား. . . ကိုယ့်ဘာသာကိုယ် စုံစမ်းမှာပေါ့၊ ဖုန်းနံပါတ်မသိလဲ ရတယ်၊ လမ်းညွှန်ထဲ ပြန်လှန်ကြည့်မယ်၊ ဒီမှာတိုးကို မေကို လူချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးပြောရတာကို ငါ ပိုပြီးခိုက်တယ်၊ ဖုန်းထဲမှာက သိပ်ဖီလင်မလာဘူး''

''ဟာကွာ၊ မင်းလိုက်အောင် အကျပ်ကိုင်ကာမှ ရှိုးတယ်မှုပဲ၊ ငါ့မှာ အဖော်မရှိဘူးဖြစ်နေတယ်၊ လိုက်ခဲ့စမ်းပါကွာ၊ ငါ တကယ် အနူးအညွတ်ကို ပြောနေတာပါ''

''ဘယ်ဖြစ်မလဲ. . . ကင်ပွန်းစခန်းမှာတင် မင်းတို့နှစ်ယောက်တွေ့ပြီး သောက်ပေါကျနေရင် ငါပဲညစ်နေရမှာ၊ မင်းဘာသာ ဖိုးရစ်တို့ကို ဆွယ်ပြီးလစ်တော့၊ ငါပြန်နှပ်လိုက်အုံးမယ်''

''မနှပ်နဲ့၊ မင်းအတွက်အကျိုးရှိမဲ့စကားလေး ငါပါးလိုက်အုံးမယ်၊ ဒီနေ့မနက်ဆယ်နာရီလောက် မင်းမမကြီး ပုသိမ်ကို ခဏပြန်လိမ့်မယ်၊ ဆင်မလိုက်အဝေးပြေးဂိတ်မှာ မှန်လုံအမြန်ယာဥ် လာစီးလိမ့်မယ်''

''မင်း ငါ့ကိုမဘတ်နဲ့ တိုးကို၊ ငါ အယုံအကြည်မရှိဘူး''

''မယုံလဲနေလေ၊ ငါတို့အိမ်ဘေးကကောင်မလေးက မေလေးနဲ့ သူငယ်ချင်း၊ မေလေးအကြောင်းကိုမေးရင်းနဲ့ ငါသိလာခဲ့ရတာ''

''ပုသိမ်မှာ ဘယ်နှစ်ရက်လောက်ကြာမှာတဲ့လဲ''

''မသိဘူး၊ မင်ကိုယ်တိုင် လိုက်မေးကြည့်ပါလား''

''ဒီသတင်းမှန်ရင်တော့ မင်းကို ကျေးဇူးတင်မယ်၊ မှားရင်တော့ မင်းခြေသလုံးမွှေးကုန်အောင် မီးမြိုက်ပစ်မယ်''

''မနက်ခင်းစောစောစီးစီး မင်္ဂလာယူဖို့မစဥ်းစားဘူး၊ ကျက်သရေမရှိတဲ့စကားပဲ စွတ်ပြောနေတယ်၊ မင်းပါးစပ်က အာပုတ်စော်နံ့ကို ဖုန်းထဲကနေတောင် ငါရနေပြီ''

''မိုင်ပိုတဲ့နေရာမှာတော့ ထိုင်ငိုလောက်ပါပေတယ် ကိုငတိုးရယ်''

တိုးကိုနှင့်ဖုန်းပြောပြီးသည်နှင့် သူ အိပ်ယာထဲမှ လူးလဲထလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ မမ ခရီးထွက်မည့်သတင်းက သူ့ရင်ကို ဟာလာဟင်းလင်းကြီး ဖြစ်သွားစေလို့လို။

အခန်းတံခါးကိုဖွင့်ပြီး အပေါ်ထပ်ဝရန်တာမှ အောက်ထပ် ထမင်းစားခန်းကို လှမ်း၍ချောင်းကြည့်လိုက်၏။ နားရွက်ကိုလည်း အစွမ်းကုန် စွင့်ထားလိုက်၏။

ဖေဖေ့အသံ မကြားရတော့။ အလုပ်သွားလောက်ပြီ။ မေမေလည်း ဈေးသွားလောက်ပေပြီ။ သူ အောက်ထပ်ကို အမြန်ဆင်းပြီး ကိုယ်လက် သန့်စင်ရမည်။ နံနက်စာစားရမည်။အဝတ်အစားလဲရမည်။ ပြီးလျှင် မမ ဆီ ရောက်အောင်သွားမည်။

မမနှင့်တွေ့လျှင် . . . သူ တစ်ခုခုတော့ပြောရမည်။

သူက အဆင်ပြေအောင်ပြောသော်လည်း မမက အဆင်မပြေစွာတုံ့ပြန်လာမည့် တစ်ခုခုစကား သူ ကြုံးစားရင်း အောက်ထပ်ကိုဆင်း လာခဲ့လိုက်၏။

ယုံမလားတော့မသိဘူး မမ×××မမနဲ့တွေ့ရဖို့အရေးကို×××အဲ့ဒီ လောက်ကလေး စဉ်းစားရုံနဲ့×××ကျွန်တော့်ရင်တွေ တုန်ပြီး×××ခုန်နေခဲ့ တယ်×××မမဟာ ကျွန်တော့်အပေါ်မှာ အဲ့ဒီလောက်အထိ အစွမ်းအစရှိ တယ်×××တကယ်×××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပုသိမ်-ဟင်္သာတ-မနေပြု ကားဂိတ်ရှေ့ကို လှမ်းမြင်နိုင်သော လက်ဖက်ရည်ဆိုင်လေးမှာ သူထိုင်စောင့်နေလိုက်၏။

ကားဝင်ထဲ သူရောက်သည့်အချိန်မှာ ကိုးနာရီတိတိ။ သူ လုပ်စရာရှိသည်တို့ကိုလုပ်ပြီး ထိုင်စောင့်နေသည်မှာ လေးဆယ့်ငါးမိနစ်နီးပါး ရှိနေလေပြီ။

ရန်ကုန်-ပုသိမ် မှန်လုံအမြန်ယာဉ်ကြီး ထွက်ခွာရန် ဆယ်မိနစ်မျှအလိုတွင် TAXI တစ်စင်းနှင့် မမ ရောက်ချလာ၏။ ပုသိမ်ကားလက်မှတ်ရောင်းသူတွေ မမကားနားကို ဝိုင်းအုံသွား၏။ ဆယ်နာရီကားထွက်မည့် လက်မှတ်ရောင်းက သူ့ကိုလှမ်းကြည့်၏။ သူ ခေါင်းညိတ်ပြလိုက်သောအခါ လက်မှတ်ရောင်းသူက ခေါင်းပြန်ညိတ်ပြပြီး ထိုင်ရာမှထလာသော မမကားနား လျှောက်သွား၏။

"ရှစ်မိနစ်ထွက်မယ်၊ တစ်ယောက်လို ပုသိမ်ကို. . .ပုသိမ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကားသမားက သူ တမင်ကြို၀ယ်ပြီး ချန်ထားခိုင်းခဲ့သော နှစ်ခုတွဲလက်မှတ်ကို မမရှေ့နားမှာ ဖြန့်ပြရင်းအော်နေ၏။ မမက ထိုလူကို စကားလှမ်းပြောပြီး ငွေထုတ်နေ၏။ သူဆင်ထားသောအကွက်ထဲကို ကံအားလျော်စွာပင် မမ ၀င်လာချေပြီ။

သက်မှတ်ရောင်းသူက ခုံနေရာပြဇယားလေးကို မမရှေ့ထိုးပေးပြီး နေရာရွေးခိုင်းနေဟန်တူ၏။ သေချာပါသည်။ ပြင်ပမြင်ကွင်းတွေ ကြည့်မြင်ရသော ပြတင်းဘေးကခုံကိုသာ မမ ရွေးချယ်မည်ဆိုတာကို။

ကားစပါယ်ယာလေးတွေက သဘောကောင်း၏။ မမနှင့်ပါလာသောအိတ်တွေကို ကူသယ်ပြီး ကားပေါ်တင်ပေးကြ၏။ မမ ကားပေါ်ကို လိုက်တက်သွား၏။ ကားလက်မှတ်ရောင်းသူက သူ့ထံလျှောက်လာပြီး ခုံ ဆွဲ၍၀င်ထိုင်၏။

"အားလုံးကွက်တိပဲဖြစ်သွားတာမို့ တော်သေးတာပေါ့ဗျာ"

သူ့စကားကို ကားလက်မှတ်ရောင်းသူက ကွမ်းချေးတက်နေသောသွားများပေါ်အောင် ပြုံးပြရင်း . . .

"ဆင်ထားတဲ့အတိုင်းဖြစ်ပါ့မလားလို့ ကျုပ်လဲ တွေးပူနေတာဗျ။ ခင်ဗျားအမျိုးသမီးက အနိုင်သားပဲ၊ သူ့လက်မှတ်ခဖိုးကို ကျုပ်အိတ်ထဲထည့်လိုက်တော့မယ်"

"ထည့်လိုက်ပါဗျာ၊ အဲ့ဒီနှစ်ခုံဖိုးက ကျွန်တော်ရှင်းပြီးသားပဲ၊ ဘယ့်နှယ့်လဲ အချိန်ကပ်လိုက်ချင်တဲ့လူတွေ လက်မှတ်လာမေးတိုင်း ကုန်ပြီပြောရတဲ့ဒုက္ခက လွတ်ရဲ့လား"

"ဘယ်လွတ်မလဲ၊ ကြည့်ဖြီးရတာပေါ့၊ ကားဆရာကလဲ လူပြည့်ခင်ထွက်မယ်တကဲကဲလုပ်နေလို့ ကွမ်းတစ်ဗူးနဲ့ချော့ထားရတယ်၊ ကဲ. . . ခင်ဗျား ကားပေါ်တက်တော့လေ၊ ခင်ဗျားရောက်ရင် ကားထွက်မှာပဲ၊ အျုပ်တို့ကားက အချိန်မစောင့်ဘူး၊ လူပဲစောင့်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြပြီး ကျသင့်ငွေဖိုးတွေ ရှင်းပေးလိုက်၏။ ပို သောငွေကို ကားလက်မှတ်ရောင်းသူအား ဘောက်ဆူးအဖြစ်ပေးထားခဲ့ လိုက်၏။ ရန်ကုန်မှ ပုသိမ်သို့ထွက်ခွာမည့် အဲယားကွန်းလွှတ် ဘတ်(စ်) ကားကြီးပေါ်ကို ခရီးဆောင်အိတ်တစ်အိတ်မျှမပါဘဲ သူတက်လိုက်၏။

ကားစပါယ်ယာတွေက လူစုံပြီမို့ ကားထွက်ဖို့စက်နှိုးကြလေပြီ။ သူလျှောက်လာပြီး မမထိုင်ခုံဘေးမှာ ရပ်လိုက်၏။

သူ့ကို ကားပေါ်စတက်လာကတည်းက လှမ်းကြည့်နေသော မမ ၏မျက်နှာမှာ အံ့ဩမှုနှင့်တွေးတောမှု အရိပ်အယောင်တွေ ရောင်ဖြာယှက် သမ်းနေ၏။

ထိုင်ခုံအနားမှာ သူရပ်လိုက်သည်နှင့် မမ၏မျက်နှာ တည်တင်း မည်းညိုသွားပြီး နှုတ်ခမ်းတွေ စူထွက်လာ၏။

ကားထွက်သည်နှင့် မမဘေးမှာ သူဝင်ထိုင်လိုက်၏။

"ဒါ. . . ဘာလုပ်တာလဲ"

မမ၏ ခပ်ဆတ်ဆတ်လေသံ။

သူက . . .

"ဒါ. . . ကျွန်တော့်ခုံလေ"

"မင်း. . . မင်း. . . တမင်သက်သက် ရှိုက်လာတာမဟုတ်လား"

"ကြုံကြိုက်လို့ပါ"

"ဟင်း. . . မပြောလိုက်ချင်ဘူး၊ မဖြစ်ပါဘူး. . . နေရာလဲမယ်"

မမက ဘေးခုံ၊ နောက်ခုံတွေကို လိုက်ကြည့်၏။ စုံတွဲတွေ ယောက်ျားနှစ်ဦးတွဲတွေသာ တွေ့ရသောအခါ မမ ခြေဖဆောင့်ပြီး ပြန် ထိုင်၏။

ကားမှာ တရိပ်ရိပ်ပြေးနေလေပြီ။ မမက. စိတ်မလျှော့သေး။

"မဖြစ်ဘူး. . . ကားပြောင်းစီးမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘေးခုံတွေမှာ ထိုင်လိုက်လာသောလူတွေက ကွက်ကြည့်ကွက်ကြည့်လုပ်လာ၍ မမ သိပ်ပြီး လှုပ်လှုပ်ရှားရှားမပြုရဲ။

"ဒီနေ့ ပုသိမ်သွားမဲ့ကားတွေထဲမှာ ဒီကားနောက်ဆုံးပဲလို့ စပါယ်ယာက ပြောတယ်"

"အံမယ်. . . နေ့လယ်အထိလည်းရှိတယ်၊ ဘာညာတာလဲ"

"အရင်နေ့ကရှိတယ်လေ၊ ဒီနေ့က အဲ့ဒီကားတွေပျက်နေလို့ မထွက်တာ၊ မယုံရင် ဒရိုင်ဘာကို သွားမေးကြည့်ပါလား"

သူ အတည်ပေါက်နှင့်ပြောလိုက်သောအခါမှ မမ စိတ်ဒုံးဒုံးချပြီး ပြင်ပမြင်ကွင်းတွေ တရိပ်ရိပ်ကျန်ရစ်နေတာကို လှမ်းကြည့်နေပါတော့သည်။

မမက သူမနေရာလေးကို ကိုယ်လေးကျုံ့ပြီး ထိုင်နေသလောက် သူက သူ့နေရာလေးကို ချဲ့ကားပြီးထိုင်နေ၏။ မမထံမှရသော ကိုယ်သင်းရနံ့က သူ့ရင်ခုန်သံကို တဖြည်းဖြည်းမြန်လာစေ၏။

ဘေးတိုက်ကြည့်လျှင်လည်း အပြစ်ဆိုစရာမရှိအောင်လှနေသော မမဘေးမှာ သူ အကျေနပ်ကြီးကျေနပ်ကာ လေချွန်လိုက်မိ၏။

"ဒီကားနဲ့ ကမ္ဘာတစ်ပတ်သွားရလဲ ပျော်ပျော်ကြီးလိုက်မယ်"

"ဘာ. . . ဘာကိုပြောတာလဲ"

"ဟောဗျာ. . . ဘာကိုပြောလို့လဲ၊ ကျွန်တော်ပြောတာက ဒီကားက ဆိုဖာတွေလဲ မဆိုးဘူး၊ အဲယားကွန်းလဲသင့်တယ်၊ ပျင်းရင် ဗီဒီယိုစက်နဲ့ အခွေထိုးပြအုံးမယ်၊ သူဟာနဲ့သူတော့ ဆင်ပြေနေလို့ ကမ္ဘာတစ်ပတ်သွားရရင်တောင် လိုက်ပျော်ပါတယ်လို့ ပြောတာပါ"

မမ မျက်စောင်းထိုးရင်း ပြန်လှည့်သွား၏။ သူက မမကိုမကြည့်ဘဲ သူ့လက်မကလေးကို သူပြန်ကြည့်ကာ. . .

"မ. . . မမ. . . မ. . . မမ. . . မမ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မမ ဆတ်ခနဲလှည့်ကြည့်၏။

သူက သူ့လက်မကလေးကို လက်ညှိုးလေးနှင့်ထိုးကာ . . .

"မမ. . . မ. . . လက်မကလေးရယ်. . . မင်း ခုန ဒ်ကို TAXI ငှားစီးလာတုန်းက မင်းကို တံခါးညှပ်သွားတာ ငါသိပ်သနားတာပဲ၊ နာလိုက်တာနော်. . . တော်သေးတာပေါ့. . . တာယာဖောင်းလိုင်းတွေခံမထားတာ၊ နို့မို့ဆိုရင် မတွေးရဲဘူး"

မမက စိတ်ဆိုးရအခက် ပြောရအခက်ဖြင့် နှုတ်ခမ်းကိုက်ရင်း တစ်ဖက်ပြန်လှည့်သွား၏။ သူက ဆိုဖါနောက်မှီပေါ် အသာကပ်ထိုင်လိုက်ပြီး ကားအတွင်းပိုင်းကို အကြည့်လွှဲကာ ရှေးသီချင်းတစ်ပုဒ်မှ (လိုအပ်သလောက်) ရသလောက်ကို မမကြားသာရုံလေး ညည်းလိုက်၏။

ခင်ခင်ရယ်×××ကြင်ကြင်ဖွယ်×××ကောင်းခြင်းငါးဖြာသွယ်×××

မမ ချာခနဲလှည့်ကြည့်လာ၏။

သူက မသိသလိုအိုက်တင်နှင့် . . .

"ဒီမှာ. . . ဟိုဖက်တိုးအုံး"

"အော်. . . ဆောရီးနော် မမ"

သူ့ကိုယ်ကို ပြင်ကျုံ့လိုက်ပြီး . . .

"ရပြီလား"

မမက ပြန်မပြော။ သူ ဆက်ပြီးသီချင်းညည်းရန် အပြင်မှာ မမကလှည့်ကြည့်ပြီး . . .

"နေစမ်းပါအုံး. . . မင်းက ဘယ်သွားမှာမို့လဲ"

"ပုသိမ်"

"ပုသိမ်မှာ အသိမိတ်ဆွေတွေ အမျိုးအနွယ်တွေရှိလို့လား"

"ဟင့်အင်း. . . တစ်ယောက်မှမရှိဘူး"

"ဒါဆို. . . အကြောင်းတစ်ခုခုရှိလို့ တည်းခိုခန်းမှာတည်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ ခဏသွားတာပေါ့နော်''

"မမက ကျွန်တော့်အကြောင်းကို စိတ်ဝင်စားလို့လား"

"မဝင်စားပါဘူး၊ ဘာလို့ဝင်စားရမှာလဲ"

"စိတ်တော့ဆိုးနေတယ်မဟုတ်လား"

"ဟုတ်တယ်"

"ရန်သူတောင် တောင်းပန်ရင်ကျေအေးရသေးတာပဲ၊ မမနဲ့ ကျွန်တော်က ရန်သူတွေမှမဟုတ်ကြတာ"

"မင်းက ငပွေငရှုပ်လေးပဲ၊ စကားပြောရင် ရိသဲ့သဲ့နဲ့ စချင်နောက်ချင်စိတ်ကလဲ များပါ့"

"ချစ်လို့ကျီစယ်တာပါ"

"ဘာ. . . ဘာ"

"ဒီလိုပါ. . . မမကို. . . အဲ. . . ကလေးလေးတစ်ယောက်လို ချစ်လို့ ကျီစယ်သလိုမျိုးပြောတာပါ. . . အဟဲ"

ဘာအဟဲလဲ. . . စကားအကောင်းပြောရင် ရိတဲ့လေသံက ပါလာပြန်ပြီမဟုတ်လား"

"အဲ့ဒါက ချစ်လို့ပြုစားတာ"

"မင်း တို့ကို ဘယ်လိုမိန်းမမျိုးထင်လို့ ဒီလိုဆက်ပြောနေတာလဲ"

"ဟာ. . . မဟုတ်ဘူးမမ. . . အဲ့ဒီလိုမဟုတ်ဘူး၊ ကျွန်တော်က မမကို အပြတ်အလေးထားပြီးသား၊ ကြိုက်တဲ့ကျိန်စာပေးပါ၊ ပေါ့ပျက်တဲ့အမြင်မျိုး လုံးဝမပါဝင်ပါဘူး"

သူ အလျှောက်ကောင်းသွား၍ မမ အနည်းငယ် ဘဝင်ကျသွားပြန်ဟန်တူ၏။

• "မင်းနာမည်ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းဝေမိုး"

"ဘယ်မှာနေလဲ"

"ဖမ့်ဒီပါလက်ျာတောင်ကျွန်းပေါ်မှာရှိတဲ့ ရန်ကုန်မြို့ရဲ့ ပါရမီထဲမှာ နေပါတယ်၊ အလုပ်အကိုင်က သင်္ဘောလိုက်ဖို့စောင့်နေဆဲ၊ ပညာအရည်အချင်းက စိတ်ပညာနဲ့ ကျောင်းပြီးထားပါတယ်၊ ကဲ. . .ဘာသိချင်သေးလဲ"

"မင်းမိဘတွေက ဘယ်သူတွေလဲ၊ ဘာလုပ်လဲ"

"အဖေနာမည်က ဦးဝေမိုး၊ အမေနာမည်က ဒေါ်လင်းလင်းထက်၊ အဖေက ကားပစ္စည်းနဲ့အင်ဂျင်အရောင်းပြခန်း ဖွင့်ထားတယ်၊ အမေကတော့ ထိုင်စား၊ မွေးချင်းမောင်နှမဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ထွန်းကားတယ်"

မမက သူ့ကို စေ့စပ်သေချာစွာ အကဲခတ်နေ၏။ ပြီးမှ ပျော့ပြောင်းလာချင်သောမျက်နှာဖြင့် . . .

"မမအကြောင်းကို မင်း ဘယ်လောက်သိထားသလဲ"

"မမအသက်အရွယ် ဘယ်လောက်လဲဆိုတာကအစ မမရဲ့ ပညာအရည်အချင်း၊ ဇာတိမွေးရပ်တွေအဆုံး သိသင့်သလောက် ကျွန်တော် သိထားပါတယ်"

မမက . . .

"ကိုယ့်နည်းကိုယ့်ဟန်နဲ့ပေါ့"

သူက . . .

"ဒါပေါ့"

မမက . . .

"ဒါနဲ့ မင်းအသက်က ဘယ်လောက်လဲ"

"နှစ်ဆယ့်ငါး"



www.burmeseclassic.com

www.burmeseclassic.com



"မမအသက်က ဘယ်လောက်လို့မင်းသိထားသလဲ"

"သုံးဆယ်ဝန်းကျင်"

"ရုပ်ရည်ကိုကြည့်ပြီးထင်တာလား"

"ရင့်ကျက်တဲ့ဣန္ဒြေကိုကြည့်ပြီး ထင်တာပါ၊ မမရဲ့ရုပ်ရည်က ရှုပနန္ဒီလိုပဲ၊ မအိုဆေးသုံးစွဲထားတဲ့ ပျိုမြစ်နုနယ်တဲ့ရုပ်ရည်မျိုးပါ၊ အရွယ်အပိုင်းအခြားအရ ကန့်သတ်ဆုံးဖြတ်ရခက်ခဲတဲ့ ရုပ်ရည်မျိုးလိုပေါ့၊ တစ်နည်းတင်စားပြောရရင် နှင်းဆီတစ်ပွင့်ရဲ့ အလှဆုံးပွင့်နေတဲ့ အခါသမယမျိုးလိုပေါ့"

"စာသံပေသံ ကဗျာဆန်ချင်နေတဲ့ မင်းစကားကို မမ နားလည်လွန်ပြီး လည်ထွက်သွားပြီကွ"

သူသိပါသည်။ မမ ကျေနပ်သွားမည်ဆိုတာကို။ ဘယ်သူမဆို လှတယ်ချောတယ်ပြောလျှင် နှစ်သက်သဘောကျတတ်သည်မှာ ဓမ္မတာ။ မမမျက်နှာပေါ်မှာ မလိုမုန်းထားချင်ဟန်တွေ စိမ့်ဝင်ငုပ်လျှိုးသွားကုန်၏။

သူက . . .

"မမနဲ့ စကားကတောက်ကဆဖြစ်ခဲ့ရတာကို ထောက်ပြီး မမ ကျွန်တော့်ကို ဆက်ဆံရေးတွေ ခါးထောက်ပြနေတာမဟုတ်လား"

"အင်းပေါ့၊ ပြီးတော့ . . . မင်းကလူစိမ်းလေ"

"အခုကော"

"အခုက မသိတသိလူ"

မမ ပြောပြီးရယ်လိုက်၏။ ညီညာသော သွားစွယ်တန်းကလေးတွေ လက်ခနဲပေါ်လွင်သွား၏။ မမမှာ မေလေးလိုသွားတက်မရှိ။ သို့ငြား သူ့အား ပို၍ဆွဲဆောင်ထားနိုင်၏။

"မမရဲ့အကြောင်းတချို့ကို ကျွန်တော်ကြားခဲ့တာလဲရှိသေးတယ်"

"ဘာများလဲ. . . ဆိုပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



"မမက မာနကြီးတယ်၊ ဘဝင်ကိုင်တယ်၊ ယောက်ျားလေးတွေနဲ့ ပတ်သက်ရင် ခပ်တည်တည် ခပ်ထည်ထည်နဲ့ ဆက်ဆံတတ်တယ်"

"တော်သေးတာပေါ့"

မမတုံ့ပြန်လိုက်သောစကားကြောင့် သူ အာရုံတွေ ထွေပြား သွား၏။ မျက်နှာရိပ်မျက်နှာကဲကို ဖမ်းကြည့်ရုံနှင့် နားလည်နေသော မမက. . .

"ရှုပ်တယ်. . . ပွေတယ်. . . လည်တယ်. . . ပတ်တယ်ဆိုတဲ့ စပျစ်သီးလှမ်းဟပ်မရတဲ့ မြေခွေးလိုယောက်ျားတွေရဲ့ လုပ်ကြံအပုပ်ချတဲ့ စကားလုံးတွေပါမလာလို့ တော်သေးတာပေါ့လို့ ပြောတာပါကွာ"

"အဲ့ဒီ တော်သေးတာပေါ့လောက်နဲ့တင် ယောက်ျားတော်တော် များများက မမဆိုရင် ဖျားသွားကြပြီ"

"ဟုတ်လား. . . ဝမ်းသာစရာစကားတွေထဲမှာ မင်းပြောလိုက်တဲ့ စကားက အလှပဆုံးပဲ"

"ကျွန်တော်ကတော့ မမနဲ့ အခုလိုဆက်ဆံခွင့်ရလို့ အဲ့ဒီလို အမြင်မျိုးတွေ မထင်တော့ဘူး"

သူ့စကားကို သူပြန်ဖြေဖို့ ကြိုးစားလိုက်ခြင်းပင်။ မမက လက်ကလေးပိုက်၍ နောက်မှီနေရင်းမှ . . .

"အင်း. . . ဆိုပါအုံး"

"မမက ဣန္ဒြေသိက္ခာကို အလေးထားတယ်၊ လူတစ်ယောက်ကို လွယ်လွယ်နဲ့မယုံတတ်သလို လွယ်လွယ်နဲ့လဲ မခင်မင်တတ်ဘူး၊ အရာရာကို စူးစမ်းချင့်ချိန်ပြီး တုံ့ပြန်တတ်တယ်၊ အဲ. . . တစ်ခါတစ်လေ ဒေါသတကြီး နဲ့ ဝုန်းဒိုင်းဆိုရောက်လာပြီး ကောက်ခါငင်ခါ ဖြေရှင်းတတ်တာမျိုးတော့ လွဲရင်ပေါ့"

မမက ပြုံးတုံးတုံးလုပ်နေ၏။ ကားသွားနေ၍ သူ့ခန္ဓာမှာ လှုပ်ခါ



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် မမဖက်ယိမ်းထိုးမသွားအောင် သတိနှင့် သူ့မှာ ထိန်းနေရ၏။ ဆက်ဆံရေး အသားကျသွားသော သူတို့စုံတွဲကို အနီးအပါးခုံများမှ ခရီးသည်တွေ စိတ်မဝင်စားကြတော့။

"တို့ကို အမြောက်ကြိုက်တယ်ထင်နေလို့လား"

လျှပ်တပြက်မေးလိုက်သော မမစကားကြောင့် သူ အဖြေရကျပ်သွားမိ၏။ သို့ကြား . . .

"မထင်ပါဘူး၊ အရှိအတိုင်းကို ဝေဖန်နေတာပါ"

"မင်းကို ဆက်ဆံရေးပြောင်းပြီး အခုလိုစကားပြောနေတာ ဘာကြောင့်လို့မင်းထင်သလဲ"

"ကျွန်တော်မတွေးတတ်ဘူး"

နားလည်ရခက်စရာကောင်းသော အပြုံးမျိုးကို မမပြုံး၏။ ပြီးမှ . . .

"မင်းဟာ ဘယ်လိုကောင်လေးမျိုးလဲ၊ ဘာသဘောနဲ့ တမင်ဆုံအောင် လာပတ်သက်နေတာလဲ၊ ဒါတွေကို စိတ်ဝင်စားလို့မဟုတ်ဘူးနော်၊ သာမန်ရိုးရိုးသဘောနဲ့သိချင်လို့ စကားပြောကြည့်တာ၊ စကား . . . စကားပြောပါများရင် စကားထဲက ဇာတိပြလာတတ်တယ်မဟုတ်လား၊ မမအနေနဲ့ ဒါပဲ၊ ဒီထက် လုံးဝမပိုဘူး"

"ဒါဆို မမ ကျွန်တော် ဘယ်လိုကောင်မျိုးလေးလဲဆိုတာ သိသွားပြီမဟုတ်လား"

"ခုနပြောပြီးပြီလေ၊ မသိတသိပါဆိုမှ"

"ကျွန်တော်က ကြားခံလူမိတ်မဆက်ပေးဘဲ အတင်းဝင်လာလို့ မမ ပြန်ခင်ရမှာ မချင့်မရဲဖြစ်နေတယ်မဟုတ်လား"

"ဒါတော့ . . . ဟုတ်တယ်"

"ကျွန်တော်က ကြားခံလူရှာတွေ့တဲ့အထိ အချိန်မပေးနိုင်ဘူးမမ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်တွေကို မမအနားမှာ ဘယ်လိုနည်းနဲ့ရှိနေရ ရှိနေရ ရှိနေလိုက်ချင်တယ်၊ နည်းနည်းရိုင်းသွားတယ်လို့ မထင်ပါနဲ့၊ ကမ္ဘာဦးအစက ယောကျ်ားနဲ့မိန်းမဟာ ကြားခံလူ မိတ်ဆက်ပေးစရာမလိုဘဲ သိခဲ့ကြတာပါ၊ ဒီခေတ်ဒီအခါ ယဉ်ကျေးမှုအရ လိုအပ်ကောင်းလိုအပ်ပေမဲ့ ကျွန်တော်ပြောသလို ရေးရေစက်ပါလာရင်တော့ မလိုအပ်နိုင်ပါဘူး မမ၊ အခုပဲ ကြည့်. . . ရေးရေစက်ကြောင့် မမ ကျွန်တော့်ကို စကားကောင်းကောင်းပြန်ပြောနေပြီလေ''

''မင်းပြောတာဖြစ်နိုင်လာသလိုပဲ၊ မင်းကို စမြင်တုန်းက သိပ်ကြည့်မရဘူး၊ တဖြည်းဖြည်းနဲ့ ကြည့်လို့ရလာတာ ရေးရေစက်အာနိသင်ကြောင့်ပဲလားမသိဘူး''

ပြောပြီး မမရယ်နေပြန်၏။ သွားလှလှလေးတွေပိုင်ဆိုင်ကြောင်းကို ကြွားဝါတာလည်းဖြစ်နိုင်ပါသည်။ တွေ့စက အပြုံးအရယ်လုံးဝမတွေ့ခဲ့ရ။ ဆက်ဆံရေးအချိုးပြောင်းလိုက်မှ မကြာခဏတွေ့ခွင့်ရသော အပြုံးအရယ်မို့ သူ့စိတ်တို့ပါ မြူးလွင့်ကာနေမိ၏။ ညောင်တုန်းမြို့အနား ရောက်ခါနီးမှာ ကားကတ်ဆတ်ဖွင့်သံ ကြားလိုက်ရ၏။ ကျွန်တော့်မမပုသိမ်သူ သီချင်းသံ။

မမနှင့် အကြည့်ချင်းဆုံပြီး သူ့ရင်တွေစူနဲ့သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညောင်တုန်းသို့ရောက်သောအခါ သူတို့စီးလာသောကားမှာ ဇက်ဆိပ်ရှိရာဖက် မောင်းလာခဲ့၏။ ညောင်တုန်းမှာ စကျော့ကို ဇက်ယဉ်ကြီးများဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးရမည်ဖြစ်သည်။ (ထိုစဉ်က ဗိုလ်မြတ်ထွန်းတံတား မပြီးစီးသေးချေ။)

ညောင်တုန်းဇက်ဆိပ်မှာ ကားတန်းရှည်ကြီးရပ်လျက် ဇက်စောင့်နေရပြန်၏။ ဧရာဝတီမြစ်ကမ်းပါးထိပ်မှ စားသောက်ဆိုင်ဆီသို့ (မမကို ခေါ်ပြီး) သူလျှောက်သွား၏။

စားသောက်ဖွယ်ရာများမှာကြားပြီး စားကြရန်အပြင်မှာပင် . . .

"မမ ပုသိမ်မှာဘယ်လောက်ကြာမှာလဲ"

"တစ်ပတ်လောက်ပါ"

"ကျွန်တော် ရန်ကုန်ပြန်ဖိတော့မယ်"

"ဟင်. . .ပုသိမ်လိုက်မှာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . မမကို တမင်လိုက်ပို့တာ"

"အဲ့ဒါတွေပြောတာပေါ့၊ မင်းဘာသဘောနဲ့ အဓိပ္ပါယ်မရှိတာတွေ လျှောက်လုပ်နေတာလဲဆိုတာ မမတွေးလို့မရတာ"

"ကျွန်တော် အမှန်အတိုင်းပြောရရင် ဒီနေ့ ဒီလိုလိုက်ပို့လို့ မမနဲ့ ဆက်ဆံရေး ဒီလောက်တိုးတက်လာမယ် မထင်ခဲ့မိဘူး၊ ဒီလိုလိုက်ပို့တာ ဟာ မမ ယာယီမရှိတဲ့အရပ်မှာ ကျွန်တော်နေတတ်အောင် နေနိုင်ဖို့ပါ၊ ခုတော့ ကျွန်တော် အများကြီးဖြေသာသွားပြီ၊ မမပြန်လာမဲ့ရက်ကို လက် ချိုးပြီးစောင့်နေမယ်"

"မင်းဟာ နားလည်ရခက်တဲ့ကောင်လေးပဲ"

သူ ငြိမ်ပြီး ဘလက်(စ်)ကော်ဖီသောက်နေလိုက်၏။ မမက အအေးပုလင်းကို ပိုက်နှင့်မွှေနေ၏။ သူက . . .

"မမမှာ ညီမတစ်ယောက်ရှိတယ်နော်"

"ဟုတ်တယ်လေ၊ မင်းသိပြီးသားပါ၊ ပြဿနာဖြစ်တဲ့နေ့ကလေ မှတ်မိလား"

"မှတ်မိတယ်၊ သူက မမလောက်မရဲဘူး"

"သူက ခေတ်ဆန်ပွင့်လင်းတာပဲရှိတယ်၊ မဟုတ်မခံစိတ်နဲ့လဲ ရန်မတွေ့ရဲဘူး၊ သူ့အတွက်ဆို မမ ရှေ့ကအမြဲနေပေးရတယ်၊ သူတောင် ဒီနေ့ ဘုရားဖူးထွက်မလို့၊ ခုလောက်ဆို သွားကြရောပေါ့"

"မမက ဘုရားဖူးမလိုက်ဘူးလား"

"ဟင့်အင်း. . . နောက်မှ မေမေတို့ကိုခေါ်ပြီး သွားဖူးမယ်၊ အခု အိမ်ကို အရေးတကြီးပြန်စရာအကြောင်းရှိလို့ ပြန်တာ၊ ပထမတော့ ညီမလေးနဲ့လိုက်မလို့ပဲ၊ အကြောင်းပေါ်လာတာနဲ့ ညီမလေးကို သူ့အပေါင်း တွေနဲ့ လွှတ်လိုက်ရတယ်"

"မမတို့က ညီအစ်မနှစ်ယောက်တည်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . မင်းထက်စာရင်တော့ အဖေါ်ရတာပေါ့၊ မဟုတ်ဘူးလား"

သူ ပြုံးနေလိုက်၏။ အဝေးမှလှမ်းမြင်ရသော ဇရာဝတီမြစ်ရေပြင်ကို အကြည့်ပို့လိုက်၏။ ဇက်ရေယဉ်တစ်စီး ကမ်းထိုးနေချိန်မို့ ခရီးသည်၊ ဈေးသည်ကွေ သွားလာလှုပ်ရှားနေကြ၏။ အလှည့်ကျစောင့်နေသော ကားများထဲမှ ခရီးသည်များကလဲ ကားပေါ်ပြန်တက်နေကြ၏။ မကြာမီ ဇက်ပေါ်မှာတင်လာသော ဘတ်(စ်)ကားတွေ ကုန်းပေါ်တက်လာကြတော့မည်။

ထိုကားထဲမှ တစ်စီးစီးနှင့် သူပြန်ရတော့မည်။

မမမှာလည်း ဇက်ရေယာဉ်စောင့်နေသော ကားတန်းထဲမှ မှန်လုံကားဖြင့် ပုသိမ်ကိုခရီးဆက်ရတော့မည်။

စားသောက်စရိတ်တွေ သူနှင့်မမ လုရှင်းနေဖြစ်ကြသေး၏။ မမ အလျှော့ပေးလိုက်သောကြောင့် သူရှင်းပေးလိုက်၏။

"ကဲ. . . တို့ကားပေါ်ပြန်တက်တော့မယ်"

"မမ ကျွန်တော့်ကို အသိအမှတ်ပြုပြီလား"

"ဘယ်လိုအသိအမှတ်ပြုရမှာမျိုးလဲ"

"မိတ်ဆွေတစ်ယောက်လိုပေါ့"

"အင်း. . . မောင်လေးတစ်ယောက်လို အသိအမှတ်ပြုသင့်တယ် ဆိုတော့ တွေးမိပါတယ်၊ ဒါပေမဲ့ စောပါသေးတယ်၊ နောက်လဲ တွေ့ကြဦးမှာပဲမဟုတ်ဘူးလား၊ အခုတော့ တို့မပျင်းအောင် တစ်လမ်းလုံး စကားပြောဖေါ်ကြီးလုပ်ပေးလာခဲ့တာကို အသိအမှတ်ပြုပါတယ်"

ပြောပြီး မမ သူ့ကိုမေးလေးထိုး၍နှုတ်ဆက်ကာ ကားရှိရာ ပြန်လျှောက်သွား၏။ သူ ပုသိမ်အထိလိုက်သွားလျှင် ကောင်းမလား၊ ပုသိမ်ရောက်အောင်သွားလျှင် တစ်ညအိပ်ရမှာ သေချာသလောက်ရှိ၏။ သူသည် ညအက်ပြန်မအိပ်ဖြစ်ပါက သူ့အဖေ ဒေါသနှင့်နှစ်ပါးသွားရလိမ့်မည်။ ဒါဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



မမ ကားပေါ်တက်သွားသည်အထိ ငေးမောနေရင်း ဆိုင်ပြင်ထွက်လာလိုက်၏။

ကားသမားတွေက ရန်ကုန်ခရီးစဉ်အတွက် အလုအယက် အော်ခေါ်နေကြ၏။ သူလည်း နီးရာကားတက်ပြီး ရန်ကုန်ကို ပြန်လိုက်ပါလာခဲ့ရ၏။

သူ့အသိတရားက မမ၏နှုတ်ခမ်းဖြူးလေးနှစ်ဖက်မှာ ချိတ်လျက်တွယ်ငြိ ကျန်နေရစ်ခဲ့၏။

"မင်းတို့နှစ်ယောက်သာ အပြိုင်သုပ္ပွဲကြီးကျင်းပနေလို့ အဆင်မပြေခဲ့ပေမယ့် ငါကတော့ အဆင်ပြေလိုက်တာ ဖြူးနေတာပဲ"

သူ့စကားကြောင့် ငဒိုးကိုက မျက်နှာမဲ့သွား၏။ ဥက္ကာက နှာခေါင်းရှုံ့နေ၏။

တိုးကိုနှင့်ဥက္ကာမှာ မေလေးအနားကို သူကပ်မယ်ငါကပ်မယ်နှင့်နေရာပြိုင်လုရင်း မေလေး ဘုရားဖူးခရီးမှပြန်လာသည်အထိ ငြင်းခုန်မှုမပြီးနိုင်ခဲ့ကြ။ နှစ်ယောက်သား အတွင်းအားစကားလုံးများဖြင့် ပညာပြိုင်နေကြသဖြင့် မေလေးအနားကို ကပ်ချိန်မရခဲ့ကြ။

သူက သူ့အောင်မြင်မှုရခဲ့သော အခြေအနေကို အမှန်အတိုင်းပြောပြခဲ့၏။ သူတို့နှစ်ကောင်လုံး မခံချင်အောင် တမင်ဝံ့ကြွားသောလေသံဖြင့် ပြောပြခဲ့ခြင်းလည်းဖြစ်၏။ တိုးကိုက . . .

"ဒီလောက်ခါးနေတာကို ချက်ခြင်းချိုသွားအောင်လုပ်နိုင်တာ ပုံပြင်ထဲမှာပဲရှိလိမ့်မယ်၊ မယုံဘူးဟေ့. . . မယုံဘူးကွ"

"ဒါ. . . တကယ်အဆင်ပြေခဲ့တာပဲ၊ မမပြန်ရောက်လာတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကျရင်တော့ အဖြေရှင်းသွားမှာပေါ့ကွာ''

ဦးက္ကာကပါဝင်၍ . . .

''မင်းကိုအချိုသတ်ပြီး သူ့လမ်းကိုသူ ယူသွားတာနေမှာပါကွာ''

သူက . . .

''ဘာလဲ . . . မင်းဝို့နှစ်ယောက် အဆင်မပြေတာနဲ့ ငါ့ကိုပါ အမြင်ကတ်တဲ့ပုဒ်မနဲ့ အကောင်းမမြင်နိုင်တော့ဘူးလား''

ဦးက္ကာက . . .

''မင်းတွေးကြည့်စမ်းလင်းဝေမိုး၊ မင်းပြောသလောက်အထိ ဖြစ်သွားတယ်ထား၊ အဲ့ဒီဖြစ်သွားတဲ့အပေါ်မှာ အသေအချာတွေးကြည့်ရင် ခင်မာလာပွင့်ဖူးအစစ်လို့တောင် မထင်ချင်နိုင်စရာပဲ၊ ဘာသဘောလဲ''

သူက . . .

''ငါက မမအတွက် တကယ်ကို ခင်မင်နှစ်လိုဖွယ်ရာကောင်းတဲ့ ကောင်လေးတစ်ယောက် ဖြစ်လာနိုင်စရာအကြောင်း ရှိလို့နေမှာပေါ့''

ဦးက္ကာကို ကလိသလို သူပြောလိုက်ခြင်းကြောင့် ဦးက္ကာက သူ့ကို ချဉ်သွားဟန်လုပ်ပြ၏။ ဟိုးကိုက . . .

''မင်း . . . ငဝေ့ကို ဘာမှသွားရှင်းမနေနဲ့၊ ကရှင်းရမှာ မင်းနဲ့ငါပဲ၊ မေလေးကို နှစ်ယောက်ပြိုင်လိုက်လို့ကတော့ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး၊ မင်းနဲ့ငါ အဆုံးအဖြတ်တစ်ခုနဲ့ ပထမ ဒုတိယ ရွေးတော့မှ ဖြစ်မယ်''

ဦးက္ကာက . .

''မင်းက ဘယ်လိုရွေးမယ်စဉ်းစားထားလို့လဲ''

''စကားထာဖွက်မယ်ကွာ၊ တစ်ယောက်တစ်ခွန်းကြေး၊ မဖြစ်နိုင်တဲ့ကောင် အရှုံး၊ များဖြေတဲ့အကောင် အရှုံး''

''လုပ်လိုက်လေ''

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ငါအရင်စ,ဖွက်မယ်"

တိုးကို၏စကား။ ဉက္ကာက ခေါင်းညိတ်ပြ၏။

တိုးကိုက . . .

"စပြီနော်၊ ငါ့စကားထာက အပြင်လွှာက အဖြူဖုံး . . . အလယ်မှာ . . . အဝါလုံး . . . စားလို့အကောင်းဆုံး၊ အဲ့ဒါဘာဉလဲ"

ဉက္ကာက လက်ဖျောက်တစ်ချက်တီးရင်း . . .

"လွယ်လွယ်လေး၊ အဲ့ဒါ ကြက်ဉ"

တိုးကိုက . . .

"မှားတယ်"

ဉက္ကာက . . .

"ဒါဆိုဘာဉလဲ၊ ဖြေလေ"

တိုးကိုက . . .

"မင်း အရှုံးပေးပြီလား၊ မင်းအဖြေမှားနေတယ်လေ"

"အေးပါ၊ ကဲ . . . ဖြေစမ်းပါအုံး ဉာဏ်ကြီးရှင်ရဲ့"

တိုးကိုက ပြုံးဖြဲဖြဲဖြင့် . . .

"အဲ့ဒါ . . . လဉ"

"ဟော့ကောင် ဘာညစ်ပတ်တာလဲ"

"ဘာလဲ၊ လိပ်ဉကိုပြောတာ၊ ငါပြောတာမြန်သွားလို့ လဉသံထွက်သွားတာကွ"

ဉက္ကာက . . .

"ဒါ . . . မင်း သက်သက်ညစ်တာပဲ၊ ရတယ်၊ ငါလဲ မင်းလိုစကားထာမျိုးဖွက်ပြမယ်၊ နားထောင်"

တိုးကိုက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးဖြဲဖြဲနှင့် နားထောင်နေ၏။ ဉက္ကာက . . .



www.burmeseclassic.com

www.burmeseclassic.com



"အမေနဲ့အမေ ဘယ်သူကအထက်ကျသလဲကွာ"

တိုးကိုက မျက်လုံးပြူးသွားပြီး . . .

"မင်း စကားထာကဘာလဲကွ၊ ဘာအဓိပ္ပါယ်ကြီးလဲ"

"ငါပြောတာရှင်းနေတာပဲ ငတိုးရ"

"ဘယ်နေရာမျိုးမှာပြောတာလဲ"

"ကြိုက်တဲ့နေရာမျိုးနဲ့ ပြောနိုင်တယ်"

တိုးကိုက ခေါင်းကုတ်ရင်း . . .

"အဖေက အထက်ကကျတယ်ကွာ"

ဥက္ကာက ဝမ်းသာအားရသံကြီးဖြင့် . . . .

"မှားတယ်"

တိုးကိုက မအူမလည်ဟန်ဖြင့် . . .

"ဟောကောင်. . . ဘာမှားလို့လဲ"

ဥက္ကာက . . .

"မှတ်ထား၊ မေမြို့လို့ပဲရှိတယ်၊ ဖေမြို့လို့မရှိဘူး"

တိုးတိုးက . . .

"ဒါ. . . မင်း သက်သက်လူလည်ကျတာပဲ"

ဥက္ကာက အသာစီးရနေသောဟန်ပန်နှင့် . . .

"မင်းလိုပဲပေါ့ကွာ"

သူကကြားဝင်၍ . . .

"ကဲ. . . မင်းတို့နှစ်ယောက် ဆက်မငြင်းနဲ့တော့၊ ငါ ဒိုင်လုပ်ပြီး မင်းတို့ကို ဗဟုသုတရှာဖွေတဲ့မေးခွန်းမေးမယ်၊ မင်းတို့ထဲက ဖြေနိုင်တဲ့ အကောင် မေလေးကို အရင်စလှူပ်ရှား၊ ကျန်တဲ့တစ်ယောက် နောက်ဆုတ် ဟုတ်လား၊ ငါမေးတာကို မင်းတို့နှစ်ယောက်စလုံးမဖြေနိုင်ရင်တော့ အဲဟဲ ဒိုင်ရိတ်မှာနော်၊ မင်းတို့နှစ်ယောက်စလုံးဖြေနိုင်ရင် ဒိုင်ပြန်လျှော်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



က. . .ဘယ်လိုလဲ"

တိုးကိုနှင့်ဉက္ကာက သူတို့အချ( င်း)ချင်း အကြည့်ဖလှယ်လိုက်ကြပြီး မေးသပ်ကာစဉ်းစားနေကြ၏။ ပြီးမှ (တ)ိုးတိုးက . . .

"မေးကွာ. . .ငါဖြေမယ်"

ဉက္ကာကလဲ အားကျမခံ . . .

"ရတယ်. . .မေးသာမေး၊ ငါလဲဖြေမယ်၊ ငါဖြေနိုင်လို့ကတော့ ကွာ ညီအစ်မနှစ်ယောက်လုံးကို တောင်ညာစံ မြောက်ညာစံထားပြီး အခန့်သ(ား). . .(ပွ)ဲပစ်လိုက်မယ်"

တိုးကိုက တအင်းအင်းနှင့်မျက်နှာရှုံ့မဲ့ပြ၏။ သူက . . .

"ကဲ. . .ကဲ. . .ငါစပြီးမေးပြီ၊ သေသေချာချာ နားထောင်နေနော်၊ မကြားလို့ နှစ်ခါပြန်ပြောနယ်မထင်နဲ့"

"မေးမှာသာမေးစမ်းပါ ဒိုင်ချုပ်ကြီးရယ်"

သူက ချောင်းဟန့်လိုက်ပြီး. . .

"ငါမေးတဲ့မေးခွန်းကတော့ တိုင်တန်းနစ်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခန်းမှာကွာ သင်္ဘောနစ်နေပြီ၊ အဲဒီအချိန်မှာ ဂျက်က ရိုစ့်ကို အသက်ကယ်လှေပေါ် အမြန်တင်ပေးလိုက်တဲ့အခန်း၊ အသက်ကယ်လှေပေါ်(ရ)ောက်သွားတဲ့ရိုစ့်က နစ်တော့မယ့်သင်္ဘောကြီးပေါ်မှာ ကျန်နေခဲ့တဲ့ ဂျ(က်)ကို ပိုက်ကြည့်နေတဲ့အခန်း၊ ဂျက်နဲ့ရိုစ့်ဟာ တစ်ဦးကိုတစ်ဦး အသ(နာ)ဦးအသနစ်ခံစားပြီး အပြန်အလှန် စူးစိုက်ကြည့်နေကြတဲ့အချိန်၊ အဲဒီ(အ)ချိန်မှာ ရိုစ့်အဖြစ်သရုပ်ဆောင်တဲ့ ကိတ်ဝင်းစလက်ရဲ့နှာခေါင်းထဲမှာ နှပ်ချီးဖပ်ဘယ်နှစ်ဖက်ကပ်နေသလဲ"

သူ့စကားကို စိတ်ပါဝင်စားစွာ နားထောင်နေရာမှ တိုးကိုနှင့် ဉက္ကာမှာ ခါတ်လိုက်သလို တွန့်သွားကြပြီး သူ့ကို ဝိုင်း၍ထုထောင်းကြ(ိတ်)ပုတ်ကြပါတော့သည်။ ယင်းသို့ပြုရင်းနှင့် သူတို့နှစ်ယော(က်)ပါးစပ်မှ



www.burmeseclassic.com

www.burmeseclassic.com



လည်း . . .

“နင့်ကြီးဒေါ် ယသိုင်းမွှေးလောက်ရှိတယ်တဲ့”

“မင်းဘိုးအေ ဆင်ချီးပုံလောက်ရှိတယ်ကွ”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဆွတ်ပျံ့ဖွယ်ရာကောင်းသော နေ့ရက်များအကြောင်းကို ယခုမှ သူကောင်းကောင်းသိချင်လာ၏။ ယခင်က တိုးကိုတို့လမ်းကလေးထဲကို ဘာသိဘာသာသွားနေမိသော်လည်း စိတ်ခံစားမှုထူးခြားခြင်းမဖြစ်ခဲ့။

"ငါ. . . ဒီနေ့. . . ဒီလမ်းထဲလာရတာ ရင်ထဲမှာ ဟာတာတာကြီး ကွ၊ မမတို့အိမ်ရှေ့ဖြတ်လာတော့ မမကို ပိုသတိရလာတာဟာ"

"မင်းနဲ့ ဘာမှလည်းမငြိသေးဘဲနဲ့ အဖြစ်သည်းပြမနေစမ်းပါနဲ့ လင်းဝေမိုးရာ"

သူငြိမ်နေပေးလိုက်၏။ တိုးကိုတို့ အိမ်ရောက်သောအခါ ဆိုင်ကယ်(လ်)ကို ခြံထဲထိုးထားရင်း အိမ်ထဲမှထွက်လာသော တိုးကိုအား သူ လှမ်း၍ပြောလိုက်၏။

"ဝတိုး. . . နေ့ခင်းနေ့လယ် တီးသွားဆွဲရအောင်ကွာ"

"အိမ်မှာရှိတာပဲ၊ မင်းစိတ်ကြိုက်ဖျော်သောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဖေးမှာထိုင်ပြီး လမ်းသွားလမ်းလာတွေ မျက်စိစားပွဲထိုင်ချင်လို့ ဆိုင်ကို တမင်သွားချင်တာကွ"

တိုးကို ဘာမှပြန်မပြော။ အဝတ်အစားလဲပြီး လမ်းထဲမှ ပြန်ထွက်လာခဲ့ကြ၏။ လမ်းမတန်းမှာ နေရာကောင်းသော ကဖီးဆိုင်သန့်သန့်လေးရှိ၏။

မိုးသားတက်နေ၍ ဝန်းကျင်အပူချိန်မှာ ထိန်းညှိထားသလို နေသာထိုင်သာရှိလှ၏။ သုံးယောက်သား ထွေရာလေးပါး ပြောဆိုငြင်းခုံရင်း ကဖီးဆိုင်လေးကို ရောက်လာ၏။ လမ်းဖက်ကျသောနေရာကို ရွေးပြီး တိုးဆွဲကြ၏။ သောင်းပြောင်းထွေလာပြောကြ၏။ သီချင်းနားထောင်ကြ၏။ မေလေးအကြောင်းလဲ ပြော၏။ ငြင်းခုံ၏။ မမအကြောင်းလည်း ပြော၏။ ဝေဖန်ကြသည်။

ကဖီးဆိုင်မှာ ထိုင်ကောင်းကောင်းနှင့် ညနေစောင်းလာသည်အထိ မထဖြစ်ကြ။ တိုးကိုက ကျောင်းတုန်းကအကြောင်းတွေ ပြန်လှန်နေသဖြင့် ညနေငါးနာရီထိုးသွားခဲ့၏။

"တို့ထိုင်တာကြာပြီ၊ ဆိုင်ရှင်လဲ ရေနွေးဓါတ်ဗူးတွေ တောင်းလွန်းလို့ မျက်နှာပုပ်ချင်လာပြီကွ"

ဉက္ကာက သတိပေး၏။

တိုးကိုက . . .

"တော်ကြာ လက်ဖက်ရည်ဖိုးမတောင်းဘဲ ရေနွေးဖိုးပဲတောင်းနေရင် ဒုက္ခ၊ ဟာ. . . ခဏနေဒုံး၊ သိပ်မကြာခင်မှာ မေလေးထွက်လာလိမ့်မယ်၊ သူ့အမလဲမရှိဘူး. . . အပိုင်ပဲ"

သူက . . .

"မင်းက ဘယ်လိုလုပ်သိနေတာလဲ"

တိုးကိုက . . .



www.burmeseclassic.com

www.burmeseclassic.com



“သိပ်သိတာပေါ့၊ မေလေးရဲ့ တစ်နေ့တာ ပုံမှန်အလုပ်တွေကို ငါ အချိန်ဇယားပြုစုထားတယ်၊ အဝင်အထွက်လွတ်အောင်လို့. . . ဟာ သတိလစ်သွားတယ်ကွာ၊ ဦးကျော်ရှိနေတုန်း လျှို့ဝှက်အကွက်တွေ သွားပြော လိုက်မိတယ်”

ဦးကျော်က မုတ်ဆိတ်မွေးနှစ်မျှင်ကိုသပ်ပြီး စဉ်းစားနေ၏။ ပြီး မှ. . .

“မင်းမပြောလဲ ငါသိပြီးသားပါငတိုးရာ၊ ဒီအချိန်ဆို လမ်းထိပ်ကို မေလေး အခွေထွက်အပ်နေကျမဟုတ်လား၊ စာအုပ်ဆိုင်လဲ ဝင်တတ် တယ်ကွာ၊ သူကအိမ်မှာခိုင်းထားတဲ့ အဖော်ကောင်မလေးကို အဖော်ခေါ် လာတတ်တယ်. . . ဟုတ်လား”

“မင်း ဘယ်လိုသိနေတာလဲ ဦးကျော်”

“ဒီလိုပဲပေါ့”

“ဟေ့ကောင်. . . ဘာဒီလိုပဲလုပ်မနေနဲ့၊ ဒီနေ့ မင်းတို့ အခြေ အနေစောင့်ကြည့်ပေး၊ မင်းတို့အနားမှာရှိရင် ငါအားရှိတယ်၊ မေလေး လမ်းထဲကထွက်လာရင် ငါလိုက်စကားပြောမယ်”

“ဘယ်ရမလဲ၊ ဒါလဲ ဒီအခွင့်အရေးကိုချောင်းနေတာ၊ မဝင်ရဲ သေးလို့ အသာလေးဆိုင်းထားတာကွ၊ မဖြစ်ပါဘူး၊ မင်းက ဝင်မို့ပြင်တော့၊ ငါလဲ မင်းအရင်ရအောင် ဝင်မှဖြစ်တော့မယ်”

သူက. . .

“မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး၊ သောက်ရူးနှစ်ကောင်က ထကိုက်နေကြပြီ”

“အံမာ. . . မင်းလိုပေါ့ကွ ငပေရ”

တိုးကိုက ချက်ခြင်းတုံ့ပြန်လိုက်သောစကား။

ဦးကျော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါကို့ ဘယ်လိုဆုံးဖြတ်ကျရင်ကောင်းမလဲ လင်းဝေမိုး"

သူက . . .

"အလျှော့ပေးလိုက်စမ်းပါကွာ၊ ငတိုး အရင်လိုက်ပစေ၊ သူ့ကို ကြည့်ရင် သူ့ကံပေါ့၊ သူ့ကိုမကြည့်ရင် သူပြန်လာလိမ့်မယ်၊ မင်းလိုက်ပေါ့"

သူတို့ပြောဆိုနေကြဆဲမှာ လမ်းထဲမှ မေလေးထွက်ပေါ်လာ၏။ ဦးက္ကာပြောခဲ့သလို အဖေါ်ကောင်မလေးနှင့် မေလေးလက်ထဲမှာ စာအုပ်တွေ ခါတ်ပြားတွေနှင့်။ အဖေါ်ကောင်မလေးလက်ထဲမှာ မေလေး အသင့်နှိုက် စားဖို့ပြင်ပေးထားသော နေကြာစေ့လှော်အိတ်တစ်အိတ်နှင့်။

အဝေးကကြည့်လျှင်ပင် ထင်းခနဲမြင်သာသောအလှဖြင့် ထမီ စကတ်ကြီးကို ရွရွလေးဝတ်ဆင်လှမ်းလာသည့် မေလေးအား ကိုးကိုနှင့် ဦးက္ကာတို့ ငေးခနဲဖြစ်သွား၏။ သူက . . .

"မင်းတို့ရဲ့ ခေါ်တော့ခုနှစ်ကောင်အားကို လျှော့လိုက်ကြအုံး၊ မျက် ဘုံးထဲက အခိုးတွေတောင် ထွက်လာပြီ"

ထိုအခါကျမှ နှစ်ယောက်စလုံး အကြည့်တွေပြင်ပြီး အရှက်ပြေ ရယ်ကြ၏။ သူက . . .

"ငတိုး . . . မင်းလိုက်ပေတော့၊ တို့ ဒီက စောင့်ကြည့်ပေးထား မယ်၊ တစ်ခုတော့ရှိတယ်နော်၊ မေလေးပြန်ပြောတဲ့စကားကို ဒီမှာ အမှန် အတိုင်းပြန်ဖွင့်ကြရမယ်၊ ဘယ်နှယ်လဲ"

"ဖြစ်ရစေမယ်၊ အိုကေ. . . ငါလိုက်ပြီ"

တိုးကိုကပြောပြီး ဘက်ဂီပန်(လ်)ကို အသာဆွဲတင်ပြီး အင်္ကျီကို သုံးခါလောက် ကော်လံပြုပြင်လိုက်၏။ ပြီးလျှင် ဆံပင်အလယ်ခွဲကို လက် ဖဝါးနှင့်ပွတ်သပ်ပြီး . . .

"ငါ့မျက်နှာ အဆင်ပြေရဲ့လား၊ မှန်ကလဲမရှိဘူး၊ ကြည့်ပေးစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ၊ ငါ့မျက်နှာမှာဘာတွေပေနေတာရှိသေးလဲ''

သူက . . .

''အဆင်ပြေပါတယ်ကွာ၊မင်းဆံပင်ပုံစံနဲ့ မင်းမျက်နှာက ဘဲခေါင်းခြောက်ကို ပဲဟင်းအိုးထဲနှစ်ထားသလိုပဲ၊ အပဲ အလကားပြောတာပါ၊ ဟိုမှာ မင်းအချိန်ယူတာနဲ့ အခွေဆိုင်နားကို မေလေးရောက်သွားတော့မယ်''

ဥက္ကာကလည်း . . .

''မင်းကလုပ်ပြီးသားပါ ငတိုးရာ၊ မင်းကိုမြင်ရင် ဟောလိဝုဒ်က ဒါရိုက်တာတွေ ရုပ်ရှင်ရိုက်ဖို့ တန်းပြီးသဘောတူစာချုပ် ချုပ်သွားလိမ့်မယ်၊ သရဲကားရိုက်ဖို့လေ''

တိုးကိုက သူ ဥက္ကာအား ဘာသာစုံဆဲပြီး ဆိုင်ထဲမှ အမြန်ထွက်သွား၏။ ဆိုက်ကိုက်အပြည့်ထုတ်ပြီး လျှောက်သွားနေခြင်းပင်။ မကြာခင်မှာ မေလေးကို လိုက်မီသွားတာ လှမ်းတွေ့ရ၏။ ဥက္ကာက သေခါနီးအသွားအိုလေသံဖြင့် . . .

''ဒီကောင့်နောက်ပါသွားရင် ငါတော့ ဂန့်ပြီလင်းဝေမိုးရာ''

''မေလေးကြိုက်လို့ပါသွားတော့လဲ ငတိုးအတွက် မုဒိတာပွားပြီးလက်ခုပ်တီးပေးရတာပေါ့ကွာ၊ ဒါပေမဲ့သိပ်ပူမနေစမ်းပါနဲ့၊ တို့တွေ စတွေ့တုန်းက မေလေးရဲ့မျက်လုံးတွေ မင်းဆီမှာလာစိုက်နေတာကို ငါသတိထားခဲ့မိတယ်၊ ကံထူးသူက မင်းဖြစ်ချင်ဖြစ်လာမှာပါ''

''ဟုတ်ရဲ့လားကွာ''

ဥက္ကာ၏မျက်နှာငယ်၊ လေသံတိုးလေးနှင့်မေးလာသောစကား။

သူက . . .

''ဟုတ်ပါတယ်ကွာ''

''တကယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . . တကယ်ပါ"

"အဟုတ်"

"အေး"

"ဖြစ်နိုင်လို့လားဟင်"

ဥက္ကာကို သူ နဘမ်ရုပ်တီးပစ်လိုက်၏။ ထိုအခါကျမှ ဥက္ကာ ငြိမ်သွားပြီး မေလေးနှင့်တိုးကိုထံ အကြည့်တွေလွှင့်ပျံသွား၏။

တိုးကိုမှာ ဘယ်လိုဖြစ်သွားသည်မသိ။ အခွေငှားဆိုင်ရှေ့မှာ မေလေးနှင့် သုံးလေးမိနစ်လောက် စကားရပ်ပြောပြီးသည်နှင့် ပြန်လှည့်လာ၏။ မေလေးက အခွေဆိုင်ထဲဝင်သွား၏။ မှင်သေသေဖြင့်ပြန်လာသော တိုးကိုအမူအရာကို ကြည့်၍ သူနှင့်ဥက္ကာမှာ အဆိုးအကောင်း ခန့်မှန်းရ ခက်နေမိ၏။

တိုးကိုက ဝင်ထိုင်ထိုင်ချင်းပင် ဖူးခနဲ သက်ပြင်းကြီးမှုတ်၍ မျက်နှာကြီးနီနေတာကို လက်နှင့် သုံးလေးခါသပ်ဖြေနေ၏။ သူနှင့်ဥက္ကာလည်း တိုးကို ပို့ရုက်သွားမှာစိုး၍ မမေးရဲမပြုရဲ။ ထိုသို့ ငြိမ်နေမိခြင်းကို တိုးကို ကို ပို၍အနေရခက်သွားစေဟန်တူ၏။ တိုးကို စဖွင့်လေပြီ။

"ဗိုင်းနာမ. . . အလကားမိန်းမ"

ဥက္ကာ ငြိမ်နေရာမှ ရှူးရှူးရှားရှားဖြစ်သွား၏။

"မင်းနဲ့မကြည်တိုင်း ဒီလိုမပြောသင့်ဘူး ငတိုး"

တိုးကိုက . . .

"ငါ ဘယ်သူ့ပြောနေတယ်ထင်လို့လဲ"

"မင်း. . . မေလေးကိုပြောနေတာမဟုတ်လို့ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထပ် . . . အူကြောင်ကျွတ်ရယ်၊ မှားပြီးရင်းကိုမှားပါတယ်၊ ငါပြောနေတာက ငါ့အိမ်ဘေးက ဟန်နီ့ကိုပြောနေတာကွ၊ ဘာကြောင့်လဲ သိလား၊ ဟန်နီက မေလေးနဲ့သူငယ်ချင်းဖြစ်နေပြီ၊ ဒါကြောင့် ဟန်နီ့ကို ငါ အပိုင်စည်းရုံးပြီး မေလေးကို နားချခိုင်းရတာပေါ့၊ ခုတော့ ဟန်နီက နားချတာလွန်သွားပြီး ငါ့ရည်းစားဟောင်း နွေးနွေးအကြောင်းတွေပါ ဖွင့်ချလိုက်မိလို့ အခု မေလေးက ငါ့ကိုပညာပေးလွှတ်လိုက်တယ်"

"ဘာတဲ့လဲ"

"ဘာရမှာလဲ၊ နွေးနွေးက ရှင့်ကိုစိတ်မပြတ်သေးဘူးတဲ့၊ တစ်ယောက်ပြီးတစ်ယောက်ပြောင်းတဲ့ ရှင်တို့ယောကျ်ားလေးတွေသိက္ခာကို မေ ဘယ်လိုနားလည်ရမလဲတဲ့၊ မေ့ကို ရှင်မကြိုးစားပါနဲ့တဲ့၊ ရှင် ဒီလောက်အထိ ရဲတင်းလာတာ ရှင့်အစား မေရှက်တယ်တဲ့၊ သာသာနဲ့နာနာနက်တဲ့စကားတွေနဲ့ အူပြီး ငါလဲပြန်လာခဲ့ရတော့တာပဲ"

"မင်းက နွေးနွေးနဲ့ပြတ်သွားပြီဆိုတာ ဂဃနဏ မရှင်းပြလိုက်ဘူးလား"

"ရှင်းတာပဲ၊ ကျေးဇူးရှင်က ကိုယ့်ဘက်ပုံပြီး စကားတတ်မနေတော့ ကိုယ့်စကားကိုယ်ပတ်ပြီး အသက်ရှုကျပ်တာနဲ့ အမြန်ပြန်လစ်လာခဲ့ရတာပဲဟော့"

ဥက္ကာက ဝမ်းသာအားရထပြီး . . .

"ဒါဆို . . . ငါ့အလှည့်"

သူက . . .

"နေအိုးလဒရဲ့ ရမ်းမဝင်နဲ့၊ ငတိုး . . . မင်းနဲ့ဥက္ကာရဲ့ပတ်သက်မှုကို မေလေးသိလား"

"တို့ တစ်ဖွဲ့ထဲဆိုတာ သိပြီးသား"

တိုးကိုဇော်ပြန်ဖြေသံ။ သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်း ဒီမှာထိုင်ပြီး မေလေးနောက်ကိုလိုက်တယ်ဆိုတာ ကော မေလေးသိလား"

"ဒါတော့ သိပုံမပေါ်ဘူး၊ ဘာဖြစ်လို့လဲ"

"ဒီလိုလေကွာ၊ မင်းပြီးတော့ ဒီကောင် ဆက်လိုက်သွားတာ တစ်နေ့ရာထဲကဆိုရင် မေလေး တောင်ထင်မြောက်ထင် ထင်နေအုံးမယ်၊ ဥပမာကွာ မိန်းကလေးတစ်ယောက်ကို လောင်းကြေးစားကြေးလိုက်တာတို့ ဘာညာတို့ လျှောက်ထင်မှာကိုပြောတာ၊ တို့က စုထိုင်ပြီး လူလဲလိုက်ကြ တာကိုးကွ"

"တွေးပူနေပြန်ပြီ၊ အဲ့ဒါတွေကို ကျေးဇူးရှင်မလေးက သူ့နေကြာ စေ့ထုပ်လောက်တောင် ဂရုစိုက်မှာမဟုတ်ဘူး"

"ဒါဆို ဥက္ကာအလှည့်ပေါ့"

"ဒါပဲ ရှိတော့တာပေါ့ကွာ၊ ငါတော့ လွှင့်သွားပြီ၊ ကပ်လို့ရတော့ မှာမဟုတ်ဘူး၊ ဟန်နီအပို့ကောင်းလို့ အခုတော့ အောင်ဖေမှာ ညောင်းရှာ ပြီပေါ့"

ဥက္ကာက . . .

"တိတ်စမ်းပါကွာ၊ လဒတို့မျက်ရည် မြေမကျကောင်းပါဘူး"

"ပြိတ္တာတို့မျက်ရည်ပါကွာ"

"ပြိတ္တာဖြစ်ရ---ာက်စားချင် လဒက တော်သေးတာပေါ့"

"အေးပါ. . . မင်းအကြောလဲ တစ်ယောက်ယောက်ဖေါ်ကောင်လုပ် ရင် ဂျွမ်းပြန်လုန်ပြီး ငါ့လို လဒငို ငိုရအုံးမှာပါ ဥက္ကာရာ"

ဥက္ကာက စတိုင်(လ်)ဘောင်းဘီကို သပ်ရပ်အောင်ပြင်ဝတ်ပြီး ခပ် ဟားဟားရယ်နေ၏။ သူက . . .

"ဟိုမှာ. . . မေလေးပြန်ထွက်လာပြီ ဥက္ကာ၊ မင်း ဒီကက်လမ်းမ ကနေစိုက်ပြီး မေလေးနောက်ကလိုက်နော်၊ ငတိုး ဒီနိရုံးက နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ကွယ်နေပေးလိုက်၊ ဥက္ကာထွက်လိုက်တော့”

ဥက္ကာက ဒီဖက်ပလက်ဖေါင်းမှ လမ်းတစ်ဖက်ကိုကူးကာ တစ်ဖက်ပလက်ဖေါင်းအတိုင်း စုန်၍မျောလိုက်သွား၏။

“တွေ့လား. . . မင်းအဘကိုချီးကျူးထား၊ ချီးကျူးထား”

“မုဒိတာပွားစမ်းပါ တိုးကိုရာ၊ အခု မင်းရင်ထဲမှာ ဘယ်လိုခံစားရသလဲ”

“ပူစပ်ပူလောင်ကြီး နေမထိထိုင်မသာကြီးကို ဖြစ်နေတယ်”

“မပူနဲ့၊ အဲ့ဒီခံစားမှုတွေ ချက်ချင်းပျောက်သွားတဲ့နည်းကို ငါသိတယ်၊ ငါပြောတဲ့အတိုင်းသာလုပ်”

“အင်း. . . အင်း. . . ပြောစမ်းပါအုံး၊ နောက်ထပ် ကျေးဇူးရှင်အသစ်ကလေးရဲ့ ဝေဒနာမြန်မြန်ပျောက်အောင် ဘယ်လိုနည်းနဲ့ ကုရမှာတဲ့လဲ”

“မင်း အခု အိမ်ပြန်သွား၊ ပြီးရင် ကုတင်ပေါ်လှဲ၊ အိပ်ဆေးတစ်ပုလင်းလုံးကုန်အောင်မျိုချ၊ ဝေဒနာပါမဟုတ်ဘူး၊ လူပါပျောက်သွားလိမ့်မယ်”

တိုးကိုထံမှ ဘာသာစုံနှိပ်ကွက်သံတွေ ပွက်ပွက်ညံသွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နာရီဝက်ခန့်အကြာမှာ ဥက္ကာပြန်ရောက်လာ၏။ ပီတိတွေဖုံးနေသောမျက်နှာနှင့်။

"ဘယ်လိုလဲ"

ဥက္ကာဝင်ထိုင်ထိုင်ခြင်း သူမေးလိုက်ခြင်းပင်။

ဥက္ကာက . . .

"ကောင်းမှကောင်း"

တိုးကိုက မမြင်မကြားချင်ဟန်ဖြင့် မျက်နှာလွှဲနေ၏။ သူက ဥက္ကာအား . . .

"မေလေးက ဘာပြောလိုက်လဲ"

"ငါက ရင်ဖွင့်တဲ့စကားကို တန်းပြောလို့ဘယ်ကောင်းမလဲ၊ ဒါကြောင့် ဘယ်ကလာလဲ၊ ဘာလဲကစဝင်ရတာပေါ့၊ မေလေးက အကောင်းကောင်းမွန်မွန်ပဲပြန်ဖြေတယ်၊ တစ်ယောက်ကိုတစ်ယောက် ခင်မင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ပြောကြတယ်ပေါ့ကွာ၊ ငါက အိမ်လာလည်ရမလားလို့မေးတော့ လာလေ. . . ရပါတယ်တဲ့ အဟီး''

တိုးကိုက ဥက္ကာကို စောင်းငမ်းငမ်းဖြင့်ကြည့်ရင်း . . .

''မင်းကို သူ့ဖိနပ်တိုက်ခိုင်းမယ့်ခေါ်တာနေမှာပေါ့''

''ထပ်. . . အဲ့ဒါ မြောင်းဖေါ်ပေးတာကွ၊ ငါက စမ်းရေလေးလို စီးဆင်းသွားရုံပဲ''

ဥက္ကာ၏စကား။ တိုးကိုက . . .

''မြောင်းကျွံမှ ကြည့်လို့လှနေအုံးမယ်''

သူက ကြားငင်၍ . . .

''မင်းအကြောင်းကော မေးသေးလား''

''မေးတာပေါ့''

''ဒါဆို မင်းကို မေလေး လေ့လာနေပြီကွ''

''လေ့လာရမယ်လေ၊ မကြာခင်မှာ တို့က နှလုံးသားချင်းသိနား လည်ကြရတော့မှာပဲ၊ မင်းနဲ့မမကြီးကြည့်သွားရင် ငါနဲ့မေလေးလဲ ညက် သွားရင် မင်းနဲ့ငါ မယားညီအစ်ကိုဖြစ်သွားပြီနော် လင်းဝေမိုး''

သူနှင့်ဥက္ကာမှာ သွားဖြီးပြီး စကားအရသာခံနေစဉ် တိုးကိုက. . .

''*ဖခင်ဘုရင်ကြီးမှာ×××မကြားလိုပါ×××မကြားလိုပါ*''

ရှေးသီချင်းတစ်ပိုင်းတစ်စကို အသံပြာကြီးဖြင့် ထဆို၏။ ဥက္ကာ က. . .

''နားဆင်တော့ကွယ်×××မင်းပေးတဲ့သီချင်းလေးတစ်ပုဒ်ပါပဲ''

သူက ထပ်မံ၍ ကြားဝင်လိုက်ပြီး . . .

''တိုးကို. . . မေလေးပြောသလို နွေးနွေးက မင်းကိုမပြတ်နိုင်သေး ဘူး၊ မင်း နွေးနွေးကို ပြန်ပြီးလှုပ်ရှားပါလား''

တိုးကို ငြိမ်ပြီးစဉ်းစားသွား၏။ ဥက္ကာကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"နွေးနွေးကို အရင်က မင်းဘဝရဲ့အချစ်ဆုံးဆို"

"အရင်ကတော့ဟုတ်တယ်၊ နွေးနွေးနဲ့ငါ တစ်ယောက်အလိုကို တစ်ယောက် အမြဲတမ်းမလိုက်နိုင်တာနဲ့ ခွာပြဲခဲ့ကြတာပဲ၊ ငါ့ကိုယ်ငါ သေချာအောင်ပြန်ဆန်းစစ်ကြည့်ရင် နွေးနွေးကို လွမ်းချင်နေတုံးပဲ၊ အဲ့ဒါ ဘာသဘောလဲ လင်းဝေမိုး"

"မင်း နွေးနွေးကို ချစ်နေတုန်းပဲဆိုတဲ့သဘောပေါ့ကွာ"

"ဒီတော့ ငါဘာဆက်လုပ်သင့်သလဲ"

"မေလေးကို စိတ်လျှော့လိုက်တော့ မင်းအကြောင်းကိုသိနေလို့ မေလေးက မင်းကို လက်ခံဖို့စဉ်းစားမှာတောင် မဟုတ်တော့ဘူး၊ ငါ ပြောသလို နွေးနွေးအနားကိုပဲ မင်းပြန်သွားပါလား"

"ငါခွဲသွားတာကြာလို့ နွေးနွေးကနေ ပူပူဖြစ်ပြီး ငါ့ကို ခါထုတ်နေရင် ဘယ်လိုလုပ်မလဲ"

ဉက္ကာက ကြားဝင်၍ . . .

"ငါ အာမခံတယ်၊ အရင်လိုပဲ နွေးနေစေရမယ်"

တိုးကိုက . . .

"ဘာအာမခံတာလဲ၊ အခုမှ အကျိုးဆောင်စေတနာတွေ လာထားမနေစမ်းပါနဲ့၊ မေလေးအနားကနေ မင်း ငါ့ကို ပ,ထုတ်ချင်နေတာ မဟုတ်လား"

"အဲဒါလည်းပါတာပေါ့ကွာ"

ပြောပြီး ဉက္ကာက စပ်ဖြီးဖြီးလုပ်နေ၏။ တိုးကိုက ဉက္ကာနားထင်မွေးကို လက်မနဲ့ အပေါ်လှန်တွန်းပစ်လိုက်၏။ ဉက္ကာအော်ရင်း တိုးကို နားရွက်ကို ပြန်လိမ်ဆွဲ၏။ သူက မမအကြောင်းကို တွေးငြီး သတိရနေမိ၏။

(ကျွန်တော့်ဘဝရဲ့ ခန့်မှန်းရခက်ခဲတဲ့ ရာသီဉတုနဲ့တူပဲ မမကို

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်လိုကစ,ပြီး ဖွင့်ပြောရပ့်မလဲ၊ အတွေးတွေ ကွဲရှစုံးစိုက်ပြီး မျှော်လင့်ခြင်းတွေ ပွေ့ပိုက်ပြန်လာခဲ့ရတဲ့ ညနေဦးမှာ တိမ်ပန်းချီတွေ ကွယ်ပျောက်၊ ကျွန်တော်တစ်ယောက်တည်း ရှုးချင်လာပြီမရယ်)

ရက်သတ္တပတ်တိတိပြည့်သောအခါ မမ ပြန်ရောက်လာခဲ့ပါသည်။ တိုးကိုထံမှ ဖုန်းသတင်းရရခြင်းပင် သူတစ်ယောက်တည်း ထွက်လာခဲ့မိ၏။ ဥက္ကာကိုပင် အကြောင်းမကြားမိ။ အဖော်မညှိဖြစ်။

မမတို့လမ်းထိပ်ရောက်သောအခါ မမထံ တိုက်ရိုက်ဝင်တွေ့သင့် မတွေ့သင့် စဉ်းစားလိုက်မိ၏။ မမ အပြင်ထွက်လာအောင် စောင့်မည်ဆိုပါက တစ်နေကုန်ချင်လည်းကုန်နိုင်၏။ အကြံတစ်ခုရ၏။

မမတို့အိမ်ရှေ့မှာ ဆိုင်ကယ်(လ်)ကိုရပ်တန့်လိုက်ပြီး ခြံတံခါးမှာတပ်ဆင်ထားသည့် အိမ်မကြီးနှင့် ဆက်သွယ်ထားသော လူခေါ်ဘဲ(လ်)ကိုနှိပ်လိုက်၏။ နှစ်မိနစ်လောက်မှာ လူဝင်ပေါက်တံခါးလေး ဟ,လာ၏။ အဒေါ်ကြီးတစ်ယောက်။ ခန့်ခန့်သန့်သန့်အသွင်အပြင်မို့ မမတို့ကိုစောင့်ရှောက်ပေးဖို့လာနေသော အဒေါ်ကြီးဖြစ်မှန်း သူတန်းခနဲသိလိုက်၏။

"ဘာကိစ္စများရှိလို့ပါလဲကွယ်"

အဒေါ်ကြီး မေးရိုးမေးစဉ်အတိုင်းမေးလာ၏။ မျက်နှာချိုချင်ဟန်ရှိသော်လည်း မျက်လုံးများက စူးရှတောက်ပနေ၏။ သူ့ကို ခြေဆုံးခေါင်းဆုံး လေ့လာနေဟန်လည်းရှိ၏။

"ကျွန်တော်. . . မခင်မာလာပွင့်ဖူးနဲ့ တွေ့ချင်လို့ပါ"

"သူငယ်နာမည်က. . ."



www.burmeseclassic.com

www.burmeseclassic.com



"လင်းဝေမိုးပါ"

"အန်တီ. . . သမီးကို သွားမေးလိုက်အုံးမယ်၊ ခဏနော်"

အဒေါ်ကြီး အထဲဝင်သွားပြီး ငါးမိနစ်လောက်အကြာမှာ ပြန်ထွက်လာ၏။

"ဒီမှာသူငယ် မင်းနာမည်က လင်းဝေမိုးနော်"

"ဟုတ်ကဲ့"

"သမီးက သူ့အသိထဲမှာ အဲ့ဒီနာမည် မရှိဘူးလို့ပြောလိုက်တယ်"

မမ ပြုစားလေပြီ။ သူ ပျာချင်လာ၏။ သူ့နာမည်ကို မမှတ်မိ၍ မမ ပြန်ပြောလိုက်ခြင်းပေပဲလား။

မဖြစ်နိုင်။ မမ မေ့လိမ့်မည်ဟု သူတွေးမြင်၍မရ။

"နေပါစေတော့ အန်တီ၊ ကျွန်တော် ပွိုင့်ကဖေးကိုပြန်တော့မယ်၊ လူမှားတယ်ထင်ရင်လည်း ခွင့်လွှတ်ပါလို့၊ ခင်မာလာကို ပြောပြပေးလိုက်ပါ၊ နောက်ပြီး ကျွန်တော် ပွိုင့်မှာ တစ်နေကုန်စောင့်ဖြစ်နေမယ်လို့လဲ သေသေချာချာ ပြောပြပေးလိုက်ပါ၊ ကျေးဇူးပဲနော် အန်တီ"

အဒေါ်ကြီးက သူ့စကားကို မျက်မှောင်ဆွဲကြည့်ရင်း နားထောင်နေ၏။ တစ်စုံတစ်ရာပြန်မပြော။ သူ ဆိုင်ကယ်(လ်)ပေါ်ပြန်တက်ပြီး လမ်းထိပ်ကို ပြန်မောင်းထွက်လိုက်၏။ တိုးကိုကိုပင် သွားမခေါ်တော့။

မမပြုစားမှုကြောင့် ရင်ထဲမှာ ခပ်မျော့မျော့ဖြစ်နေမိ၏။

တစ်နေ့တာလုံးကို ပွိုင့်မှာ အချိန်ဖြုန်းဖို့ သူဆုံးဖြတ်၏။

မမ ရောက်လာလိုရောက်လာငြား မျှော်လင့်မှုပါးပါးကလေးဖြင့် စောင့်နေချင်သည်။ အကယ်၍သာ မရောက်လာခဲ့လျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com



မမရောက်မလာခဲ့။ ညခုနှစ်နာရီထိုးမှ သူ လေးပင်စွာထပြန်ခဲ့၏။

အိမ်ရောက်တော့ အိပ်ယာထဲခွေနေလိုက်၏။ မကြာ။ တိုးကိုထံမှ ဖုန်းလာ၏။ သူက အခြေအနေမှန်ကို ပြောပြလိုက်၏။ တိုးကိုဟား၏။ ပြီးမှ . . .

"နောက်နေ့လဲ ထပ်ပြီး ဒုက္ခခံစောင့်လိုက်ပါအုံးလား ငဝေ"

"မပူနဲ့၊ ငါဆုံးဖြတ်ပြီးသား"

"မင်း တကယ်ပြောနေတာလား"

"အေး"

"ဘာအဓိပ္ပါယ်မှမရှိတာကွာ၊ ဘာအရှုံးထတာလဲ"

"အချစ်ရှုံးထတာ အဓိပ္ပါယ်အများကြီးရှိတယ်"

"မင်းတော့မျောနေပြီ ငဝေ"

"အဲ့ဒီလိုမျောနေမှ ငါအသက်ရှင်လို့ရမှာ၊ မမကို ငါက တစ်စတစ်စနဲ့ စွဲလန်းလာတာမဟုတ်ဘူး၊ ဒိုင်းခနဲ ဒိုင်းခနဲဖြစ်ပေါ်လာတဲ့ ခံစားမှုအကုန်နဲ့ကို စွဲလန်းနေဆိုတာ ငါ့ကိုယ်ငါသိလိုက်ရတယ်၊ ငါဟာ အခု အဲ့ဒီခံစားမှုရဲ့ အကျဉ်းသားဖြစ်နေပြီ၊ ရင်ခုန်သံလက်ခုပ်ထဲကရေပေါ့"

တိုးကိုက ကျွတ်တသပ်သပ်နှင့် လှောင်နေ၍ သူ ဖုန်းချပစ်လိုက်ပြီး ပြန်ခွေနေလိုက်၏။ ဖုန်းထပ်လာပြန်၏။

သူ ကောက်နားထောင်လိုက်သောအခါ ဥက္ကာဖြစ်နေ၏။ တစ်နေ့လုံး သူပျောက်နေ၍ သတင်းမေးလာခြင်းပင်။ သူက ပျောက်နေစဉ်ကာလမှာ တွေ့ကြုံရသမျှကို အတိုချုံးရှင်းပြလိုက်ရပြန်၏။ ဥက္ကာက . . .

"ဘာလဲကွ. . . မင်းမကြီးကလဲ ဘာအထာလဲ၊ ကားအတွင်းတုန်းကတော့ ဆက်ဆံရေးကိုခဲနေတာပဲ၊ အခုလိုကျွဲသွားတာ ဘာကြောင့်လဲ၊ သက်သက်မဲ့ မင်းကို သင်ခန်းစာပေးနေတာများလားပဲ"

"မသိဘူးကွာ၊ မင်းလိုပဲ ငါစဉ်းစားတာ ခေါင်းမူးတာပဲအဖတ်



www.burmeseclassic.com

www.burmeseclassic.com



တင်တယ်၊ ငါဘာသာ တရေးလောက်ဝဝအိပ်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ဆက်စဉ်းစားမယ်. . . ဂွဒ်ညဲ"

"STOP ရပ်၊ ငါပြောစရာကျန်သေးလို့ ခဏလေး"

"ဘာလဲ"

"မေးလေးကိုတွေ့ခဲ့သေးလား"

"နင်းဘွားဒေါ်ကြီးကိုပဲ တွေ့ခဲ့ရပါတယ်ဆိုမှ"

"ဒါဆိုလဲ မနက်ဖြန် မင်းဆီငါလာခဲ့မယ်"

"မလာနဲ့၊ ငါသွားစရာရှိတယ်"

ဥက္ကာကို စကားအမြန်သိမ်းသပ်ပြီး ဖုန်းချလိုက်၏။ ဖုန်းပလပ်ပါ ဆွဲနုတ်ထားလိုက်၏။ ခွေလှဲပြီး အတင်းအိပ်ကြည့်သည်။ မရ။

မမက သူ့ကို လှလှပပကလေး လှောင်ပြောင်ရယ်မောပြနေ၏။

ဖော်ဖော်ဖော်

နောက်တစ်နေ့ ပွိုင့်ကဖေးမှာ မနက်ကိုးနာရီကတည်းက ထိုင်စောင့်နေမိ၏။ မျှော်လင့်မှုပါးပါးကလေးပေါ်မှာ အစိပ္ပါယ်မဲ့သလိုဖြစ်နေသော သူ၏စောင့်မျှော်မှုထဲသို့ (နေ့လယ်နှစ်နာရီခွန်းစွန်းမှာ) မမ ရောက်ရှိလာ၏။

သူ အံ့ဩလွန်းစွာငေးကြည့်နေစဉ် မမက ဣန္ဒြေရရလှမ်းလျှောက်လာပြီး သူ့စားပွဲမှာ ညင်သာနူးစွာ ဝင်ထိုင်လိုက်၏။

"ငပွေငရှုပ်လေး မနေ့က အိမ်ကိုဘာလာလုပ်တာလဲ"

အိပ်မက်လေလားဟု သူ ဝေဝါးနေရာမှ . . .

"မမ ပြန်ရောက်လာပြီဆိုလို့ တွေ့ချင်လွန်းအားကြီးနေတာနဲ့ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဆို အခုတွေ့ပြီ၊ ဘာပြောမှာလဲ"

"တွေ့ခွင့်ရရုံလေးပါ မမ၊ ပြောတာထက်ပိုပြီး ပြည့်စုံတဲ့တွေ့ဆုံနေမှုမျိုးပေါ့"

သူ့စကားအပေါ် မမစဉ်းစားသွား၏။ သူက . . .

"မနေ့က ကျွန်တော့်ကို သိသိကြီးနဲ့ ဘာလို့နှင်ရတာလဲ"

"မင်းနဲ့တွေ့တဲ့ဒေါ်လေးက မမဘာလုပ်လုပ် ဘာကိုင်ကိုင် ဘယ်သူနဲ့တွေ့တွေ့ ပုသိမ်ကအိမ်ကို ဖုန်းနဲ့ပြန်သတင်းပို့ရတယ်၊ မချွင်းမချန်ကို ပြန်ပြောပြရတာမျိုးပေါ့၊ အိမ်ကမိဘတွေက စည်းကမ်းသိပ်ကြီးတာ၊ ဒီမှာ ညီမနှစ်ယောက်တည်းနေပြီး ယောကျ်ားလေးမိတ်ဆွေတွေ လာလာလည်တာမျိုးကို လက်မခံနိုင်ကြဘူး၊ ဒေါ်လေးက မင်းလာကြောင်းရယ် မမနဲ့တွေ့ပြီး စကားတွေပြောကြတာရယ်တွေကို အိမ်ကိုပြန်ပြောမှာကြိမ်းသေတယ်၊ ဒေါ်လေးရှေ့မှာမို့ ဓတတ်သာလို့ လှည့်စားလိုက်ရတာပါကွာ၊ မမပြောတာ သဘောပေါက်တယ်မဟုတ်လား"

"ကျွန်တော်ပြောခဲ့တဲ့စကားတွေကို အဲ့ဒီအန်တီကြီးက ပြန်ပြောပြလား"

"မင်း. . . ဒီမှာစောင့်နေမယ်ဆိုတဲ့စကားလား"

"ပြောတယ်၊ အရိပ်အကဲဖမ်းသလိုနဲ့ပြောတာလေ၊ မမက မှင်သေသေနဲ့ စိတ်မဝင်စားသလို နေပြလိုက်တာပေါ့၊ အဲ့ဒီတစ်နေ့လုံး ဘယ်မှမထွက်ဘဲနေပြလိုက်တော့ ဒေါ်လေး ပိုယုံသွားတယ်လေ၊ ဒီနေ့လဲ အိမ်ပြင်မထွက်ဘဲနေအုံးမလို့၊ မင်းအကြောင်းကြားတာနဲ့ လာချွတ်ပေးအုံးမှဆိုပြီးရောက်လာတာ"

"ကျွန်တော့်အကြောင်းက . . ."

"မင်း. . . ဒီကဖိုးမှာ ရက်ဆက် ဒုက္ခခံပြီး တို့ကိုစောင့်မယ်ဆိုတဲ့ အကြောင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘယ်ကကြားတာလဲ"

"တမင်နားထောင်လို့ကြားတာမဟုတ်ဘူး၊ တမင်လာပြောဖို့ နားထောင်ပေးပြီးကြားတာ၊ ပထမတော့ ကိုယ်နဲ့ ဒီလောက်ကြီးရင်းနှီးတာလဲမဟုတ်ပါဘူးလေဆိုပြီး နေလိုက်သေးတယ်၊ နောက်မှာ တမင်လာပြောတဲ့စကားထဲမှာ မင်းအကြောင်းတွေ ပြည့်ပြည့်စုံစုံပါလာတယ်၊ မင်းပြောခဲ့တာတွေနဲ့လဲ တူတယ်၊ နောက်ပြီး တမင်လာပြောတဲ့လူကလဲ ယုံကြည်စိတ်ချရတဲ့လူမို့ မင်းအကြောင်းကို မမယုံလိုက်တာ၊ အဲ့ဒီတော့မှ မင်းကို မမ သတိထားမိလာတာ"

"ဒါဆို ကျွန်တော်ဟာ မမရဲ့ မသိတသိလူမဟုတ်တော့ဘူးပေါ့"

"အင်း. . . ဆိုရင်တော့ရှိပါတယ်"

"ငပွေငရှုပ်လေးလဲ မဟုတ်တော့ဘူးပေါ့"

"အင်း. . . ဖြစ်နိုင်မလားပဲ"

"မမရဲ့အရေးပါအရာရောက်တဲ့ အသိအကျွမ်းတစ်ယောက်အဖြစ် ကျွန်တော် ဖြစ်ခွင့်ရှိတာပေါ့နော် မမ"

မမ တွေဝေသွား၏။ ဝတ်စားဆင်ယင်မှု ခေတ်ဆန်သော်လည်း အလက်ခြင်း အလျှဉ်းမရှိသည့် မမ၏အလှ။ ဘေးဘီဝဲယာကိုမေ့နေရာမှ အာရုံဝင်စားမိလာပြီး အနားမှာ ခပ်ခွာခွာရပ်နေသော လုလင်လေးအား သက်ယက်ပြကာ လှမ်းခေါ်လိုက်ပြီး . . .

"မမ တစ်ခုခုသုံးဆောင်ပါလား"

မမက လစ်ပတန်တီးတစ်ခွက်ကို မှာ၏။ သူက . . .

"မမကို တမင်လာပြောတဲ့လူက ဘယ်သူလဲ"

"မင်းက ဘာလုပ်မလို့လဲ"

"ကျေးဇူးတင်စကားပြောချင်လို့"

"မသိချင်ပါနဲ့ကွာ၊ မင်း တို့ကိုတွေ့ချင်တာ၊ ဒီလိုကြည့်နေရုံ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရုံပဲမဟုတ်လား၊ တို့ မင်းကို နောက်ထပ်ငါးမိနစ်လောက်ပဲ အချိန်ပေးနိုင်တော့မယ်''

''ဗျာ. . . ဘယ်လိုဖြစ်လို့လဲ''

''အပြင်မှာရပ်ထားတဲ့ကားထဲမှာ တို့သူငယ်ချင်းတစ်ယောက်ပါ တယ်၊ သူ့ကို တမင်စောင့်ခိုင်းထားခဲ့တာ၊ သိပ်ကြာနေရင်မကောင်းဘူး၊ ဗိုလ်ချုပ်ဈေးကိုဆက်သွားရအုံးမယ်''

''ကျွန်တော်က ကျွန်တော့်အတွက် သက်သက်ပဲလာတယ်မှတ် နေတာ''

''ခုလဲ မင်းအတွက် အချိန်ပေးပြီးပြီလေ၊ မဟုတ်ဘူးလား ကဲ. . . နှစ်မိနစ်ကုန်သွားပြီ၊ နောက်ထပ် သုံးမိနစ်ပဲကျန်တော့တယ်''

သူ အသာငြိမ်ပြီး မမကို စိုက်ကြည့်နေလိုက်၏။ မမက သူ့ကို ပြန်ကြည့်နေရင်းမှ သူ့ညို့အားကို သဘောပေါက်သွားပြီး မျက်နှာချ၏ အပျိုဖြန်းလေးကို ရှက်သွေးရမ်းပြီး မျက်လွှာချခြင်းမျိုးမဟုတ်။

သူ့လက်ကနာရီကို သူပြန်ကြည့်လိုက်၏။ နှစ်မိနစ်ပဲကျန်တော့ တယ်၊ မမက ဘယ်လိုလဲဟူသောသဘောဖြင့် သူ့ကိုပြန်ကြည့်၏။ သူက မမ၏လည်တိုင်ကို ကြည့်၏။ မေးဖျားကိုကြည့်၏။ နှုတ်ခမ်းကိုကြည့်၏ နှာတံကိုကြည့်၏။ မျက်လုံးကိုကြည့်၏။

သူ့ရင်တွေ အတိုင်းအဆမဲ့တုန်ခါနေတာ မမ ကြားနိုင်လောက် ပါသည်။ မမ၏ရင်ခုန်သံကို သူနားစွင့်ကြ၏။

မမ၏မျက်ဝန်းရွှဲကြီးတွေထဲမှာ ရွှန်းလဲ့နေသော ရောင်ပြန်အရိပ် တွေ ဖိတ်ဖိတ်လက်နေတာတွေ့ရ၏။

မမက သူ့အကြည့်စူးရှမှုကို ကြာရှည်တောင့်ခံ ရင်ဆိုင်မနိုင် ရဲစွာ နာရီကိုသာငုံ့ကြည့်နေ၏။ မမနှုတ်ခမ်းဖြားလေးတွေ လှုပ်ရှားနေတာ ကို သူ အသေအချာနားထောင်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်စက္ကန့်.

ကိုးစက္ကန့်.

မမ သူ့ကို မျက်လုံးလေးလှန်၍ကြည့်၏။ နှုတ်မှလည်း သူကြားနိုင်ရန် အသံဖြင့်ပေးလာ၏။

ငါးစက္ကန့်.

လေးစက္ကန့်.

သုံးစက္ကန့်.

"မမ"

"အင်း" (မမ၏ မေးစေ့၍ထူးသံ)

"ကျွန်တော် မမကို ချစ်ခွင့်ပေးပါ"

"အချိန်စေ့သွားပြီ"

မမက မျက်ခုံးနှင့်ပခုံးကို တစ်ပြိုင်နက်တွန့်ပြပြီး သူ့ကိုနှုတ်ဆက်ကာ ထ,ထွက်သွား၏၊ သူ့ရင်ထဲမှာ ပျာခနဲဖြစ်သွားပြီး . . .

"မမ. . . မမ"

မမနောက်ကို တစ်ချက်လေးပင် ငဲ့၍မကြည့်။ ဆိုင်ထဲမှာ နှစ်ဝိုင်းသုံးဝိုင်းလောက် လူရှိနေ၏။ ဆိုင်လုပ်သားများပင် ဂရုပြုကာ လှမ်းကြည့်လာသဖြင့် သူဆက်မခေါ်ဝံ့တော့။ သူက ကျသင့်ငွေကို ဆိုင်လုပ်သားတစ်ဦးမြင်အောင် ထောင်ပြပြီး ကော်ဖီခွက်အောက်ထိုးထည့်ကာ မမနောက်ကိုလိုက်ရင်း...

ဆိုင်မှထွက်ပြီး ခြံပြင်ရောက်သောအခါ မမကားလေးမောင်းထွက်သွားတာကိုသာ တွေ့လိုက်ရတော့သည်။

မမကားလေးကို မှိုလိုမှိုင်ငြား သူပြေးလိုက်ကြည့်၏။ မမှီ။ ဝါးတင်ပြန်အကွာလောက်မှာ သူ မောပြီးရပ်ကြည့်နေလိုက်မိ၏။ ပြီးမှ အသိဝင်လာပြီး သူ့ဆိုင်ကယ်(လ်)ဆီ ပြန်ပြေးလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးကို သူအမြန်လိုက်မှဖြစ်မည်။

*အဖြူအမဲ မသဲမကွဲ မတင်မကျဘဝမှာ သူ ဘယ်လိုမှနေလို့မရ။* အချိုးနှပ်ထားခံရခြင်းမျိုးကို သူမုန်းသည်။

ဗိုလ်ချုပ်ဈေးကို သူရောက်သွားသောအခါ မမတို့ကားကို ရှာ၏။ မတွေ့။ လူကိုတွေ့လိုတွေ့ငြား လိုက်ရှာ၏။ မတွေ့။ ဖွဲကောင်းကောင်းနှင့် ဈေးသိမ်းချိန်ရောက်သည်အထိ လျှောက်လှည့်ရှာ၏။ အရိပ်အယောင်ပင် မမြင်ရ။

မမ ပြုစားသွားခဲ့ပြန်လေပြီ။ သူ နာကျင်မိ၏။

*ဒီည . . .*
*ငါ့အိပ်မက်ကို တစ်ဝသောက်လိုက်တယ်။*
*ငါ့စကားလုံးတွေက*
*ငါ့နှုတ်ခမ်းသားပေါ်မှာ ကခုန်လို့။*
*ငါ့အတ္တက*
*ငါ့ဘဝကို ရိုးရိုးလေး လက်မြှောက်နိုင်းထားရင်း*
*မျှော်လင့်ခြင်းတရားကို အဆုံးသတ်ပေးတဲ့တရားခွင်မှာ*
*ရင်ခုန်ချင်တဲ့နှလုံးသားကို အပြစ်ပေးဖို့*
*စစ်ဆေးကြားနာနေတဲ့ 'မာန'*
*အလွမ်းတစ်ကျွန်း ချမှတ်လိုက်တယ်။*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အဲဒါပဲ၊ အပျိုကြီးတွေရဲ့သဘောကို မင်းမှနားမလည်နိုင်ပဲ၊ ခံရမှာပေါ့၊ ဒီလောက်ပျော့မနေစမ်းပါနဲ့ ငဝေရာ၊ မင်းအိမ်ကလူတွေ ရိပ်မိကုန်ပါအုံးမယ်"

တိုးကိုး၏စကား။ သူ အခန်းထဲမှာအောင်းနေသော နေ့လယ်ခင်းမှာ တိုးကို ပေါက်ချလာခဲ့ခြင်းပင်။ သူက မမနှင့်ပတ်သက်သော ဖြစ်ရပ်အစုံကို ပြောပြလိုက်အပြီးမှ တိုးကို အပြစ်ပြောလာခဲ့ခြင်းပင်။

"အပျိုလေးလဲမိန်းမပဲ၊ အပျိုကြီးလဲမိန်းမပဲ၊ ဘာကွာလို့လဲ ငတိုးရ"

"ဟ. . . ကွာတာပေါ့ကွငဝေရ၊ ဘာကြောင့် အပျိုကြီးဖြစ်ရတာလဲ၊ ဒါကိုစဉ်းစားကြည့်၊ မင်းမမဆိုလဲ အရမ်းလှတာပဲ၊ သူ့ကို ပိုးပန်းခဲ့သူတွေ ဒုနဲ့ဒေး၊ အဲ့ဒီလူတွေကို မမကြီးအနေနဲ့ စိတ်ကြိုက်ရွေးခဲ့မှာပဲ၊ နောက်ဆုံးကွာ ဇီဇာကြောင်ပြီး ဟိုရွေးဒီရွေးနဲ့ ဖက်အုံးကြီးနဲ့ညားရတော့



www.burmeseclassic.com

www.burmeseclassic.com



မဲ့အရွယ်နား ကပ်လာရောပေါ့၊ မှတ်ထား၊ အပျိုကြီးဆိုတာ တော်ရုံတန်ရုံနဲ့လဲ ရင်မခုန်တတ်တော့ဘူး၊ အတွေ့အကြုံ ရင့်ကျက်နေပြီကွ၊ ဇီဇာကလဲ သူများထက်ကြောင်တတ်တယ်၊ နောင်ရေးဆိုလဲ အပျိုလေးတွေထက် ဆယ်ဆလောက်ကြိုတွေးတတ်ကြတာ၊ အပျိုလေးတွေက ဒီလိုဘယ်ဟုတ်မလဲ"

"မင်းစကားကလဲ ဟိုရောက်ဒီရောက်နဲ့ ဒီမှာငတိုး. . . တကယ်ချစ်လာပြီဆိုရင် အဲဒါတွေက အရာမဝင်တော့ပါဘူးကွာ"

"ထင်နဲ့ကိုယ့်လူ၊ ခင်မာလာပွင့်ဖူးအနေနဲ့ ယူမယ်ဆို ယူနိုင်သေးတဲ့အရွယ်၊ ခုအနေအထားအတိုင်း သူရွေးမယ်ဆိုရင်တောင် မင်းကိုချောင်ထဲမှာခေါက်ထားလို့ရတယ်၊ မင်းကို ဒီလောက်မာန်ဝင်စားနေတဲ့ကြားက အတော်များများ အခွင့်အရေးပေးပြီး လိုက်လျောတာကိုတောင် ငါ အံ့သြလို့မဆုံးဘူး၊ မင်းလောက် ဘယ်သူမှ အမှတ်ရခဲ့မယ်မထင်ဘူး၊ ငါ့အနေနဲ့ပြောရရင် မင်းဆက်ပြီး ဖွဲ့တင်းပြီးလိုက်၊ ဂမူးရှူးထိုးတော့ မလိုက်နဲ့နော်၊ ဝူးသရှူးဆိုပြီး ပြန်လစ်လာရလိမ့်မယ်၊ တကယ့်လူပျိုကြီးစတိုင်(လ်)မဲ့ ဣန္ဒြေတွေ ပီပီပြင်ပြင်ကိုင်ပြီးသာ ဆက်ကြိုးစား၊ တစ်နေ့မဟုတ်တစ်နေ့မှာ မင်းနဲ့ တကယ်ဖြစ်လာလိမ့်မယ်၊ အဲ့ဒီအခါကျရင်ကြိုက်တဲ့လူလာခွဲ၊ မင်းတို့ မကွဲစေရဘူး"

"အပျိုကြီးအကြောင်းကျတော့ မင်းက ငါ့ထက် ပိုနားလည်နေပါလား တိုးကို"

"နောင်တော်ကြီးတွေရဲ့ ဆုံးမသွန်သင်ခဲ့မှုလေးတွေကြောင့်ပေါ့ကွာ"

"ငါစဉ်းစားနေတာတစ်ခုရှိတယ်၊ မမနဲ့ငါ့ကြားမှာ လူတစ်ယောက်တော့ရှိနေပြီကွ၊ ငါ့အကြောင်းတွေ မမသိနေပြီ"

"လူတစ်ယောက်တင်ဘယ်ကမလဲ၊ စုစုပေါင်း လူသုံးယောက်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ငါ့ကို ဘီယာအဝတိုက်သင့်တယ်''

''ဘာဖြစ်လို့လဲ''

''ငါက မင်းအကြောင်းကို ဟန်နီ့ကိုပြောပြလိုက်တယ်၊ ဟန်နီ ဆိုတာ ငါ့အိမ်ဘေးကကျေးဇူးရှင်မလေ''

''အေး. . . သိတယ်''

''ဟန်နီက တို့အဖွဲ့ကိုသိပြီးသားပါ၊ ဒါနဲ့ ဟန်နီ့ကို နောက် တစ်ပွဲစာ ငါစည်းရုံးပြောပြပြီး မေလေးနားကို ရောက်အောင်ပို့ခိုင်းလိုက် တယ်၊ မေလေးက တို့အဖွဲ့အကြောင်း ဟန်နီ့ဆီက တစ်ဆင့်သိသွားမှ မင်း ပို့ကြက်ကဖီးမှာငေါင်နေတဲ့ ပွင့်ဖူးဆီ ရွှေနားတော်ချောင်းဆိုပေးလိုက် တယ်၊ ဒါပဲ၊ အဲ့ဒါတွေအားလုံးကို ငါစီစဉ်ပြီးပို့ပေးခဲ့တာ၊ ယုံတယ်ဟုတ်''

''ယုံပါတယ် ကျေးဇူးရှင်ရယ်၊ အရမ်းကိုယုံပါတယ်၊ ဘီယာလဲ အဝတိုက်ပါ့မယ်၊ နောက်ကို သည်ထက်ယုံသွားအောင် လိုအပ်ရင် ထပ်ပို့ ပေးစမ်းပါအုံး''

''ပို့မယ်. . . ပို့မယ်၊ ဘယ်သချိုင်းကြိုက်လဲပြော''

သူ ထပြီး တိုးကိုကို နဘမ်တီးပစ်လိုက်၏။

တိုးကိုပေးသွားသော မမ၏ဖုန်းနံပါတ်ကို အာရုံထဲစွဲနေအောင် အထပ်ထပ်ဖတ်ပြီး ဖုန်းကောက်နှိပ်လိုက်၏။

တစ်ဖက်မှာ မိန်းမသံတစ်သံပေါ်လာ၏။ အသံကန္ဒဲပြီး ရှင်နေ ၏။ မမနာမည်ကို သူမေးလိုက်၏။ တစ်ဖက်က . . .

''အခုပြောနေတာ ဘယ်သူပါလဲ''

သူ တစ်ဖက်မှအသံကို ကျက်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုပြောနေတာ မမကြောင့် ခံစားနေရတဲ့ကောင်လေးတစ်ယောက်ပါ"

ထိုအခါကျမှ တစ်ဖက်၌ ဖုန်းသံတိတ်လျှက် . . .

"တို့မှန်း မင်းဘယ်လိုလုပ်သိလဲ"

"အသံစွဲနေလို့မှတ်မိတာပါ၊ မနေ့က မမ ဘာလို့ ကျွန်တော့်ကို အပြတ်စိမ်းသွားတာလဲ"

"မင်းကိုပေးထားတဲ့အချိန် ကုန်သွားလို့"

"ဒီနေ့ကော ထပ်ပေးနိုင်မလား"

"အခုပေးနေတယ်လေ၊ နောက်ထပ်ငါးမိနစ်"

"ကျွန်တော့်ကို အဖြေပြန်ပေးပါ"

"ဘာအဖြေလဲ"

"ကျွန်တော်နာကျင်သွားမှ မမပျော်ရမှာလားဟင်"

"အော် . . . သိပြီ . . . သိပြီ . . . မေ့နေလို့ . . . မနေ့က အလုပ်များသွားတာနဲ့ စိတ်မရှိနဲ့ ချာတိတ်ရေ"

"ဟုတ်လိမ့်မယ်၊ ဗိုလ်ချုပ်ဈေးထဲမှာ မမဈေးဝယ်နေတာ ကျွန်တော်တွေ့ခဲ့ရတာကိုး"

"ကေ့ဒ္ဒ မင်း ဈေးအထိအောင်လိုက်လာတယ်နဲ့တူတယ်၊ ထင်သားပဲ၊ ဒါကြောင့် တမင်ပြောခဲ့တာ၊ မနေ့က သူငယ်ချင်းတွေအိမ် သွားနေတာလေ"

"မမအချိန်က နှစ်မိနစ်လောက်ပဲကျန်တော့တယ်၊ ကျွန်တော်တောင်းတဲ့အဖြေကို အမြန်ပေးပါဗျာ"

"အဲ့ဒီအတွက်ဆိုရင်တော့ နောက်ထပ် အချိန်ကန့်သတ်မှုပေးရလိမ့်မယ်"

"ယောကျ်ားတွေရှားပါးနေတဲ့ခေတ်ကြီးဆိုတာလဲ သတိဒေါ်နေ့"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . အရေးမပါတဲ့စကား၊ အဲ့ဒါဆို ဖုန်းချလိုက်တော့"

"ကျွန်တော်ကစ,တာပါဗျ၊ တစ်မိနစ်ထဲကျန်တော့တယ်၊ လုပ်ပါ၊ မမအဖြေကို ကျွန်တော် ဘယ်တော့လောက်ရမှာလဲ"

"ကမ္ဘာလဆန်းတစ်ရက်နေ့"

"မရှိတဲ့နေ့ကို ဘာလို့ပြောတာလဲ"

"ဒါဆိုလဲ ဖေဖော်ဝါရီလ သုံးဆယ်ရက်နေ့"

"အဲ့ဒီနေ့လဲမရှိဘူး"

"ဒါဆိုရင် အင်း. . . မင်း ဘယ်တော့လောက်သိချင်လဲ"

"မနက်ဖြန်"

"ဘယ်ရမလဲ၊ အနည်းဆုံးတစ်ပါတ်"

"အိုကေ. . . ကျွန်တော်ပျော်လိုက်တော့မယ်၊ အချိန်ပဲစေ့ပြီ"

"ဒီမှာ ချာတိတ်၊ မင်းက မမကို ဘာအလုပ်လုပ်ကျွေးမှာမို့လို့လဲ"

"မမက ဘာအလုပ်လုပ်စေချင်သလဲ"

"ဂုဏ်လဲရှိရမယ်၊ ဝင်ငွေလဲကောင်းရမယ်၊ လူတန်းစေ့ဝင်ဆန့်နိုင်ရမယ်"

"လောလောဆယ်တော့ အိမ်ကဖေဖေပွမ်ထားလို့ သူ့အလုပ်ဝင်လုပ်နေတယ်၊ မမ သဘောကျရဲ့လား"

"အင်း. . . မဆိုးပါဘူး"

"တကယ်ချစ်ရင် အဲ့ဒါတွေက အရေးကြီးလို့လား"

"မမက တူနှစ်ကိုယ်တဲအိုပျက်မှာ မနေချင်တဲ့မိန်းမကွ၊ အားလုံးပြည့်စုံတဲ့ဘဝမျိုးပဲ ရွေးချယ်ချင်တယ်၊ မင်း မမကို တကယ်ချစ်ရင် တကယ်လိုက်လျောနိုင်အောင် ကြိုးစားပေါ့ကွာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမ နောက်တစ်ခုကြို့ပြောစရာရှိသေးတယ်"

"ဘာလဲ"

"မမက အသုံအဖြုန်းကြီးတယ်နော်၊ မင်း ကောင်းကောင်းရှာနိုင်အောင်ကြိုးစား"

"နောက်ပြီးတော့ကော"

"နောက်မှ လူချင်းတွေ့ပြီး အေးအေးဆေးဆေး ဆက်ပြောပြကာပေါ့ ဟုတ်လား"

"မမကိုချစ်ရတာ လိုတ,ရဆေးကြိမ်လုံးကို ဆောင်ထားရမလိုပဲ"

"ဘာလဲ. . . စိတ်ညစ်နေပြီလား၊ အခုကတည်းကနောက်ဆုတ်လဲတို့ စိတ်မဆိုးပါဘူး"

"မမ" (သူ ခပ်ဆတ်ဆတ်လေးခေါ်လိုက်ခြင်းပင်)

"ပြောလေ"

"ကျွန်တော့်ကို အဲ့ဒီစကားနဲ့မနိုက်စက်ပါနဲ့၊ ကျွန်တော် မမကိုချစ်တာ ဘဝနဲ့ရင်းတဲ့ချစ်ခြင်းပါ၊ တစ်ခြား အဆောင်အယောင် အကာအလွှာတွေ ဘာမှမပါဘူး၊ ဒါတွေကို မမက်မောဘူး၊ မကိုးကွယ်ဘူး"

"ဘာလဲ. . . မင်းက တို့ကတော့ ဒါတွေကို မက်မောတယ်၊ ကိုးကွယ်တယ်လို့ပြောချင်လို့လား"

"ကျွန်တော် မထင်ရဲပါဘူး မမ"

"ထင်လိုက်ပါ၊ မင်းက စိတ်ကူးယဉ်တတ်တဲ့အရွယ်ပဲ၊ မင်းပြောတဲ့စကားလုံးလေးတွေက ဒီအချိန်မှာ သိပ်ကိုလှပြီး အရွမ်းကို တောက်ပနေမှာပဲ၊ လူ့ဘဝ လူ့လောကကို လက်တွေ့ဆန်ဆန် ဖြတ်သန်းနေရပါသားဆိုတဲ့ အရွယ်အသိမျိုးရလာမှ မင်းပြောခဲ့တဲ့ စကားလုံးလှလှလေးတွေဘယ်နေရာမှ အသုံးချလို့မရဘူးဆိုတာ မင်းသိလာလိမ့်မယ်"

"လူသားတစ်ယောက်ရဲ့တန်ဖိုး လူ့ပတ်ဝန်းကျင်ရဲ့တန်ဖိုး လူ့



www.burmeseclassic.com

www.burmeseclassic.com



လောကရဲ့တန်ဖိုးဟာ မမမက်မောတဲ့အရာတွေအပေါ် မူတည်နေလို့လား"

"အဲ့ဒီအဖြေကိုတော့ မင်းကိုယ်တိုင်ရင်ဆိုင်လာရတော့မှပဲ ကောင်း ကောင်းရရှိလိမ့်မယ်"

နှစ်ဖက်စလုံး ငြိမ်တိတ်သွား၏။ တစ်ဦး၏အသက်ရှူသံကို ဘစ် ဦးက ကောင်းစွာကြားနေရ၏။

"ဟိတ်. . . မင်းပြောချင်တာ ဒါပဲမဟုတ်လား၊ ဖုန်းချလိုက်တော့ မယ်၊ ဒေါ်ဒေါ် အိပ်ယာကနိုးလာသံကြားလို့"

"ကျွန်တော် မမကိုတွေ့ချင်တယ်"

"မနက်ဖြန် ဟိုကဖီးမှာပဲစောင့်နေပေါ့"

"ဘယ်နှစ်နာရီနဲ့ ဘယ်နှစ်နာရီကြားလဲ"

"ညနေလေးနာရီတိတိ၊ ဟုတ်ပြီလား"

"မနက်ဖြန်မနက်ပိုင်းနဲ့ နေ့လည်ပိုင်း မမတို့လမ်းထဲမှာ ကျွန် တော်ရှိနေမယ်"

"မင်းသူငယ်ချင်းဆိုတဲ့ ဟိုတစ်ယောက်ရဲ့အိမ်လား"

"ဟုတ်တယ်၊ သူ့နာမည်က ငတိုးတဲ့၊ တိုးကိုလို့ခေါ်တယ်"

"သိပြီးသားပါ၊ မင်းတို့ငရှုပ်ငပွေအဖွဲ့ကို"

"အဲ့ဒီလိုမခေါ်ရတော့ဘူးလို့ ပြောပြီးပြီလေ"

"ဘယ်လိုခေါ်ရမှာလဲ"

"သူတော်စင်လေးများအဖွဲ့လို့ ခေါ်ပေါ့"

မမရယ်သံကို အတိုင်းသားကြားလိုက်ရ၏။ ပြီးမှ မမ ရယ်ရှိန် သပ်ပြီး သူတို့အဖွဲ့ကို ကောင်းကောင်းမွန်မွန်ခေါ်သွားပြီး ဖုန်းချလိုက်၏။ မမခေါ်ပုံက . . .

"သူတော်စင်လေးများအဖွဲ့ရေ. . . ဘိုင်းဘိုင်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဥက္ကာ ပျောက်ချက်သားကောင်းနေသဖြင့် သူနှင့်တိုးကိုတို့ ဥက္ကာ အိမ်ကို လိုက်သွားကြမိ၏။ ဥက္ကာတို့ခြံထဲကိုဝင်လိုက်သောအခါ ဘောင်းဘီတိုနှင့် အပေါ်ပိုင်းဗလာကျင်းနေသော ဥက္ကာကို ပန်းခြံထဲမှာလှမ်းတွေ့လိုက်ရ၏။

မြေကြီးတွေပေပွညစ်ပတ်နေသော ဥက္ကာက သူတို့ကိုပင် နှုတ်မဆက်အား။ ပန်းအိုးတွေမ,ပြီးတစ်နေရာကိုရွှေ့နေ၏။

"နွေခေါင်ခေါင် မိုးကြိုးပစ်ချတယ်ဆိုတာ ဒါမျိုးနဲ့တူတယ် တိုးကို၊ မလုပ်စဖူးအလုပ်ထူးတွေလုပ်နေတဲ့ ဥက္ကာရဲ့ဗလကိုလဲ ကြည့်စမ်းပါဦး၊ ကျူရှိုးကို ပင်လယ်ငါးရိုးထွင်တပ်ထားသလိုပဲ"

"ဖါးပျဲ ဇီးလျှောထားတဲ့ရုပ်ပါကွ လင်းဝေမိုးရ"

သူတို့နှစ်ယောက်ပြောအပြီးမှ ဥက္ကာက ခြေပစ်လက်ပစ်ထိုင်နားရင်း . . .

"မင်းတို့အပေါက်တွေကို မြေကြီးခဲနဲ့ ပိတ်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာထိုင်နေသော မြက်ခင်းပေါ်မှာ သူတို့ ဝင်ထိုင်လိုက်ကြပြီး ဥက္ကာတို့အိမ်သားတွေ လှမ်းကြည့်၏။ သူတို့အကြည့်ကို နားလည်လိုက်သော ဥက္ကာက . . .

''ကြည့်မနေနဲ့၊ ငါ့အဘိုးကြီးရူးသွားပြီ၊ ငါ့ညီမတွေလဲ ကျောင်းသွားပြီ၊ အဘွားကြီးကတော့ တရားစခန်းဝင်နေတယ်၊ ငါတစ်ယောက်တည်း အိမ်စောင့် အလုပ်ကြမ်းလုပ်ဆိုပြီး ဒဏ်ခတ်ခံထားရတာပေါ့''

''မင်းအဘိုးကြီးက မင်းကို ဒဏ်ခတ်တာလား''

''ဟုတ်မှဟုတ်ပဲ''

''မင်းက ဘာအပြစ်တွေသွားလုပ်မိလို့လဲ''

''ငါ့လည်ပင်းက ပြောင်ပြောင် ပြောင်ပြောင်ကလေးကို အရည်ဖျော်လိုက်မိလို့ပေါ့ကွာ''

''မင်းလည်ပင်းကရွှေဆွဲကြိုးကြီး ရောင်းပစ်တာလား''

''အစစ်ပေါ့''

''ဘာဖြစ်လို့လဲ''

''ငွေလိုလို့ပေါ့ကွာ၊ အခုမှ ငါ့ကိုငါ နာလိုခံခက်ဖြစ်နေမိတယ်၊ အဲ့ဒီလိုတဲ့ငွေတွေက ဘယ်သူ့အတွက်ကြောင့်လို့ မင်းထင်သလဲ''

''ဝိုင်းကောင်းကောင်းမှာ စာသွားဖတ်လို့မဟုတ်လား''

''ထပ် . . . ဘယ်ကဟုတ်ရမှာလဲ၊ မေလေးကြောင့်ကွ၊ မေလေး ရောဂါကြောင့်''

''လင်းစမ်းပါအုံး''

''ဒီလိုကွာ၊ ငါ မေလေးကိုလိုက်နေတာ အခြေအနေအရမ်းကောင်းနေပြီ၊ မင်းတို့ကိုမခေါ်ဘဲ ငါ့ဘာသာငါ တစ်ကိုယ်တော်ကျဲတာပေါ့၊ အဲ့ဒီလိုနဲ့ မနေ့ကနေ့လည်ခင်းမှာ မေလေးတို့အဖွဲ့နဲ့ ငါသွားတိုးတယ်၊ မေလေးက ငါ့ကို မရမကခေါ်တယ်၊ သူတို့တစ်ဖွဲ့လုံး စူပါဝမ်း၌ စျေး



www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်မလို့တဲ့၊ အဲ့ဒါနဲ့ ငါလဲပါသွားရတာပေါ့၊ စူပါမတ်ကတ်ရောက်တော့ ဈေးဝယ်ကြရင်းနဲ့ မေလေးငွေတွေကုန်သွားတယ်၊ အဲ့ဒါနဲ့ ငါ့ဆွဲကြိုးကို နီးရာအပေါင်ဆိုင်မှာ ဖျောပြီး မေလေးလိုသလောက်ဝယ်ပေးလိုက်တာ ကုန်ပါလေရော"

တိုးကိုက . . .

"အဲ့ဒါနဲ့ မင်းအဘိုးကြီးသိပြီး ဒေါခီးရောဆိုပါတော့"

"ဒေါကန်တာပေါ့ကွာ၊ အိမ်ပေါ်ကအတင်းဆင်းခိုင်းနေလို့ မနည်းပြောယူရတယ်၊ ငါလဲ ကားပေါ်မှာ ဖြုတ်ခံရသလိုလို ချိတ်ပြုတ်ကျသလိုလိုနဲ့ ဖြီးဖြန်းလိုက်လို့ အငိုကောင်းတာနဲ့ အိမ်ပေါ်ကမဆင်းခိုင်းဘဲ ခြံထဲမှာ မာလီလုပ်ဖို့ ဒဏ်ပေးထားတာ ခံရတော့တာပဲ"

တိုးကိုက . . .

"နည်းတောင်နည်းသေးတယ်၊ ဒီလောက်အ,တာ၊ ခံပေါ့"

ဥက္ကာက . . .

"ဘာနည်းတာလဲ၊ မင်းတုန်းကလဲ နွေးနွေးက သနပ်ခါးဝယ်ခိုင်းလို့ ဝယ်မပေးခဲ့ရဘူးလား၊ မင်းကမှ နှစ်ခါနာခဲ့ရတဲ့ကောင်၊ နွေးနွေးက ရှင်မတောင်သနပ်ခါးတုံးဝယ်ခိုင်းတာ၊ ဒီကောင် ကပ်စေးက တစ်ကျပ်တန်သနပ်ခါးရွှဲလူးခဲတွေဝယ်ပေးလို့ နွေးနွေး ဒေါကန်ပြီး အဲ့ဒီအခဲတွေနဲ့ ပိတ်ပေါက်တာ တောင်းနဖူးဖုသွားလို့ ငါတောင် အာဝါးပေးခဲ့ရသေးတယ်"

တိုးကိုက . . .

"တော်တော့ ဥက္ကာ၊ တို့အချင်းချင်း သူ့လုန်ကိုယ့်လုန်နဲ့ ရှက်စရာ ဘာမှမကျန်တော့ဘဲဖြစ်နေလိမ့်မယ်"

သူက . . .

"မေလေးက မင်းဒုက္ခကိုသိရဲ့လား"

"ဘယ်အသိပေးချင်မှာလဲကွာ၊ ချစ်ဘဲ့ဒုက္ခကို ငါ ဘယ်လိုဝေ



www.burmeseclassic.com

www.burmeseclassic.com



ရက်ပါ့မလဲ၊ အဲ့ဒီ့နေ့က ငါကောင်းကောင်းကံပေါ်ခဲ့တာပဲ ရှိပါတယ်ကွ၊ မေလေးက ငါ့ကို အဖြေပြန်ပေးသွားတာလေ''

''အော်. . .ဒါကြောင့် ငါ့ကောင်ကြီး ဒီလောက် ဒုက္ခခံနိုင်ရဲတာကိုး''

''ဒါပေါ့ လင်းဝေမိုးရာ၊ ဒီဒဏ်ကလွတ်ရင် မေလေးအနားမှာ ငါလက်မထောင်လို့ရပြီ၊ ဟော့ဒီညာလက်ရုံးနဲ့ ဒီဒုက္ခတွေလွတ်အောင် ကြိုးစားဖယ်ရှားပြီးရင် ဟော့ဒီဘယ်လက်ရုံးနဲ့ မေလေးကို ငါသိမ်းပိုက်မယ်''

တိုးကိုက ဉက္ကာနဘမ်ကို ရှပ်တီးရင်း . . .

''ပိုင်လှချည်လား ဥက္ကာရယ်၊ နင့်အဖေကို ငါကိုယ်တိုင်သွားရှင်းပြအုံးမယ်''

ဉက္ကာက ပျာပျာသလဲဟန်ဖြင့် . . .

''ဟာ. . .မလုပ်နဲ့၊ ဒါတော့မလုပ်နဲ့ကွာ ငတိုး၊ ထိုင်ရှိခိုးဆိုရှိခိုးပါ့မယ်၊ အဲ့ဒီလိုတော့မလုပ်လိုက်ပါနဲ့၊ ဒီအကြောင်းကို မေလေးလည်းလုံးဝမသိပါစေနဲ့ မင်းတို့ ဘယ်သူ့ကိုမှမပြောဘူးဆိုတဲ့ကတိပေးကွာ''

သူက . . .

''အေးပါကွာ၊ ငါမပြောပါဘူး၊ မေလေးတို့အိမ်ရှေ့မှာ လော်စပီကာကြီးနဲ့ သွားအော်မယ်၊ အံမယ်. . .မျက်နှာက ဖီးရွက်လောက်ဖြစ်သွားပါလား၊ ငါ အလကားစတာပါကွာ၊ မပြောပါဘူး''

တိုးကိုက . . .

''ငါမပြောစေချင်ရင်တော့ ထိုင်ရှိခိုးမှရမယ်''

ဉက္ကာက . . .

''မင်း ဒီလိုတော့ ငါ့အခက်တွေ့အောင်မလုပ်နဲ့ကွာ''

''မတွေ့ချင်ရင် ထိုင်ကန်တော့''

''မကန်တော့ဘူးကွာ၊ မင်းက ငါ့ထက် နှစ်ရက်စောင်ငယ်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဒါဆို ဆရာကြီးဥက္ကာလို့ခေါ်''

''အေး. . . ခေါ်မယ်''

''ငါးခွန်းတည်းခေါ်ကွာ၊ အချင်းချင်းမို့ လျှော့ပေးတာ၊ ကဲ. . . ငယ်ကျွန်ကြီးဥက္ကာရဲ့ ရွှေနားတော်သွင်းစကားကို ငါကိုယ်တော်မြတ်နားအရသာခံတော်မူမယ် ပုဏ္ဏာတော်ကြီး ငဝေမိုးရဲ့''

သူက . . .

''မှန်လှပါ၊ အသင်မင်းအား နဘမ်တီးချင်တော်မူကြောင်းပါ့ဘုရား''

တိုးကိုနှင့်သူ ရယ်ပွဲဖွဲ့နေစဉ်မှာပင် ဥက္ကာက ပြုံးပြုံးရောလေသံဖြင့် . . .

''ဆရာကြီး ငတိုး''

''ဟေ့. . . ပြန်ခေါ်၊ ဆရာကြီးတိုးကိုလို့ခေါ်''

''ဆရာကြီးတိုးကို''

''ဆရာကြီးတိုးကို''

''ဆရာကြီးတိုးကို''

''မသာကြီးတိုးကို''

''ငနာကြီးတိုးကို''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညနေသုံးနာရီခွဲလောက်မှာ ပွိုင့်ကဖီးမှာထိုင်၍ မမကိုစောင့်နေလိုက်၏။ ထိုင်စောင့်နေရင်းဖြင့် မမနှင့်မေလေး၏ အကျင့်စရိုက်နှင့် စိတ်ဓါတ်ကို တွက်ချက်ဆန်းစစ်နေမိ၏။ အကျင့်တူ၊ စရိုက်တူ၊ စိတ်ဓါတ်တူနေကြ၍ ညီအစ်မတော်စပ်နေခြင်းမှာ မဆန်း။

မမ၏စိတ်နေသဘောထား၊ ခံယူချက်များကို သူငယ်ချင်းများနှင့် ဆွေးနွေးကြည့်သောအခါ 'ဘယ်လိုကြီးလဲ' ဟူသော မှတ်ချက်ချသံသာ ရလဒ်ဖြစ်လာ၏။ ထိုစဉ်မှာပင် မှန်တံခါးကိုတွန်းဖွင့်၍ မမရောက်လာ၏။ သူ့လက်မှနာရီကို ကြည့်လိုက်သောအခါ ညနေလေးနာရီတိတိ။

နက်ညိုရောင် ဒီဇိုင်းဆန်းနှင့်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်မောင်းသားကို ဇာပါးကွပ်ထားသဖြင့် မမ၏ ဆင်စွယ်ရောင်အသားအရည်မှာ ပို၍ဝင်းပနေ၏။

သူ့ကို လက်ကလေးတစ်ဖက်လှုပ်ပြပြီး 'ဟိုင်း'ဟု နှုတ်ဆက်

www.burmeseclassic.com



၏။ သူလည်း ပြန်၍ 'ဟိုင်း'လိုက်ပြီး . . .

"မမ ဘာသောက်မလဲ"

မမ ဝင်ထိုင်စဉ်မှာပင် မေးလိုက်၏။

"လစ်ပတန်တီး"

မမအတွက်မှာလိုက်ပြီး သူ့အတွက် ရေခဲစိမ်ကော်ဖီတစ်ခွက်နှင့် ဆင်းဒဝမ်မှာလိုက်၏။ ပြီးလျှင် မမအနားကို တိုးကပ်ထိုင်လိုက်ပြီး . . .

"ဒီနေ့ကော မမတစ်ယောက်တည်းလား"

"အင်း. . . ကားကို ကားပတ်ကင်မှာထိုးထားတယ်၊ မင်း လှမ်း မမြင်လိုက်ဘူးလား"

"ကျွန်တော်အတွေးလွန်နေတာနဲ့ မကြည့်မိလိုက်ဘူး"

"ဘာတွေတွေးနေတာလဲ၊ မဟုတ်မှလွဲရော၊ ရည်းစားဟောင်း တွေအကြောင်းမဟုတ်လား"

"ကျွန်တော့်ဘဝမှာ မမဟာ ပထမဦးဆုံးပါ"

"နားရှိလို့သာကြားရတယ်"

"မယုံရင် ကျွန်တော့်သမိုင်းကို တစ်ရွက်ချင်းပြန်လှန်ပြရဲတယ်"

"ဟုတ်မှလဲညာပါနော်"

"မမ ကြိုက်သလိုစုံစမ်းနိုင်တယ်၊ ဖြေရှင်းဖို့ ကျွန်တော့်ဖက်က အသင့်ပဲ"

မမ၏မျက်ဝန်းရွဲကြီးတွေထဲမှာ သူ့ရင်ခုန်သံတွေ လည်ပတ် လှုပ် ရှားနေ၏။

"မမအဖြေကို ကျွန်တော်ကြိုသိနေပြီပဲ၊ မမက အတည်ပြုချက် ပေးလိုက်ရင် ပြီးပြီ"

"မင်းက မမထက်တောင် ပိုသိနေနိုင်လို့လား"

"သိနေနိုင်တယ်၊ မမ ကျွန်တော့်ကို ပြန်ချစ်တယ်၊ မမရဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်ဟာ ပထမဦးဆုံးလူ ဖြစ်နိုင်ရဲ့လား''

''တို့ပြောမယ်၊ ပထမ မင်းထင်ထားသလို တို့ ဘာမှမစဉ်းစား ရသေးဘူး၊ ဒုတိယ တို့ဘဝမှာ တို့ကပြန်ချစ်ရမဲ့လူ တစ်ယောက်မှမရှိ သေးဘူး''

''ဒါဆိုရင်လဲ မကြာခင်မှာ ကျွန်တော်ဖြစ်လာနိုင်တယ်ပေါ့''

''အပ်ကြောင်းထပ်နေပြီ၊ မစဉ်းစားသေးပါဘူး ဆိုမှ''

''မမ ခဏခဏလှည့်တာနဲ့ ကြာရင် ကျွန်တော် ယဲ့ယဲ့ပဲကျန် တော့မယ်''

သူ့အမူအယာကိုကြည့်ပြီး မမပြုံး၏။ သူက . . .

''တကယ်လို့သာ မမ ကျွန်တော့်ကိုပြန်ချစ်ခဲ့မယ်ဆိုရင် မမ လက်ကလေးကို ဟော့ဒီလို ကိုင်ခွင့်ရမှာပဲနော်''

မမလက်ကလေးကို သူ ဆုပ်ကိုင်လိုက်၏။ မမရှန်းရန်ပြင်ပြီးမှ မရှန်း၊ မမ မျက်စောင်းလေးတစ်ချက်သုံးလိုက်ရုံနဲ့ သူကလက်တွေသာ အလိုလို ခွာချပေးလိုက်ရတော့၏။ ကံအားလျော်စွာပင် ဆိုင်လေးထဲမှာ လူရှင်းနေ၏။ ဆိုင်ရှင်နှင့်လုပ်သားများမှာ သူတို့အာရုံနှင့်သူတို့မို့ အနှောင့် အယှက် တစ်စုံတစ်ရာမရှိ။

''တကယ်လို့သာ မမကိုလက်ထပ်ခွင့်ရရင် မင်္ဂလာဦးညတစ်ညလုံး ကျွန်တော်မအိပ်တော့ဘူး''

''နားရှက်စရာတွေမပြောနဲ့''

''တကယ်ပြောတာ၊ အဲ့ဒီညကျရင် ကျွန်တော် ဘာလုပ်နေမယ် မမထင်သလဲ''

''ဘယ်သိမှာလဲ၊ မင်းစိတ်နဲ့မင်းကိုယ်ပဲ ဥစ္စာ''

''မမကို တစ်ညလုံးထိုင်ကြည့်နေမယ်''

''အဲ့ဒါလဲ ရောဂါတစ်မျိုးပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ညကျရင် ကျွန်တော် ဘာလုပ်မယ်ထင်သလဲ"

"မသိဘူး"

"နောက်တစ်ညကျရင်တော့ အဟဲ. . ."

"ဘာအဟဲလဲ၊ ပေါက်ကရတွေ နားမထောင်ချင်ဘူး"

"ကျွန်တော်ပြောရင်းနဲ့ ရင်တုန်ပန်းတုန်ဖြစ်လာလို့ အဟဲဆိုပြီး စိတ်ဖြေချလိုက်တာပါ၊ အင်း. . . အဲဒီညကျရင်တော့. . ."

"ဘာဖြစ်လဲ"

"အဲ့ဒီစကားကို အကြွေးထားလိုက်မယ်၊ ဆင်ဆာဖြတ်လိုက်တဲ့ သဘောပေါ့"

"အခုမှပဲ နားချမ်းသာတော့တယ်"

"မပူနဲ့၊ နောက်ဆို စိတ်ချမ်းသာရစေမယ်၊ တကယ်ပြောတာ၊ ကျွန်တော်က မမကို ရည်ရွယ်ချက်ရှိရှိနဲ့ လက်ထပ်မှာ"

"ဘယ်လိုရည်ရွယ်ချက်တွေများလဲ သူတော်ချဉ်လေးရဲ့"

"ဒီလိုလေ. . . မမကို ကျွန်တော်လက်ထပ်တဲ့အချိန်က မမ အစွမ်းကုန်လှနေတဲ့အချိန်၊ အစွမ်းကုန်ပွင့်အာလှပနေတဲ့ နှင်းဆီတစ်ပွင့်လိုမျိုးပေါ့၊ နောက်တော့ နှင်းဆီပွင့်ဟာ ပွင့်ဖတ်တွေ တစ်ဖတ်ပြီးတစ်ဖတ် တစ်လွှာပြီးတစ်လွှာ ကြွေသွားသလို မမဟာလည်း အရွယ်ကျတဲ့ဖက်ကို ရောက်လာပြီး တစ်နေ့ပြီးတစ်နေ့ အိုစာသွားတဲ့အခါ ကိုယ့်ဇနီးကိုယ် ကြည့်ပြီး ကျွန်တော် တရားရလာနိုင်တယ်၊ အော်. . . အရင်ကဆိုရင် အစွမ်းကုန်လှခဲ့တဲ့မမဟာ အခုတော့ ဇရာကို မလွန်ဆန်နိုင်စွမ်းတော့ပါလား၊ အင်း. . . အနိစ္စ အနိစ္စ အနိစ္စဆိုပြီး တရားမှတ်နိုင်တာပေါ့ မမရဲ့"

"ဟယ်"ခနဲ မမ အာမေဋိတ်သံပြုပြီး မျက်နှာကို လက်ဖဝါးလေး နှစ်ဖက်ကွယ်၍ လူကြီးရှက်ရယ်ရယ်နေ၏။ မမမျက်နှာမှာ နှင်းဆီသွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



စွန်းပြက်လက်ရှု။

"ကျွန်တော် နောက်ပြောတာနော်မမ၊ စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး။ မင်းနဲ့မမရဲ့ကြားထဲမှာ အသက်အရွယ်ကိုလဲ အများကြီးထည့်စဉ်းစားဖို့ သတိရသွားနိုင်တာပေါ့"

"သေပြီ. . .မမ အဲ့ဒီအချက်နဲ့ ကျွန်တော့်ကို အနိုင်ယူတော့မယ်နဲ့တူပါတယ်ဗျာ၊ ကျွန်တော် မမကို အပျော်အပြက်ပြောတာ အတည်ယူပြီးမစဉ်းစားပါနဲ့၊ အနူးအညွတ် အသေအလဲတောင်းပန်ပါတယ်"

"ဘာအခုမှ တောင်းပန်တာလဲ၊ ပြောရက်လိုက်တာ၊ ဘယ်သူမှ ကိုယ့်ချစ်သူကို ဒီလိုပြောမှာမဟုတ်ဘူး"

"ဟုတ်တယ်. . .မမက ကျွန်တော့်ချစ်သူပဲ၊ ကျွန်တော် ဒီလို ဘယ်တော့မှမပြောတော့ဘူးနော် မမ"

"ပြောပြီးပြီလေ၊ ဒါမဟုတ်လို့ပေါ့"

"မပြောဘူးလို့ပဲ သဘောထားလိုက်ပါဗျာ"

"အဲ့ဒီလိုသဘောထားဖို့ စဉ်းစားလိုက်အုံးမယ်"

"တကယ် အပျိုကြီးမလုပ်ချင်ဘဲနဲ့ စဉ်းစားတာတွေ မများလွန်းဘူးလား မမ"

"မလုပ်ချင်ဘူးလို့ မင်းကို ဘယ်သူပြောသလဲ၊ တကယ်အပျိုကြီးလုပ်သင့်ရင်လဲ လုပ်လိုက်မှာပဲ၊ တို့ဖက်ကတော့ လုံးဝမလျှော့ဘူး"

"ကျွန်တော်မျိုးကြီး အလျှော့ပေးပါတယ်"

"ဒါ ပဏာမပဲ၊ နောက်ဆို ဒီထက် အများကြီးလျှော့ပေးရမယ်၊ မမကို မင်း တကယ်ချစ်တယ်မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်၏။ (ခပ်ရွှံ့ရွှံ့ညိတ်နည်းမျိုး)

မမက လစ်ပတန်တီးကို ကုန်အောင်သောက်လိုက်ပြီး ကျသင့်ငွေကိုရှင်းပေး၏။ သူတားသော်လည်းမရ။ နှစ်ယောက်သားဆိုင်ပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကားရှေ့မှာမှရပ်လိုက်၏။

"မင်းကို တစ်ပတ်ပြည့်တဲ့နေ့မှ ပြန်တွေ့ချင်တယ်"

"မနေနိုင်ဘူး၊ ဒီကြားထဲမှာ ခဏခဏ လာခိုးကြည့်မှာပဲ"

"ဒါကတော့ မင်းဒုက္ခမင်းရှာတာပဲ၊ အဲ့ဒီအတွက် တို့ဖက်က အသိအမှတ်ပိုပြုလာလိမ့်မယ် မထင်နဲ့"

မမ ကားပေါ်တက်ပြီး သူ့ကိုလက်ပြကာ မောင်းထွက်သွား၏။ သူ့မှာ မသွားနိုင်သေး။ မမ၏ကိုယ်သင်းရနံ့တွေ လှိုင်နေဆဲဖြစ်သော အရပ်မှာ ခေတ္တရပ်ရင်း မျှော်လင့်ခြင်းရဲ့ယုံကြည်မှုကို 'သမုဒယ' ဟု အမည်ပေး ပညတ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မမထံ တစ်နေ့နှစ်ခေါက်လောက် မှန်မှန်သွားပြီး ခိုးကြည့်မိခဲ့သော ရက်သတ္တပတ်ပြည့်ဖို့ တစ်ရက်အလိုတွင် . . .

အပြင်မှပြန်လာသော မမတို့ညီအစ်မစီးလာသည့်ကားနှင့် တိုးကို အိမ်မှပြန်လာသည့် သူတို့စီးလာသောဆိုင်ကယ်(လ်)တို့ လမ်းထိပ်မှာ ဆုံမိကြသည်။

နှစ်စီးစလုံး ခေတ္တခဏရပ်ပြီး (လူရှင်း၊ ကားရှင်းနေခိုက်ဖြစ်သော လမ်းထိပ်အတွင်းနေရာလေးမှာ) နှုတ်ဆက်စကား ရပ်ပြောနေကြမိ၏။

"မမ ဘယ်ကပြန်လာတာလဲ"

"မြို့ထဲက၊ မင်းတို့ကော၊ ဟိုသူငယ်ချင်းအိမ်ကပဲလား"

"ဟုတ်တယ်"

သူ့နောက်မှာထိုင်နေသော ဥက္ကာက မမဘေးမှာထိုင်နေသော ကလေးကို မျက်နှာအမူအယာပြ၍ အသံတိတ်နှုတ်ဆက်နေ၏။ မေလေးက



www.burmeseclassic.com

www.burmeseclassic.com



မမနှင့်တွေ့၍ ဆက်ဆံရေးလျှို့ဝှက်စွာနေဖို့ ဉက္ကာကို မှာကြားထားဟန် တူ၏။

သူနှင့်မမမှာလည်း မေလေးရှေ့မှာပင် သာမန်အသိမိတ်ဆွေဟန် ပုံဖမ်းပြီး ဆက်ဆံနေရ၏။ မေလေးနှင့်ဉက္ကာအကြောင်းကို မမသိချင် သိနေနိုင်သလို သူနှင့်မမအကြောင်းကို မေလေး အားလုံးသိထားချင်သိ ထားနိုင်ပါသည်။ အမှန်အားဖြင့် သိသိကြီးနှင့် ဟန်ဆောင်နေကြရသော ဆက်ဆံရေးသက်သက်သာ။ ထိုစဉ်မှာပင် . . .

လမ်းထဲကို ဗေဒင်ဟောစာတမ်းရောင်းသူတစ်ယောက် ဝင်လာ၏။ သူတို့တွေ့ဆုံမှုကို ထိုဟောစာတမ်းရောင်းသူက တွေ့မြင်သွား၏။

"ကဲ. . . ခုနှစ်ရက်သားသမီးတွေအတွက် ဇာစ်နှစ်စာဟောစာတမ်း တွေပါတယ်နော်၊ တနင်္ဂနွေသားသမီးတွေက အပျိုနှစ်ယောက်ကြား ဗျာ များမယ်၊ စနေသမီးတွေက စကောလောက်ပွင့်မယ်. . . မျက်နှာ. . . မျက်နှာ သောကြာသားသမီးတွေ ရေခြားမြေခြားသွားရမယ်၊ ဒလနဲ့လှိုင်သာယာ ကို၊ ကြာသပတေးသမီးတွေက ခြင်ထောင်တဲဝင် အထုပ်ကြီးတွေပြင်ထား တနင်္လာကျား တနင်္လာသားက လာဆွဲလိမ့်မယ်"

ဟောစာတမ်းရောင်းသူ ဖြတ်ကျော်သွားသောအခါမှ မမက. . .

"မင်းက ဘာနေ့သားလဲ"

"အင်္ဂါ. . . ဗုဒ္ဓဟူးသား၊ အဲ့ဒီကြားမှာ ကွက်တိမွေးလာလို့လေ"

"ဘာဖွားလဲ"

"ရာဇာဖွား၊ နောက်ကဉက္ကာကတော့ ပြိတ္တာဖွား"

"ဟော့ကောင် အထွန်းဖွားကွ၊ အလကားပြောတာ မမ၊ ကျွန်တော် က အထွန်းဖွား၊ သန့်သန့်လေး. . . အဟဲဟဲ"

သူက . . .

"မမကော ဘာနေ့သမီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စနေသမီး"

"ဟာ. . . ဒါဆို စကောလောက်ပွင့်မှာပေါ့နော်၊ မျက်နှာ. . . မျက်နှာကိုပြောတာ"

မမက မျက်စောင်းခဲနေသဖြင့် သူ အရှက်ပြေရယ်ပြနေလိုက်၏။ ထိုစဉ် . . .

"မေလေးကကော ဘာနေ့ဖွားလဲ"

ဥက္ကာက အလစ်အငိုက်ဝင်၏။ မေလေးက . . .

"ကိုယ့်ကိုယ်ကို ဘာဖွားမှန်းတောင်မသိဘူး၊ အိမ်ကမေမေ့ကို လှမ်းမေးကြည့်မှသိမှာပဲ"

ဥက္ကာက မျက်ဖြူလန်ပြဟန်ဖြင့် စကားတိတ်သွား၏။ သူက. . .

"မမက ဗေဒင်လက္ခဏာတွေ ဝါသနာပါလို့လား"

"မိန်းကလေးပဲ အနည်းအကျဉ်းပေါ့၊ မင်းတို့ ဒီကပြန်ရင် အိမ်ကို ရောက်အောင်ပြန်နော်၊ ခြေသဝေထိုးမနေနဲ့"

"ကျွန်တော်တို့ကို ပွဲပြင်ပေးတာ ကျေးဇူးတင်ပါတယ်"

မမက မေလေးကိုတစ်ချက်ငဲ့ကြည့်ပြီး . . .

"မနက်ဖြန် အိမ်ကိုပဲလာခဲ့၊ ဆယ်နာရီမနက်ပိုင်းလောက်ပေါ့၊ အိမ်ကဒေါ်လေး ဥပုသ်ကျောင်းသွားစရာရှိတယ်၊ မေလေးလည်း အိမ်မှာ ရှိမယ်လေ၊ မင်းသူငယ်ချင်းနဲ့ စကားပြောဖေါ်ရအောင် အဖေါ်ခေါ်လာ ခဲ့ပါလား"

သူ အံ့အားတသင့်ဖြင့် နားထောင်နေစဉ်မှာပင် ဥက္ကာက ခေါင်း ကို လေးငါးခါလောက် ညိတ်ပြပြီးသွားလေပြီ။

ထုံးစံအတိုင်း မမလက်ကလေးပြပြီး နှုတ်ဆက်ကာ မောင်းထွက် သွား၏။ ဥက္ကာနှင့်မေလေးတို့ အပြန်အလှန် သင်္ကေတပြ နှုတ်ဆက်နေတာ ထည်းသူတွေ့၏။ သို့ခြား အိပ်မက်ထဲမှာလိုလို သူ ဝေဝါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာက နဘမ်ရှပ်တီးလာမှ သူ သတိဝင်လာ၏။ သူက . . .

"ခု မမပြောသွားတာတကယ်လား"

ဥက္ကာက သူ့ပခုံးကို သွားဖြင့်ကိုက်လိုက်၏။

"နာတယ်ကွ၊ ဟောကောင်. . . ဘာလုပ်တာလဲ"

"မင်း ဝေဝါးနေလို့ အဖြေထုတ်ပေးလိုက်တာ"

"မင်းစဉ်းစားကြည့် ဥက္ကာ၊ မမက ကောင်းတဲ့အခါကျရင်လဲ အဲ့ဒီလောက်အထိကောင်းနေပြန်ရော၊ ဆိုးတဲ့အခါကျရင်လဲ ငါ့မှာ ဒူပြီးအူကျန်ခဲ့အောင်ကို ဆိုးသွားပြန်ပါရော"

"ဟိုကွေ့ရောက်ရင်ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်ရင် ဒီတက်နဲ့လှော်ပေါ့ သူငယ်ချင်းရာ"

"သောင်တင်နေရင်ရော ရေဝဲစုပ်သွားရင်ရော ရေလမ်းကြောမှားပြီး မြစ်ကျိုးအင်းထဲ ဝင်သွားရင်ရော၊ ငါ ဘာလုပ်ရမလဲ"

"အဲ့ဒါဆိုရင် လှေဦးမှာထိုင်ပြီး ကိန်ကိန် ကိန်ကိန်နဲ့ အော်နေပေါ့ကွာ"

● ● ●

ခေတ်ဟောင်းနှင့်ခေတ်သစ်ဗိသုကာဟန်များဖြင့် တွဲစပ်ပုံဖော်ထားသော မမ၏အိမ်ကြီးထဲကို သူ့ဆိုင်ကယ်(လ်) မောင်းဝင်လိုက်၏။

ခြံတံခါးကို ကိုယ်တိုင်ဆင်းဖွင့်ပေးသော မေလေးက ဥက္ကာကို လက်ယပ်ပြပြီး ပန်းခြံသေးသေးလေးထဲမှ ဒန်းပေါ်ဝင်ထိုင်နေ၏။

"ငါ သွားလိုက်အုံးမယ် လင်းဝေမိုး"

"အိမ်ထဲထိမလိုက်ဘူးလား"

"မေလေးနဲ့တွေ့ဖို့လာတာပဲကွ၊ မင်းတွေ့ရမဲ့လူက အဲ့ထဲမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာသာမင်းဝင်ပေတော့၊ ငါ့ကို မေးလေးခေါ်နေပြီ"

ဥက္ကာက မေလေးရှိရာကိုလျှောက်သွား၏။ သူက အိမ်တံခါးဝမှာ ရပ်ပြီး ချီတုံချတုံဖြစ်နေမိ၏။ ပြီးမှ ရဲစိတ်တင်ပြီး မှန်လုံတံခါးကို တွန်းဖွင့်ဝင်သွား၏။

အလှအပအမွှမ်းအပြောက်တွေနှင့် အရှေ့တိုင်းဟန်ကဲထားသော ညှော်ခန်းဆောင်မှာ သူရပ်လိုက်စဉ် . . .

"မင်းရောက်လာပြီလား"

အသံကြားရ၏။ မမအသံစစ်စစ်။ လူကိုကား မမြင်ရ။

"ခဏလေးထိုင်အုံးနော်"

မမ၏ ဒုတိယမြောက်အသံ။ သူဝင်ထိုင်လိုက်ပြီး သိပ်မကြာ။ ကြောင်လိမ်လှေကားပုံဖေါ်ထားသော လှေကားအတိုင်း မမဆင်းလာ၏။ ရွှရွလေးဆင်းချလာခြင်းမျိုး။

သူ့အကြည့်ကို ဇက်မသပ်နိုင်ဘဲဖြစ်သွားသည့်တိုင် မမ ဣန္ဒြေ စည်းငယ်မျှ ယွင်းယိုင်မသွား။

သူ့ရှေ့ကခုံမှာ ပန်းကလေးတစ်ပွင့် ကြွေကျလာသလိုမျိုး မမ ဝင်ထိုင်၏။ လူကို ခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်၏။ ပြီးမှ . . .

"မင်းလိုချင်တဲ့အဖြေကို မမ ပေးရတော့မယ်နော်"

သိပြီးသားအကြောင်းအရာမို့ သူ ခေါင်းမညိတ် ခေါင်းမခါ။ တည်ငြိမ်အောင် ခန္ဓာကိုယ်ဟန်ချက်ကိုထိန်းပြီး နားစွင့်နေလိုက်၏။

"မင်းအကြောင်းတွေကို သေချာအောင် ထပ်ပြီးစုံစမ်းပြီးပြီ"

သူ ငြိမ်နေလိုက်ပြန်၏။ မမက မျက်တောင်သုံးခတ်မျှ ကစားလိုက်ပြီး . . .

"တို့ကျေနပ်တဲ့အတိုင်းအတာထဲမှာ မင်းရဲ့ နောက်ခံအခြေအနေအားတွေ ပြည့်စုံပါတယ်၊ အဓိကကျတဲ့ မင်းအင်အားကိုတော့ မမကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြုစုပျိုးထောင်ပေးရမယ်၊ ဒါကို မင်း လက်ခံနိုင်မလား''

သူ ပြုံးလွယ်စီးလွယ်ပင် ခေါင်းညိတ်ပြလိုက်၏။ သူ အသိချင်ဆုံးမှာ မမ၏အဖြေ။ မမရင်ထဲမှာ စစ်မှန်စွာပေါ်ထွက်လာမည့် အဖြေ။

''မင်းခေါင်းညိတ်ပြလိုက်တာ မမရဲ့အဖြေပဲ''

သူ အူလည်လည်ဖြစ်သွားပြီး မမကို ပြန်ကြည့်နေမိ၏။

''ဘာကြည့်တာလဲ၊ မယုံလို့လား''

''မမကိုယ်တိုင်ပြောမဲ့စကားကို နားနဲ့ဆတ်ဆတ်ကြားချင်တယ်''

''ဟော့. . . အဲလောက်ကြီးတော့ မမရှက်တယ်၊ ဒီလိုလုပ်ပါလား၊ မမနှုတ်ခမ်းလှုပ်ပြမယ်လေ''

''ဒါဆို လှုပ်ပြ''

မမက စကားသံထွက်ပေါ်မလာရုံလေးတင် နှုတ်ခမ်းကို တစ်လုံးချင်းမြင်သာအောင် လုပ်ပြ၏။ 'ချစ်တယ်' ဟူသော စကားလေးနှစ်လုံးကို လှုပ်ပြောသွားမှန်း သူသိလိုက်၏။

သူက အားရဝမ်းသာစွာဖြင့် မမအနားကို ရွှေ့ထိုင်လိုက်၏။ မမခန္ဓာကိုယ်လေးကျုံ့တွန့်သွားပြီး . . .

''အဲ့ဒါမျိုးတွေ မပါကြေးနော်၊ မင်းရဲ့ ယောက်ျားလေးဂုဏ်သိက္ခာကို ယုံကြည်လို့ ဒီလောက်အထိ စွန့်စားပြီးအခွေ့ခံတာ၊ အခြားတစ်နေရာရာမှာဆိုရင် မလွတ်လပ်ဖူးမဟုတ်လား၊ ဒီမှာက စည်းနဲ့ကမ်းနဲ့လွတ်လပ်ခွင့်ရှိတယ်''

''ကျွန်တော် မမ မကြိုက်တာ ဘာမှမလုပ်ပါဘူး''

''ဒီကိုရွှေ့ထိုင်ရတဲ့အကြောင်းက . . .''

''ဝမ်းသာလွန်းသွားပြီး အဝေးကကြည့်နေရတာအားမရလို့ အနီးကပ်ခံစားကြည့်တာပါ''

''သူ့အနီးမှာ မမ ရှိုးတိုးရှန်းတန်းနှင့် အနေရခက်၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားအနေနဲ့ လက်ကိုင်ခွင့်တော့ရှိမှာပေါ့နော်"

"မသိဘူးလေ"

မမလက်ကိုဆွဲယူပြီး သူနမ်းရှိုက်လိုက်၏။

"ဘာလုပ်တာလဲ"

"ခံစားကြည့်တာလဲ အငွေ့နဲ့တင်အားမရလို့ အပေါ်ယံအတွေ့ကလေးနဲ့ ယစ်မူးကြည့်တာ၊ မမစိတ်ဆိုးလို့ဘယ်ရမှာလဲ၊ မမနဲ့ကျွန်တော်က ရည်းစားဖြစ်နေပြီပဲ"

သွယ်နုသော မမလက်ဖဝါးတို့ကို သူ ဖွဖွလေးဆုပ်ထားရာမှ. . .

"မမ"

"အင်း"

"မမရဲ့ ဆယ်စွယ်ရောင်လက်မောင်းကလေးကို ခဏလေးဖက်ထားချင်တယ်"

"အဆင့်ကတက်လာပြီ"

"လုပ်ပါမမရယ်၊ အဲ့ဒီလက်မောင်းသွယ်သွယ်လေးကို ကျွန်တော်အိပ်မက်မက်နေခဲ့ရတာ အရမ်းကြာနေပြီ"

သူပြောပြောဆိုဆိုပင် မမ၏လက်မောင်းအိုးလေးကို ဖွဖွလေးထွေးဖက်လိုက်၏။ ပူနွေးရှိန်းဖိုသွားသော ခံစားမှုက သူ့ရင်ခုန်သံကို ထိန်းမရအောင် ပွက်ဆူသွားစေ၏။

မမကို သူ့ရင်ခွင်ထဲ ခပ်တင်းတင်းဆွဲဖက်ထားလိုက်သောအခါ မမ လူးလွန့်ရုန်းထွက်ဖို့ပြင်လာ၏။ သူက . . .

"မမနဲ့ကျွန်တော်က ရည်းစားနော်၊ ဒီလောက်တော့ အခွင့်အရေးရသင့်တယ်"

မမ ပြန်ငြိမ်သွား၏။ နွေးထွေးဆဲခဏအကြာမှာ မမသည် တိုင်လေးထဲ သူ အာရုံခံနေစဉ် မမက သူ့ပေါင်ကို လက်သည်းချွန်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆွဲဆိတ်လိုက်၏။ (စတိုင်(လ်)ဘောင်းဘီဝတ်လာခဲ့မိသည့်နေ့)

'အား' ခနဲသူအော်လိုက်စဉ် မမ ပြန်၍ရှန်းမတ်ကာ အနည်းငယ် ခွာထိုင်လိုက်ပြီး . . .

"မင်းနဲ့မမက ရည်းစားနော်၊ ဒီလိုကျီစယ်တာကို စိတ်မဆိုးရ ဘူး"

သူ အရှက်ပြေပြုံးရင်း ယည်ဂုတ်ကို ဖိပွတ်နေလိုက်မိ၏။ မမက သူ့ကို လည်တိုင်လေးစောင်းငဲ့ကြည့်၏။ ဖါးလျားဖြန့်ချထားသော ပြေပြေ စင်းစင်း ဆံပင်ရှည်ကြီးများက ဘေးတိုက်လွှဲကျနေ၏။ သူက . . .

"မမက ကျွန်တော့်ကို ပြုစုပျိုးထောင်မယ်ဆိုတာ ဘယ်လိုလဲ၊ မမဖြစ်စေချင်တဲ့ပုံစံ သွင်းမှာမျိုးလား"

"ဒါပေါ့၊ မင်းကို အခုလို လူရှုပ်လူပွေလေးဘဝ၊ လိမ့်နေတဲ့ ကျောက်တုံးလေးဘဝက အသွင်ပြောင်းပေးရမယ်လေ၊ ဒီနေ့ကစပြီး မင်း အလုပ်လုပ်ရမယ်၊ လမ်းပေါ်မှာ အမှိုက်သရိုက်လိုလွင့်မနေရဘူး၊ နား လည်လား"

"ဘာလဲ၊ ကျွန်တော်က လည်ပင်းမှာ နက်ကတိုင် ကြောင်ရှာ သီးကြီးဆွဲပြီး အင်္ဂလိပ်ထန်းခေါက်ဖာလို့ခေါ်တဲ့ အတက်ချိုကေစ့်ကို ကိုင်၊ သားသားနားနား ရုံးခန်းကြီးထဲမှာ စတိုင်(လ်)နဲ့ထိုင်ပြီး ခါးချိုအောင် စာရင်းဇယားတွေ စီးပွားရေးကွန်ယက် ဆက်သွယ်ရေးကရိယာတွေနဲ့ အလုပ်လုပ်ပြနေရမှာလား"

"မင်းမိဘတွေကို အလုပ်လုပ်ချင်ကြောင်းပြောလိုက်ရင် သူတို့စီစဉ် ပေးမှာပေါ့ကွ၊ အလုပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားလုပ်သွားရင် မင်းပြောတဲ့အခြေအနေမျိုးကို တစ်နေ့ရလာမှာပေါ့"

"ဒီလိုဆိုရင် ဖြစ်ပါတယ်"

• "ပေါ့ပေါ့ပျက်ပျက်မလုပ်ရဘူးနော်၊ စိတ်ပါလက်ပါနေပ်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမကို မင်းတကယ်လက်ထပ်ချင်ရင် မင်းပတ်ဝန်းကျင်မှာ မမပတ်ဝန်းကျင်မှာ မင်းဘာလဲဆိုတာ လက်မထောင်ပြနေနိုင်ရမယ်၊ ဒီလိုမဖြစ်လာခြင်းကတော့ မင်းနဲ့မမ ဝေးနေရအုံးမှာပဲ''

''စိတ်ချပါမမရယ်၊ မိဘပြောတော့တစ်လ၊ မယားပြောတော့တစ်ညတဲ့၊ ချစ်သူပြောတော့ တစ်ခဏလေးအတွင်းမှာပဲ ကျွန်တော် အားမာန်အပြည့်နဲ့ ပြောင်းလဲချင်စိတ်ဝင်နေပြီ''

''လက်တွေ့လုပ်ပြတာမျိုးကိုပဲ မမနှစ်သက်တယ်''

''လက်တွေ့လုပ်ပြမှာပါ၊ အခုတော့ မမအနားမှာ နေရတဲ့အဖိုးတန်အချိန်လေးတွေကို အကျိုးရှိရှိ အသုံးချပါရစေအုံး''

''အဲ့ဒီလိုကဲတဲ့အတတ်ကြတော့ သင်စရာမလိုဘူး၊ မှန်မှန်ပြောစမ်း၊ ဘယ်ကတတ်လာတာလဲ''

''မမရဲ့ကိုယ်သင်းရနံ့က ဆွဲဆောင်တယ်၊ မမရဲ့မျက်ဝန်းတွေကသင်ပေးတယ်၊ ကျွန်တော့်ရဲ့အသိတရားက နာယူတယ်၊ ကျွန်တော့်ရဲ့နှလုံးသားက စေခိုင်းတယ်''

''အော်. . . ဒီလိုလား၊ ဒါဆို မမရဲ့နှုတ်ဖြားက ထပ်ပြီး သင်ပေးလိုက်အုံးမယ်၊ မင်းဆံရှည်ကြီးကို ဖြတ်ရမယ်၊ လည်ကတုံး ဒါမှမဟုတ်ရှပ်အင်္ကျီနဲ့ ပုဆိုးကိုဝတ်ရမယ်၊ နောက်နေ့ကစပြီး မင်းပုံစံကို ပြင်လာရင်ပြင်လာ မပြင်လာရင် တွေ့ခွင့်လုံးဝမပေးဘူး မှတ်''

''ဒုက္ခခံပြီးထားလာတဲ့ ဆံပင်လေးကိုဖြတ်ရမယ်၊ TV ကြော်ငြာထဲက လုံချည်တွေဝတ်ရမယ်၊ ကြော်ငြာတွေနှိပ်စက်လွန်းလို့ TV မကြည့်ဖူးတာကြာပြီ၊ မလွယ်ပါဘူးမမရာ၊ မမရဲ့ဘောင်ကို နည်းနည်းချဲ့ပေးပါအုံး၊ ကြာရင် ကျွန်တော် အသက်ရှူကျပ်ပြီးသေလိမ့်မယ်''

''မရဘူး၊ ဘဝတစ်လျှောက်လုံး လက်တွဲဖို့ ရည်ရွယ်ထားတဲ့လူတစ်ယောက်ရဲ့စကားကို မင်းနားမထောင်ဘူးဆိုရင် မင်းကို မမ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ရမလဲ"

"ကောင်းပါပြီ၊ ကျွန်တော်ပြင်ပါ့မယ်၊ ကျေနပ်ပြီလား"

မမပြုံးနေ၏။ ပီတိဝင်စားနေသော အပြုံး။ သူက . . .

"မေလေးမှာ ရည်ရွယ်သူရှိလားမမ"

မမမျက်နှာ ကွပ်ခနဲပျက်သွား၏။ နားမလည်သောဟန်ဖြင့် . . .

"ဘာအတွက်ကြောင့် ဒီလိုမေးတာလဲ"

"မမစိတ်မဆိုးဘူးဆိုရင် ပြောချင်တယ်"

"ပြောလေ. . . မဆိုးဘူး"

"ကျွန်တော့်သူငယ်ချင်းဥက္ကာနဲ့ မေလေးတို့. . ."

"ဒါလား၊ မမသိသားပဲ"

"မမ သဘောတူရဲ့လား"

"မမက မေလေးမှမဟုတ်တာ၊ မေလေးနားလည်အောင်တော့ မမပြောပြထားတယ်၊ ဥက္ကာက ပြုပြင်ယူလို့ရမဲ့အကြောင်းမျိုးပေါ့၊ ဒါပေမဲ့ မေလေးက အဲ့ဒါတွေသိပ်စဉ်းစားချင်တာမဟုတ်ဘူး၊ သူက အပျော်မက်တယ်၊ ခပ်ပေါ့ပေါ့ပဲ၊ သူတို့အရွယ်နဲ့ ဒါတွေ မစဉ်းစားချင်တာကို ဂုဏ်ယူနေသလိုပဲ၊ တဖြည်းဖြည်းနဲ့တော့ ညီမလေး နားလည်လာမှာပါ၊ မင်းသူငယ်ချင်းကကော စိတ်ချရပါ့မလား"

"စိတ်ချရပါတယ်၊ ဒီကောင်က အချစ်နဲ့ပတ်သက်ရင် မေလေးနဲ့ကြမှ မျက်စိပွင့်ဖူးတာ၊ အကျင့်ကောင်းတယ်၊ အနေကတော့ ကျွန်တော့်လိုပေါ့၊ မေလေးကိုလဲ ဒီကောင် တကယ်ကို နှစ်နှစ်ကာကာချစ်နေတာပါ ကျွန်တော်အသိဆုံး၊ ဥက္ကာကို စိတ်သာချ"

"မင်းဆိုလိုချင်တာ မှားနေပြီ"

"ဘာမှားလို့လဲ မမ"

"မေလေးရဲ့ဒဏ်ကို ဥက္ကာ ဘယ်လောက်အထိခံနိုင်ရည်ရှိမရှိ



www.burmeseclassic.com

www.burmeseclassic.com



ကိုမေးကြည့်တာ၊ အဲ့ဒီလိုဒဏ်ခံရတဲ့အခါမှာ စိတ်ချရပ့်ါမလားလို့ မမက မေးချင်တာ"

သူ ငေါင်စင်းသွား၏။ မမက သူ့ထံမှထွက်ပေါ်လာမည့် စကားကို ဆံပင်သပ်သိမ်းရင်း နားစွင့်နေ၏။ တစ်စုံတစ်ရာကို ရိုးတိုးရိပ်တိတ် လှမ်းမြင်နေရ၏။ ဘာရယ်ဟုဖြင့် သူမသိ။ မမအကြည့်ကို သူ မဝံ့မရဲ ရင်ဆိုင်လိုက်ရင်းမှ . . .

"ဥက္ကာ ခံနိုင်ရည်ရှိမှာပါမမ"

ပြောပြီး သူ ငြိမ်၍စဉ်းစားခန်းဝင်နေလိုက်၏။ မပီဝိုးတဝါးတွေ့မြင်လိုက်သော အကြောင်းကို သူ့မှတ်ဉာဏ်နှင့်ပုံလောင်း၍ ရုပ်လုံးဖော်နေစဉ်မှာပင် . . .

"မင်း ဘာတွေစဉ်းစားနေတာလဲဟ့ှာင်"

သူ့အတွေးကို အမြန်ဖျက်သိမ်းလိုက်ပြီး သူနှင့်မမ၏ အနာဂတ်အတွက် ထိရောက်သောစကားကို ဖွင့်ဆိုလိုက်မိ၏။

"ကျွန်တော်လဲ မမရဲ့ဒဏ်ခံ ကြိုးမျှင်လေးတစ်ချောင်းပဲပေါ့နော် မမ"

"ဘာလဲ . . အခုကတည်းက မင်း နောက်ဆုတ်ချင်နေပြီလား"

"မဟုတ်ဘူး၊ ရှေ့ကို ဒီလိုတိုးမှာ"

ပြောပြီး မမအနားကပ်ထိုင်ကာ သိမ်းပိုက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အိပ်မက်တောင်ကုန်းပေါ်က
အလွမ်းတွေအရည်ပျော်ကျတဲ့အခါ
ငါဟာ စီးဆင်းသွားတဲ့ ဆီးနှင်းကလေးပါ။
ကောင်းကင်ပေးတဲ့ အခွင့်အရေးနဲ့
ကမ္ဘာမြေရဲ့တေးကို ဆိုညည်း
ပင်လယ်ခရီးကြမ်း ယဉ်ကျေးမှု
နေညတုအနမ်းတွေ
ကောင်းကင်ကြီးထဲပြန်ကြွေကျ
ငါဟာ ပျံတက်ခွင့်ရတဲ့မိုးတိမ်ကလေးပါပဲ။
နှုတ်ဆက်ခြင်းတွေ မြုပ်နှံခဲ့တယ်
တဖန် ပြန်လည်တူးဖော်မတွေ့ရှိသမျှ
ငါဟာ . . .
မိုက်မဲခွင့်တွေဆက်ရနေတဲ့ ဒဏ်ခံကြိုးလေးတစ်ချောင်းပေါ့ကွယ်



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုယ်တော်. . . အောင်ပွဲသဘင်ဆင်ယင်ကျင်းပနေတဲ့ ဘီယာဘားမှာ ဘယ်ကာလဒတစ်ကောင် လာနားနေပါလိမ့်"

"ဟော့ကောင် ဥက္ကာ၊ ငါ ဘီယာနဲ့ ကောက်ပက်လိုက်မှာနော်၊ မင်းတို့ဘာသာပျော်ချင်သလို ပျော်၊ ငါ အဖေါ်လိုက်ပေးတဲ့စေတနာကို မစော်ကားနဲ့"

"ဘာလဲကွာ၊ တိုးကိုကလဲ ဆယ့်နှစ်ရာသီစိတ်ချည့်ထွက်နေတာပဲ၊ ကြည့်ရတာ နွေးနွေး ဒီပြင့်လူနဲ့ ပါသွားပြီနဲ့တူတယ်"

"အရည်မရ အဖတ်မရစကားကို မင်းသိပ်ပြောချင်နေတာပဲလား ဥက္ကာ၊ ငါ့သမိုင်းကိုငါ ကြေပြီးသား၊ မင်းသမိုင်းသာ မင်းကြေအောင်လုပ်"

"ဒီရောက်ကတည်းက ဘုတောနေတော့တာပဲ၊ လင်းဝေမိုး တိုးကိုကြီးကို မင်းဘာသာပဲ ဖြောင့်ဖျလိုက်တော့"

"နေပါစေ ဥက္ကာရာ၊ ငါ မနက်ဖြန်ကစပြီး ပြောင်းလဲရတော့မဲ့ကောင်၊ မင်းတို့နဲ့ နောက်ဆိုရင် ဒီလိုတောင်အချိန်ဖြုန်းနိုင်မှာ မဟုတ်တော့ဘူး၊ ငါ့အချိန်တွေကို မမဆွဲပေးတဲ့ဖယားထဲမှာ ထည့်ပေးလိုက်ပြီ"

တိုးကိုက . . .

"မ. ယ. က အသင်းသာဖွဲ့ရင် မင်းကို ဥက္ကဌတန်းခန့်မှာပဲ လင်းဝေမိုး"

"ငါက မမကို အသဲနစ်အောင်ချစ်တာကိုးကွ"

ဘီယာပါဝါပြလာ၍ မကားအချီအချမှာပင် အိတ်သွန်ဖါမှောက်ဖြစ်ချင်လာ၏။

ဥက္ကာက . . .

"ဟုတ်တယ်၊ ငါလဲ မေလေးကို အရူးအမူးပဲ"

တိုးကိုက ရှဉ့်ခြောက်စပ်တစ်ဖတ်ကို တူနှင့်ထိုးညှပ်ယူလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြ. . . ပြောကြ၊ ငါကတော့ အရသာရှိရှိ သောက်ဝါးပြီး ရင် အိမ်ပြန်တော့မယ်၊ နွေးနွေးခါဖုန်းဆက်စရာရှိသေးလို့"

"မင်းနဲ့နွေးနွေးက ပြန်အဆင်ပြေပြီလား"

"အေး"

"ဒါနဲ့မျှား တို့ဝိုင်းမှာ လဒမိုင် မိုင်နေရသေးတယ်"

"မိန်းမတွေအကြောင်းကို မင်းတို့မသိသေးပါဘူးကွာ၊ မူကြို အဆင့်လောက်ပဲရှိတဲ့ကောင်တွေ"

"အေးပါ. . . မင်းကဘွဲ့လွန်ပြီး ဖွက်ကျွံနေတဲ့ကောင်ဆိုတော့ ပြောပြစမ်းပါအုံး၊ မိန်းမတွေအကြောင်းကို. . ."

"နွေးနွေးက မကြာခဏ စိတ်ကောက်တတ်တယ်ကွ၊ ငါကလဲ စိတ်သိပ်ရှည်တာမဟုတ်ဘူး၊ အဲ့ဒါက အခုထက်ထိ ပြဿနာတစ်ခုလို ဖြစ်နေလို့ ငါစိတ်ညစ်နေတာ"

"ပြန်ချော့လိုက်ပေါ့ကွာ၊ ပျော်စရာတောင်ကောင်းအုံးမယ်၊ အဲ့ဒါ ရည်းစားဘဝရဲ့ အရသာတစ်မျိုးပဲ"

"အဲ့ဒါ အရသာမဟုတ်ဘူးကွ၊ အရနာတာ၊ ငါ့စကားကို ကိုယ် တွေ့ကြုံမှ မင်းတို့ယုံလိမ့်မယ်၊ မင်းတို့ပြောသလို တစ်ခါနှစ်ခါစိတ်ကောက် လို့ပြန်ချော့ရတာ ပျော်စရာကောင်းပါတယ်၊ ခဏခဏကောက်တယ်၊ ထစ် ခနဲရှိ စိတ်ကောက်တတ်တာမျိုးကြတော့ ပြန်လျှော့ရလွန်းလို့ လျှာအမြုပ် ထွက်ပြီပေါ့"

"ဒါဆိုလဲ. . . ဥပေက္ခာထားလိုက်ပေါ့ကွာ၊ ငိုရင် မုန့်ရမှန်းသိတဲ့ ကလေးက ငိုနေမှာပဲ၊ မုန့်မကျွေးနဲ့၊ ပေါင်တွင်းကြောဆွဲလိမ်ထားလိုက်၊ နောက်မငိုရဲတော့ဘူးပေါ့"

"ဥက္ကာရာ မိန်းမနဲ့ကလေးက တူတာမှတ်လို့၊ ကလေးက ဘာ မာယာမှမတတ်ဘူး၊ မိန်းမတွေက မာယာတတ်တယ်၊ မိန်းမဆိုသာ သဲကိုး



www.burmeseclassic.com

www.burmeseclassic.com



ဖျာနဲ့ သဲကျင်းတစ်ရာရှိတယ် မှတ်ထား''

''မိန်းမဟာယာ သဲကိုးဖျာပဲကြားဖူးပါတယ်၊ ဘယ်ကသဲကျင်းတစ်ရာက အဆစ်ပါလာတာလဲ''

''ငါ အဆစ်ထည့်ပေးထားတာကွ၊ ပိုမှန်သွားအောင်လို့''

သူက ကြားဝင်၍ . . .

''တိုးကိုဖက်ကစဉ်းစားကြည့်ရင်လဲ ဟုတ်ချင်ဟုတ်နေမှာပေါ့ဥက္ကာရာ၊ မင်းမသိသေးတဲ့တစ်ချက်ကို ငါသိထားတယ်''

''ဘာလဲ၊ မနက်ဖြန် မေလေးက ငါ့ကို ဗိုလ်ချုပ်ဈေးလိုက်ပို့နိုင်းလို့ ငါ့နဝရတ်ကလေးကို ငါ မျက်စောင်းထိုးနေရပြီဆိုတဲ့ကိစ္စလား''

''အေး . . အဲ့ဒါအစပဲရှိသေးတယ်၊ အလယ်မရောက်သေးဘူး မင်းအနေနဲ့ မေလေးအပေါ် အဲ့ဒီလောက်အထိ မလိုက်လျောသင့်ဘူး၊ ခုအတိုင်းဆို မေလေးက ချူစားတတ်တဲ့မိန်းမမျိုးဖြစ်နေပြီ''

''မဟုတ်ဘူးကွ၊ ငါ့ကိုလဲဝယ်ပေးတယ်၊ သူလဲသုံးတယ်၊ နှစ်ယောက်ငွေကို စုစပ်ပြီးသုံးတဲ့သဘောမျိုးပါ''

တိုးကိုက ကြားဝင်၍ . . .

''မေလေးက မင်းကို ဘာတွေဝယ်ပေးတုံး''

''ငါ့အရပ် နည်းနည်းပုတယ်ထင်လို့ ခွာမြင့်ရှူးဖိနပ်နှစ်ရံရယ်၊ အရပ်ထွက်အောင် ကြိုးခုန်ဖို့ကြိုးတစ်စုံရယ်၊ ဘောင်းဘီတိုရယ်၊ ရေမွှေး မျက်မှန်၊ မီးခြစ်တွေဝယ်ပေးထားတယ်''

တိုးကိုက . . .

''မင်း . . . အရပ်တကယ်ရှည်ချင်လို့လား''

''နောက်ထပ် လေးလက်မလောက်ပဲထပ်ရှည်ချင်တယ်''

''ဒါဆို မင်းတို့အိမ်နောက်က ဝါးဖိုးဝါးတစ်ပြန်ခွဲလောက်မြင့်တဲ့ ကျွန်းပင်ကြီးပေါ်တက်၊ ဘန်ဂီဖျော့ကြိုးကို မင်းခြေထောက်နဲ့ ခါးမှာစည်း



www.burmeseclassic.com

www.burmeseclassic.com



သစ်ပိုင်းပေါ်က ဓောက်ထိုးခုန်ချပစ်လိုက်၊ တစ်နေ့သုံးခါပဲလုပ်၊ မင်း အရပ်ရှည်လာမယ်"

"ဓောက်ထိုးကြီးရှည်နေရင် ဘယ်လိုလုပ်မလဲ၊ ရှည်သင့်တာမရှည်ဘဲ မရှည်သင့်တာက ကမ္ဘာမြေကြီးရဲ့ဆွဲငင်အားကြောင့် ရှည်လာရင် ဒုက္ခဖြစ်ကုန်လိမ့်မယ်"

"နေစမ်းပါအုံးကွာ၊ မင်းတို့က ပေါက်ကရပြောဖို့ပဲတတ်တယ်၊ ရှေ့ရေးကို ဘာမှ ကြိုတွေးမစဉ်းစားဘူး"

ဥက္ကာက . . .

"ဟ. . . လင်းဝေမိုးရ၊ မင်းက အပျိုကြီးရဲ့ရည်းစားဆိုတော့ အပျိုကြီးခေါင်းတပ်ပြီး ဒါတွေလိုက်ပူမှာပေါ့"

"အော်. . . မင်းက အပျိုလေးချစ်သူဆိုပြီး အမှတ်ယူဂုဏ်တင်နေတယ်ပေါ့၊ မင်းအပျိုလေးက ငါ့အပျိုကြီးကိုမှီလို့လား"

"ဘာမှီရမှာလဲ"

"လှတဲ့နေရာမှာပြောတာကွာ"

"ဒါကတော့ကွာ အပျိုလေးဆိုတာ ငုံဖူးနေတဲ့အဖူးကလေးကွ၊ အပျိုကြီးကတော့ ရှိသမျှပွင့်ဖတ်တွေ လှနေအောင်ဝေပြီးပြီလေကွာ၊ ပန်းဆိုတာ ဝေပြီးရင် ဘာဖြစ်သွားရမှာလဲ လင်းဝေမိုး၊ ဒါပဲ. . . အဲ့ဒါတွေကွာတယ်၊ အများကြီး အများကြီးကွာတယ်"

"အဲ့ဒီပန်းကို မကြွေအောင်ခူးပြီး ဆေးအစွမ်းနဲ့စီရင်ထားမယ်ဆိုရင်ကောကွာ"

"မတူတော့ဘူးလေ၊ လတ်ဆတ်မှုလန်းဖြာမှုတန်ဖိုးတွေ ဆုံးရှုံးသွားပြီ၊ မင်းဟာက ခြောက်ဆေးရည်စိမ်ကြီးဖြစ်သွားပြီ၊ ဆေးရည်စိမ်မမပေါ့"

"မမကို အဲ့ဒီလိုမပြောနဲ့ကွာ၊ ငါ့ကိုဆဲချင်ဆဲ"

"မဆဲရဲပါဘူးကွာ၊ မင်းက ငါတို့ထဲမှာအကြီးဆုံး၊ မင်းထက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တာ ဆန်စက်ခေါင်းတိုင်ပဲရှိတော့တယ်၊ အရပ်အမောင်းကိုပြောတာပါ"

"တော်ပြီ. . . မင်းကို ငါပြောလဲအလကားပဲ၊ ကျွဲပါးဂစ်တာတီး သလို ဖြစ်နေလိမ့်မယ်"

"ကျွဲပါးစောင်းတီးပါကွာ"

"ငါမှ စောင်းမတီးတတ်ပဲ၊ ဂစ်တာပဲတီးမှာပေ့ါ"

"မပြောတာဘဲ နားချမ်းသာတယ်လင်းဝေမိုး၊ ငါက မေလေးနဲ့ ပတ်သက်လာရင် အဆုံးစွန်အမှတ်မှာ အလံတပ်လွှင့်ထားမိပြီ"

"ယုံတယ်၊ ပိုးသာကုန်မောင်ပုံစောင်းမတတ်ကိန်းဆိုက်လာမှ လာငိုပြလို့ကတော့ ဘယ်ဖနောင့်နဲ့ခတ်တင်ပြီး ညာခြေဝိုက်နဲ့ ကန်ထုတ် ပစ်လိုက်မယ်"

သူ့စကားကို တိုးကိုက လက်ခုပ်ထ,တီးပြီး ထောက်ခံနေ၏။ ဥက္ကာက ဘီယာရှိန်လေးနဲ့ယိမ်းလာပြီး . . .

"အဲ့ဒီလိုဖြစ်လို့ကတော့ ဟော့ဒီဥက္ကာကလေ ရေမရှိတဲ့ချောင်း မှာ နာခေါင်းဖေါ်ပြီးသေပစ်လိုက်မယ်"

ဥက္ကာ စကားအဆုံးမှာ အတွင်းအားသုံးထားသော လက်တွေ ပလူပျံသလိုဝင်သွား၏။

ရှင်တော်မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း လူ့ ဘဝသည် သုခတစ်လှည့် ဒုက္ခတစ်လှည့်နဲ့ ရှင်သည်မှသေသည့်တိုင် မလွဲ မသွေ ရင်ဆိုင်ရမည်ဖြစ်လေသည်။ သုခသည် သုခအယောင်ဆောင်ထား သော ဒုက္ခ။ ဒုက္ခသည် လောဘ၊ ဒေါသ၊ မောဟတရား၏ ပူမြိုက်လောင် ကျွမ်းမှုတို့ အထင်ကရ ဆင်းရဲခြင်းကြီးမားမှုတစ်မျိုး။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်မမကြားမှာရှိသော သုခစာမျက်နှာလေးမှာ စာကြောင်းရေ အနည်းငယ်လေး ဖတ်ရှုခံစားရုံမျှဖြင့် ကုန်ဆုံးသွားပါလေပြီ။

ဒုက္ခစာမျက်နှာကို လှန်လှောဖတ်ရှုရမည့်အလှည့်ကို မလွဲမသွေ ရောက်ရှိလာခဲ့လေပြီ။

ဒုက္ခစာမျက်နှာအဖွင့်မှာ သူတို့နှင့် တိုက်ရိုက်ပတ်သက်မှုမရှိ။ ဒုက္ခ သည် အကြောင်းတရားများကို ကောက်ပင်လို တစ်ပင်ခြင်းစုစည်းနေခဲ့ သော ကာလအပိုင်းအခြား။

တစ်ဆင့်ခံကျရောက်လာမည့် ကံကြမ္မာကို အရိပ်လက္ခဏာမျှ သူ ခန့်မှန်းမသိခဲ့ရိုးအမှန်။

မမ၏ပြုစုပျိုးထောင်မှုဖြင့် သူ အပြောင်းလဲကြီးပြောင်းလဲခဲ့ရ၏။ သူ့ဖခင်လုပ်ငန်းတစ်ခုလုံးကို သူ့လက်ထဲလွှဲပြောင်းရောက်ရှိလာသည်အထိ သူ ကြိုးစားပြီး အလုပ်လုပ်ပြနိုင်ခဲ့၏။ ထို့ပြင် မမပုံသွင်းထားဟန် မြန်မြန် ဆန်ဆန် ဝတ်စားဆင်ယင်နေထိုင်တတ်လာခဲ့ပြန်သည်။

မမ၏ခွင့်ပြုချက်အရ တစ်ပတ်မှ နှစ်ကြိမ် သုံးကြိမ်လောက်သာ မမနှင့်တွေ့ခွင့်ရခဲ့၏။

သူငယ်ချင်းများနှင့် ယခင်လို ပေါးလားဝါးလားမလုပ်နိုင်။ အလုပ် ထဲမှာသာ စိတ်နှင့်ကိုယ်ကို နှစ်ထားခဲ့ရ၏။ ဥက္ကာက တစ်ပတ်တစ်ခါ သူ့ထံလာတွေ့ပြီး မေလေးနှင့် လည်ပတ်ပျော်ရွှင်စားသောက်ခဲ့ရပုံတွေ စာမြို့ပြန်ပြတတ်၏။ တိုးကိုမှာ နှစ်ပတ်နေမှ တစ်ခါလောက်လာပြီး အပြင်လည်ဖို့လာခေါ်၏။

မလိုက်နိုင်ကြောင်း သူငြင်းပယ်သောအခါ သူ့ကို မိန်းမမာယာ မှိုင်းဝနေသော အချစ်ရူးတံဆိပ်ကပ် မီးပုံးပျံကြီး။ အရှိန်ကုန်လို့ ပြန်ကျ လာရင် ဂန်ဖလားဆုရမည့်မီးပုံးပျံကြီး။ မ. ယ. က ဥက္ကာ့ရှသစ်ကြီး စသည်ဖြင့် လှောင်ပြောင်ပြစ်တင်ပြီး ပြန်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမမှ၊ မမကိုချစ်သော စိတ်တစ်ခုတည်းက ခံနိုင်ရည်အင်းအားနှင့် ကြီးပွားလိုစိတ်များကို မွေးဖွားပေးနိုင်ခဲ့သည်ပင်။

မမကို ခမ်းနားသောအဆောင်အယောင်များနှင့် ထားနိုင်အောင် ကြိုးစားမည်။

သိုက်မြိုက်စည်ကားသော မင်္ဂလာပွဲသဘင်ဆင်ယင်ကျင်းပ၍ မမကို လက်ထပ်ယူမည်။ ပြီးလျှင် ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာ တည်ဆောက်ဖြတ်သန်းသွားမည်။

ထိုစဉ်မှာပင် သူ့ရုံးခန်းအတွင်းမှ ဖုန်းထမည်လာ၏။

သူနားထောင်လိုက်သောအခါ မမဆက်နေမှန်းသိလိုက်ရ၏။

"မင်းကို အသိပေးစရာရှိလို့ မမဆက်လိုက်တာ"

"အင်း. . . ပြောလေမမ"

"မမကို ပုသိမ်ပြန်လာဖို့ အိမ်ကမိဘတွေ ဖုန်းနဲ့လှမ်းခေါ်နေတယ်၊ ဘာအကြောင်းရှိလို့လဲတော့မသိဘူး၊ အရေးကြီးတယ်လို့ပြောတယ်၊ အဲ့ဒါ မမ ဒီနေ့ပဲ အိမ်ကကားနဲ့ ပုသိမ်ကိုပြန်ဖြစ်လိမ့်မယ်"

"ပြန်လာမှာပါနော်"

"ပြန်လာမှာပေါ့၊ ဟိုမှာအကြောင်းထူးရင် မင်းဆီဖုန်းလှမ်းဆက်လိုက်မယ်လေ၊ ဒါပဲနော်၊ ပစ္စည်းတွေထည့်နေလို့"

"မမတစ်ယောက်တည်းပြန်မှာလား"

"ညီမလေးပါခေါ်သွားမယ်"

"မမတို့အန်တီကြီးပဲ အိမ်စောင့်ပေါ့"

"အန်တီအိမ်စောင့်လိမ့်မယ်၊ ခိုင်းထားတဲ့ကောင်မလေးလဲ ရှိတယ်လေ"

"ခန့်မှန်းခြေ ဘယ်နှစ်ရက်လောက်ကြာမလဲ"

"မသိနိုင်ဘူး၊ သိပ်ကြာမယ်တော့မထင်ပါဘူး၊ မင်း မမကိုလွမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်အကြောင်းပြပြီး အလုပ်မလုပ်ဘဲ မနေနဲ့နော်၊ ကြားလား''

''ကြားပါတယ်''

''မမသာ အမြန်ပြန်လာဖြစ်အောင်ကြိုးစားပါ''

''စိတ်ချပါချာတိတ်ရယ်၊ မင်းကိုလဲ မမ သတိရနေမှာပါ''

''မေလေးကော ဥက္ကာကိုနှုတ်မဆက်လိုက်ဘူးလား''

''နှုတ်မဆက်တော့ဘူးပြောတယ်၊ အချိန်လဲသိပ်မရတော့ဘူးလေ''

''ဒါဆို. . . ဥက္ကာကို ကျွန်တော်ပြောပြလိုက်မယ်''

''ပိုအဆင်ပြေသွားတာပေါ့၊ ဒါပဲနော်''

''အချစ်မျှားစွာနဲ့ တစ်ခဏာခွဲရမဲ့ခရီးကို နှုတ်ဆက်လိုက်ပါတယ် မမ''

''အချစ်မျှားစွာနဲ့ အမြန်ဆုံးပြန်လာဖြစ်အောင် မမ ကြိုးစားမယ်လို့ မင်းကိုကတိပေးပါတယ်''

ဖုန်းချသွား၏။ အဆက်အသွယ်ပြတ်တောက်သွား၏။ ချောက်ချားမြစ်ခြား၊ ကမ္ဘာခြင်းခြားနားသွားသလို လပ်ဟာသွားသော ခံစားမှုတွေ သူ့ရင်ထဲ ချက်ချင်းသိုသိပ်စွာ ဝင်ရောက်လာ၏။

တစ်ခဏာကလေးခွဲရလို့ ရက်ပေါင်းခုနှစ်ရာ ငိုကြွေးခဲ့ရသော ကိန္နရီ ကိန္နရာအဖြစ်ကိုလည်း ပိုလွန်းသည်မထင်တော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မမ ပုသိမ်ပြန်သွားသည်မှာ တစ်လနီးပါးမျှကြာနေလေပြီ။ ဖုန်းမလာ၊ သတင်းမကြားရ။ သူနှင့်ဥက္ကာမှာ စပ်ပုစပ်လောင်ဖြစ်နေခဲ့ကြ၏။ ပုသိမ်လိုက်သွားချင်သော်လည်း သူ့မှာ အလုပ်တစ်ဖက်နှင့်။ ဥက္ကာမှာလည်း သူ့ဖခင်ရုံးမှာ အစမ်းခန့်သဘောနှင့် အလုပ်ဝင်နေရလေပြီ။ သူတို့နှစ်ယောက်၏ နေမထိထိုင်မသာပုံစံကိုကြည့်၍ တိုးကိုက ရယ်ပွဲဖွဲ့မဆုံး။

မမခရီးသွားရက် တစ်လပြည့်ရန် လေးရက်အလိုမှာ မမပြန်ရောက်နေကြောင်း တိုးကိုထံမှ သတင်းရ၏။ အလုပ်ထဲမှအကြောင်းပြပြီး မမထံ သူ အမြန်လာခဲ့လိုက်၏။ မမထံ ဖုန်းခေါ်ကြည့်သော်လည်း ဖုန်းလိုင်းကြိုးတွေ ပြင်ဆင်နေသဖြင့် ခေတ္တဖြတ်တောက်ထားချိန်မို့ ခေါ်၍မရ။

မမ၏အနိတီကြီးရှိနေသောအိမ်ထဲကို သူ အရဲစွန့်ပြီး ဝင်ခဲ့ရတော့၏။ မမ ဘယ်လိုပြောကြားထား၍လည်း မသိ။ အနီတီကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ပြောရရုံဖြင့် ခြံတံခါးဖွင့်ပေး၏။

မမ၏အိမ်ရှေ့မှာ ကားထိုးရပ်လိုက်ပြီး သူဆင်းလိုက်စဉ် အိမ်ပြင်မှာထွက်ကြိုနေသော မမကိုတွေ့၏။ မမက သူ့ကို မျက်လုံးတစ်ဖတ်မှိတ်ပြရင်း . . .

"ဟော. . . ကိုလင်းဝေမိုးပါလား၊ ကျောင်းပြီကတည်းက မတွေ့ရတာကြာပြီနော်၊ အတော်ပဲ၊ ခင်လဲ အပြင်ထွက်စရာရှိတာနဲ့၊ အိမ်က ကားက ဆီပိတ်နေတယ်လေ၊ အိမ်လာလည်လက်စနဲ့ ကျောင်းကဆရာမ အိမ် လိုက်ပို့ပေးပါလား၊ ခင်. . . သွားကန်တော့စရာရှိလို့"

"အော်. . . ဟုတ်. . . ဟုတ်ကဲ့"

မမ၏အန်တီကြီးက သူ့ကို ခြေဆုံးခေါင်းဖြားကြည့်ရင်း မမစကားကို သံသယမျက်လုံးများနှင့် နားထောင်နေ၏။

မမက လက်ကိုင်အိတ်လေးလွယ်ပြီး အန်တီကြီးကို တီးတိုးစကားပြောကာ သူ့ကားပေါ်တက်ထိုင်၏။ သူလည်း ကားကို ဘတ်ဂီယာထိုးပြီး ခြံပြင်ပြန်ထွက်ကာ လမ်းထိပ်ရောက်အောင်မောင်းလာခဲ့ရ၏။

"ဘယ်လိုမောင်းရမလဲ မမ"

"ပွိုင့်ကဖီး"

"အိမ်မှာက အန်တီကြီးရှိလို့လား"

"ဟုတ်တယ်၊ ဒါကြောင့် မင်းရှေ့မှာ လံကြုတ်လိုက်ရတာပေါ့"

"တော်သေးတယ်၊ အန်တီကြီးက အရင်တစ်ခါလာတဲ့ ရွှေပ်လေးမှန်း မမှတ်မိလို့"

"မင်း ပိန်သွားသလိုပဲ"

"မမကိုလွမ်းလို့လေ"

"လွမ်းနေတာချည့်ပဲလား၊ အလုပ်ပျက်သေးလား"

"မပျက်ပါဘူး၊ ကျွန်တော့်အမြတ်ငွေသက်သက်တင် ဘဏ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းဖွင့်ထားတာများနေပြီ၊ လုပ်ငန်းတိုးချဲ့ဖို့ မမနဲ့တိုင်ပင်ရအောင် စောင့်နေတာလဲပါ,ပါတယ်"

ယခင်ကဆိုလျှင် သူ့အောင်မြင်မှုအတွက် မမမျက်နှာမှာ ပီတိတွေ လက်လက်ဖြာနေတတ်၏။ ယခုဖြင့် မမမျက်နှာမှာ ရေသေကဲ့သို့ ငြိမ်သက်စွာတည်နေလျက်။

"မမ ကျွန်တော့်ကို ဘာလို့ဖုန်းမဆက်တာလဲ၊ ဖုန်းဆက်မယ် ပြောပြီးတော့ နေလိုက်တာလဲ အကြာကြီး၊ ကျွန်တော်ဖြင့် စိတ်ပူလိုက်ရတာ၊ ရင်ထဲကို မီးတောင်ဆယ်လုံးလောက် မျိုချထားရတဲ့အတိုင်းပဲ"

မမ ငြိမ်သက်နေရာမှ ကားမောင်းနေသောသူ့ကို ဘေးတိုက်ကြည့်ပြီး သက်ပြင်းချနေ၏။

"မမ နေမကောင်းဘူးလား"

"လူနေကောင်းပါတယ်၊ စိတ်ကတော့နေမကောင်းဘူး"

"မမ ပုသိမ်ကပြန်လာပြီးကတည်းက တစ်မျိုးကြီးပဲ"

"ပုသိမ်မှာမမ အခက်အခဲတွေ ဘယ်လောက်ရင်ဆိုင်လိုက်ရတယ်ဆိုတာ မင်းမှမသိနိုင်သေးတာ၊ မင်းကို ပြောလိုက်ရင် အစိုးရိမ်လွန်ပြီး ထင်ရာလျှောက်လုပ်မှာလဲ ကြောက်ရသေးတယ်၊ မပြောလို့လဲမဖြစ်ပြန်ဘူး"

"သူ့ကားကို ပန်းကန်လုံးကျွန်းဖက်မှာထိုးရပ်လိုက်ပြီး . . .

"ဒါဆို ပွိုင့်မသွားတော့ဘူး၊ ဒီမှာပဲ လွတ်လွတ်လပ်လပ်ပြောရအောင်"

မမက အဝေးကိုငေးကြည့်၏။ နံနက်ပိုင်းအချိန်မို့ နေရောင်တွေ ကန်ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်စီးနေကြ၏။ မမစကားသံကို သူနားစွင့်နေလိုက်၏။ မမ သက်ပြင်းချပြန်၏။ ပြီးမှ သူ့ကို ဘေးစောင်းငဲ့ကြည့်ရင်း . . .

"မမ ပုသိမ်ကိုပြန်တာ မိဘတွေစီမံပေးတဲ့လူကို လက်ထပ်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ''

''ဗျာ''

သူ အလန့်တကြားလှည့်ကြည့်လိုက်သောအခါ မမ မျက်လွှာချသွားပြီး . . .

''ဟုတ်တယ်၊ မမလဲ ပုသိမ်ရောက်မှသိရတာ''

''အခု. . . အခု အဲ့ဒီလူနဲ့မမ''

''မယူဖြစ်ကြပါဘူး''

ဟူးခနဲ သူ သက်ပြင်းမှုတ်ထုတ်လိုက်မိ၏။ မမက စတီယာရင်ကို ဆုပ်ထားသောသူ့လက်ကို လှမ်းကိုင်ပြီး နှစ်သိမ့်မှုပေးလာ၏။

''မိဘရဲ့ဆန္ဒကို ဒီတစ်ကြိမ်တော့ မမ အပြင်းအထန် ဆန့်ကျင်ငြင်းဆန်ခဲ့တယ်၊ မင်းအတွက်ကြောင့်ပေါ့''

''မမ နားလည်မှုရှိသေးတာ ကျေးဇူးတင်ပါတယ်''

''မိဘတွေက သူတို့မျက်စိမမှိတ်သွားခင်မှာ မမကို စိတ်ချလက်ချဖြစ်သွားစေချင်တယ်လေ၊ မမက အကြီးဆုံးဖြစ်တော့ မမကို အရင်စိစဉ်ပေးတာပေါ့၊ မမက ခါးခါးသီးသီးငြင်းဆန်တော့ မိဘတွေက တစ်မျိုးစီစဉ်ကြပြန်တယ်''

''လယ်လိုမျိုးလဲ မမ''

''မမနဲ့သဘောတူထားတဲ့လူကို မေလေးနဲ့ ထပ်ပြီးစီစဉ်ပေးကြတာပေါ့''

''ဟာ''

''အဲ့ဒီလူဟာ မိဘတွေသဘောကျလောက်အောင်ကို ပြည့်စုံတဲ့တစ်ရပ်တည်းသားပါ၊ အဲ့ဒီလူကိုယ်တိုင်ကလည်း မမနဲ့မဟုတ်ရင် မေလေးနဲ့လက်ထပ်ပါရစေလို့ ခွင့်ပန်နေတယ်၊ အဲ့ဒီလူရဲ့ မိဘအသိုင်းအဝိုင်းတွေကလည်း အဲ့ဒီလိုပဲတောင်းဆိုကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မေလေးက လက်ခံလိုက်လား"

"မမမိဘတွေက လက်ခံလိုက်တယ်၊ မေလေးကိုနားချတယ်၊ မေလေး လက်ခံလိုက်တယ်"

"သေပြီ... ဥက္ကာတော့သွားပြီ"

"မမ စိတ်မကောင်းပါဘူး၊ မေလေးခေါင်းမညိတ်ခင်မှာ မမ နားဝင်အောင်ပြောပြခဲ့သေးတယ်၊ ဒါပေမဲ့"

မမ စကားကိုရပ်ပြီး ခေါင်းကို လေးတွဲစွာခါယမ်းပြ၏။

"မေလေးနားမဝင်ခဲ့ဘူး၊ မေလေးက အပျော်အပါးမက်တယ်၊ အသုံးအဖြုန်းကြီးတယ်၊ အလိုလိုက်တာကိုလည်း သိပ်ခံချင်တာ၊ တစ်ဖက်လူက အဲ့ဒီလိုလိုက်လျောဖို့ အဆင်သင့်ပြင်ထားတဲ့သူဆိုတော့ မေလေး ပါသွားတော့တာပေါ့"

"မေလေးတို့ လက်မထပ်ဖြစ်သေးဘူးမဟုတ်လား"

"ဒီလ ဆယ့်ငါးရက်နေ့က လက်ထပ်သွားပြီ၊ အဲ့ဒါတွေကြောင့် မမ ပူသိမ်မှာကြာနေရတာပေါ့၊ မင်းကိုဖုန်းဆက်ပြီး ပြောလိုက်ရင်လည်း မင်းတို့သူငယ်ချင်းနှစ်ယောက် စိတ်နောက်ကိုယ်လိုက်ပြီး ပြန်လေလွင့်သွားမှာစိုးတယ်၊ ဒါနဲ့ လူကိုယ်တိုင်တွေ့ပြီး သေသေချာချာပြောပြ ထိန်းသိမ်းမှဖြစ်မှာမို့ မမ ဖုန်းမဆက်ခဲ့တာပါ"

"ဥက္ကာတော့ကွဲပြီ မမ၊ ဒီအကြောင်းကိုသိရင် ဒီကောင် လူးလဲနေမှာ၊ မေလေးကလည်း ဥပေက္ခာပြုရက်ရဲတယ်ဗျာ၊ သူ့အပေါ် ဥက္ကာ ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်ကောင်းတယ်ဆိုတာ နည်းနည်းလေး တောင် အမှတ်မရတော့တာတော့ အတော့်ကို အံ့ဩဖို့ကောင်းတယ်"

"မင်းကို အစကတည်းကမမပြောခဲ့သားပဲ၊ မေလေးရဲ့ဒဏ်ကို ဥက္ကာခံနိုင်ပါ့မလားဆိုတဲ့စကားထဲမှာ ဒီလို မေလေး သာရာယိမ်းသွား တတ်တဲ့အကျင့်ရှိတယ်ဆိုတဲ့ အဓိပ္ပါယ်တွေ ပါနေတာကိုလေ၊ မရဲ့ညီမမို့



www.burmeseclassic.com

www.burmeseclassic.com



မမ ဘွင်းဘွင်းရှင်းရှင်းမပြောပြချင်ခဲ့ဘူး၊ မေလေးဟာ ငယ်ငယ်ကတည်းက ခုအချိန်ထိ သူ့အတ္တကလွဲရင် ဘာကိုမှအလေးအနက်မထားတတ်ဘူး၊ တန်ဖိုးလဲမထားတတ်ဘူး၊ ခံစားမှုလည်းမရှိဘူး''

''ဒီလိုဖြစ်နေရင် အစတည်းက ဥက္ကာကို ပြန်မချစ်ပါနဲ့လား၊ ဘာလို့ ချစ်တယ်လို့ မေလေး လိမ်ညာပြောခဲ့ရတာလဲ''

''ဒီစကားကို မင်းမပြောခင်ကတည်းက မမကိုယ်တိုင် ညီမလေးကို ပြောပြခဲ့ဖူးပြီးသား၊ ညီမလေးက နားကိုမထောင်ဘူး၊ မမရဲ့ညီမလေးအစား မမ မင်းသူငယ်ချင်းကို အရမ်းအားနာပါတယ်၊ စိတ်မကောင်းပါဘူးလို့လဲ ပြောပြပေးလိုက်ပါ''

သူ ငြိမ်နေလိုက်သော်လည်း သူ မျက်နှာတင်းမာနီရဲနေမည်မှာ သေချာ၏။ သေမိန့်ချခံလိုက်ရသော အကျဉ်းသားတစ်ယောက်ရဲ့ရှေ့မှာ နားဝင်ချိုအောင် ပြောနေသောစကားတွေကို သူ နားမထောင်ချင်တော့။

ကားစက်ကိုပြန်နှိုးပြီး လမ်းမဖက်ပေါ် ပြန်ဦးလှည့်ကာ မောင်းထွက်လာခဲ့လိုက်၏။ မမက သူ့အရိပ်အကဲကိုကြည့်ပြီး အသံတိတ်လိုက်ပါလာ၏။

''မမ ဘယ်သွားချင်သေးလဲ''

''မင်းကော ဘယ်သွားချင်လို့လဲ''

''မသွားချင်ဘူး၊ ဒီနေ့ အလုပ်လုပ်လို့လဲ စိတ်ပါမှာမဟုတ်ဘူး၊ အိမ်ပြန်ချင်တယ်၊ ဥက္ကာကို ကျွန်တော် တိုက်ရိုက်မပြောချင်ဘူး၊ တိုးကို ကနေတစ်ဆင့် ပြောခိုင်းလိုက်ပါ့မယ်''

''ဒါဆိုလဲ တို့ကို အိမ်ပြန်ပို့ပေးတော့''

တစ်လမ်းလုံး နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်၏။ ရေသေအိုင်လို ငြိမ်သက်မှုမျိုးဖြစ်နိုင်ဖွယ်ရာ မရှိ။ မုန်တိုင်းမလာခင် ငြိမ်သက်နေသော ပင်လယ်၏ကြန္တြေရမှုမျိုးသာ အများဆုံးဖြစ်နိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မမအိမ်ထဲအထိ ကားဝင်ပေးလိုက်၏။ ကားပေါ်မှ မမဆင်းသွားပြီး သူ့ကို သမင်လည်ပြန်လှည့်၍ မေးလာ၏။

"မင်းရင်ထဲမှာ အရမ်းကိုထိခိုက်နာကျင်သွားသလား"

မမထံမှ မျှော်လင့်မထားသောမေးခွန်းကို ကြားလိုက်ရ၍ သူ မှင်သက်သွားမိ၏။ ဥက္ကာမှာ သူ့သူငယ်ချင်းဖြစ်သလို မေလေးမှာ မမ ညီမအရင်းခေါက်ခေါက်ဆိုတာကိုဖြင့် သူမေ့၍မဖြစ်။

"ကျွန်တော် နေတတ်ပါတယ်မမ"

သူ ကြည့်ကောင်းအောင်ပြန်ပြောပြီး အားယူပြုံးပြလိုက်၏။ မမက သူ့မျက်နှာအမူအယာကို တစ်ကွက်ချင်း အသေးစိတ်ဓါတ်ပုံရိုက်ယူနေသလို မျက်တောင်တွေခတ်ပြီး လက်ပြနှုတ်ဆက်သွား၏။

တစ်ချက်ကလေးပင် စကားသံမဟ။

ဟန်ဆောင်ပန်ဆောင်ပင် ပြုံး၍မပြ။

သူ့မှာ လာရာလမ်းကိုပြန်လှည့်ခဲ့ရသော်လည်း အသွားနှင့်အပြန်မှာ စိတ်ခံစားမှုတွေ တူမနေပြန်တော့။

(တကယ်တော့ ကျွန်တော်ဟာ အဲ့ဒီနေ့မှာ အေးစက်ပူလောင်နေတဲ့ အမူအယာလုပ်ခဲ့မိတာကိုက တကယ်ကို အမှားကြီးမှားယွင်းခဲ့တာပါ။ အဲ့ဒီမှားယွင်းမှုပြစ်ချက်ကြောင့် ရလာတဲ့ပြစ်ဒဏ်ကို ကျွန်တော် မရှုမလှ ခံခဲ့ရတော့တယ်၊ ဘယ်လိုလဲဆိုတော့ ကံကြမ္မာက ကျွန်တော့်ရင်ဘတ်တည့်တည့်ကို ပစ်ချလိုက်တော့တာပဲ)

သူ အိမ်ပြန်ရောက်သည်နှင့် အလုပ်ခန်းမှ တာဝန်ခံထံဖုန်းဆက်လိုက်ပြီး အလုပ်အတွက် မှာကြားစရာရှိတာမှာကြားလိုက်၏။ သူ့မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



မေမြို့သို့ အလည်အပတ်ခရီးထွက်သွားကြသဖြင့် သူပြန်လာခြင်းမှာ ပြဿနာမရှိ။

သူ့အဖေ၏ အထူးဧည့်ခန်းထဲမှာရှိသော အရက်ဘားကောင်တာ ရှိရာ လျှောက်သွားပြီး ဘရမ်ဒီသုံးပတ်လောက်မော့လိုက်၏။ ပြီးလျှင် ပြတင်းဝဖက်လျှောက်၍ရပ်လိုက်ပြီး အခန်းလိုက်ကာတွေဆွဲဖွင့်၊ မှန်တွေ တွန်းဖွင့်ကာ အပြင်ရှုခင်းကိုကြည့်၏။ တစိမ့်စိမ့်ကြည့်၏။ မြင်သော်လည်း အသွင်းမဲ့ ညနေရီမှာမြင်ရသော မြင်ကွင်းမှုန်သမျှ ပန်းချီဆန်နေ၏။ သိပ်သည်းဆများသောလေကို တစ်ရှိုက် ရှူသွင်းလိုက်ပြီး ခါးမှဆဲလ်လူလာကိုဖြုတ်ကာ ဖွင့်၍ နံပါတ်နှိပ်လိုက်၏။

"တိုးကိုလား"

"အေး... ဟုတ်တယ်"

"ငါပါ"

"ငဝေလား... ဘာလဲပြော"

"ဉက္ကာကို မင်းကိုယ်တိုင်သွားပြောပေးစမ်းပါ"

"ဘာပြောရမှာလဲ"

"မေလေး... ပုသိမ်မှာ တစ်ခြားလူတစ်ယောက်နဲ့ လက်ထပ်သွားပြီလို့၊ ဘာကြောင့်လဲဆိုတာသိချင်ရင် မင်းဝင်နေတဲ့ဟန်နီဆီက တစ်ဆင့်စုံစမ်းကြည့်လိုက်၊ ငါစိတ်ထိခိုက်နေလို့ ဘာမှမပြောချင်ဘူး၊ အခုလဲ ယိုင်နေပြီ၊ ဘာမှလဲလာမပြောနဲ့၊ နှပ်တော့မယ်... ဒါပဲ"

ဖုန်းပြန်ပိတ်လိုက်ပြီး ခါးပြန်ချိတ်လိုက်၏။ ဖုန်းလွတ်ကျသွား၏။ သူပြန်မကောက်နိုင်။ အိပ်ယာရောက်အောင် အမြန်လျှောက်လှမ်းနေရ၏။ အရက်ပြင်းဒဏ်ကို သူမခံနိုင်။ လမ်းလျှောက်ရင်း ထိုးလဲအိပ်ပျော်သွား နိုင်၏။

သူ ကြမ်းခင်းပေါ်မှာ လဲပြိုမှူးမေ့သွားပါက အိပ်မှာခိုင်းထားသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စပ်စုကြီးက သူ့မိဘတွေပြန်လာလျှင် မျက်နှာလိုမျက်နှာရ တိုင်ပြပါလိမ့်မည်။ သူ့အမေဒေါ်သက အကြောင်းသုံးပါးမရွေး။ သူ အပြစ်ပေးခဲ့ရမည့် ပြစ်ချက်ကလဲ နှစ်ပြစ်။

ကွာခြွေသိက္ခာမဲ့ ကြမ်းပေါ်လှဲအိပ်မှု။

အရက်တွေခိုးသောက်မှု။

ကံအားလျော်စွာပင် အပေါ်ထပ်ကို သူ ပြန်လျှောမကျအောင် ဖက်တွယ်တက်လာနိုင်ခဲ့၏။ သူ့အိပ်ယာပေါ် ဒိုင်ဗင်ထိုးလှဲပြီး လောကကြီးကို နှုတ်ဆက်ကာ အနားယူပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျွန်တော် အိပ်မက်မက်နေတာလား။

မဟုတ်သေးပါဘူး။

မေလေးနဲ့လူတစ်ယောက် ကျွန်တော့်ရှေ့ကိုရောက်လာတယ်။

အရမ်းပျော်နေကြတဲ့ပုံနဲ့ တစ်နေရာကို လက်ညှိုးထိုးပြတယ်၊ သူတို့လက်ညှိုးထိုးရာကို ကျွန်တော်ကြည့်လိုက်တဲ့အခါ ဉက္ကာဖြစ်နေတယ်၊ ချောက်ကမ်းပါးစွန်းမှာရပ်ပြီး ဉက္ကာ မျက်ရည်သုတ်ရင်း နောက်ပြန်လှည့်ကြည့်တယ်။

"ဟော့ကောင် ဉက္ကာ၊ ဒါဘာလုပ်တာလဲ၊ မလုပ်နဲ့"

ဉက္ကာက ကျွန်တော့်အသံကို မကြား။ မေလေးတို့နှစ်ယောက်ကို ဝမ်းနည်းမျက်နှာနဲ့ ကြည့်နေတယ်။

အဲ့ဒီအချိန်မှာ ဉက္ကာအနားကို မမရောက်လာတယ်၊ ခံစားချက်ကင်းမဲ့နေတဲ့မျက်နှာနဲ့ မေလေးတို့အတွဲကိုတစ်လှည့်၊ ဉက္ကာကိုတစ်လှည့် ကြည့်နေတယ်၊ နောက်. . .

ကျွန်တော့်ကို စူးခနဲလှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့နှုတ်ခမ်းလေးတစ်ဖက် မသိမသာတွန့်ကွေးသွားတယ်။ သွေးဆာနေတဲ့အပြုံးမျိုး။ ညှာတာကြင်နာစိတ်ခေါင်းပါးတဲ့အပြုံးမျိုး၊ မာယာပဥ္စလက်အပြုံးမျိုး။ အဲ့ဒီလိုအပြုံးမျိုးကို ကျွန်တော်မနှစ်မြို့ဘူး။

ဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်းဥက္ကာက ကျွန်တော့်ကိုကြည့်ပြီး လှမ်းပြောတယ်၊ သူ့မျက်လုံးထဲမှာ မျက်ရည်တွေနဲ့. သူပြောတဲ့စကားက ဗလုံးဗထွေး ဘာမှန်းမသိဘူး။

ဥက္ကာခုန်ချတော့မယ်ဆိုတာတော့ ကျွန်တော် ကြိမ်းသေသိနေတယ်။ ဥက္ကာရပ်နေတဲ့ကမ်းပါးစွန်းအောက်မှာ အသူတရာနက်တဲ့ချောက်ကြီးက တဝေါဝေါအော်နေတယ်။

ကျွန်တော်ပြေးသွားတယ်၊ အားကုန်ပြေးတယ်၊ နေရာကကို မရွေ့နိုင်ဘူး။ ဒီအချိန်မှာပဲ ဥက္ကာ ခုန်ချဖို့အားယူလိုက်တယ်။

ကြည့်စမ်း. . . ဥက္ကာခုန်ချမှာကို အရသာခံကြည့်နေတဲ့ မမ။ လက်ခုပ်ထိုးနေကြတဲ့ မေလေးတို့ ၃ုံတွဲ။

"မလုပ်နဲ့"

ကျွန်တော် ဥက္ကာကို အော်ပြီးတားတယ်။ မမက မတားဘူး။ လှမ်းမဆွဲဘူး။ မမ တားလို့မှီတဲ့နေရာ လှမ်းဆွဲလို့မှီတဲ့နေရာမှာ ဥက္ကာရှိနေပါရက်နဲ့ မတား မဆွဲဘူး။ ဥက္ကာခုန်ချသွားပြီး ကျွန်တော့်အသည်းထဲ လှပ်ခနဲစူးပြီး အေးခနဲဖြစ်သွားတယ်။ မလုပ်နဲ့ ဥက္ကာ. . . မခုန်ချနဲ့. . . မလုပ်နဲ့။

ကျွန်တော့်မျက်လုံးထဲမှာ ဝင်းခနဲပြက်ပြီး ခံစားမှုတွေ ပြောင်းလဲကုန်တယ်။

ဒီအချိန်မှာပဲ ယမမင်းက ကျွန်တော့်ဆီဖုန်းလှမ်းဆက်တယ်။ ကျွန်တော် ဖုန်းကိုင်ပြီးနားထောင်နေတယ်။ ဘာမှမကြားရဘူးလို့ တစ်ဖက်ကပြန်ပြောတယ်။ ဖုန်းကိုင်ထားတာတောင် ဖုန်းက ဘယ်လိုဖြစ်ပြီး မှည်း



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ။ ဟဲလို. . . ဟယ်လို. . . ဟဲလိုနဲ့ ကျွန်တော် ပြန်အော်နေတာပဲ။

ဒီအချိန်မှာပဲ ဘယ်ကပစ်လိုက်တဲ့ခဲလုံးလဲမသိဘူး။ ကျွန်တော့် လက်မောင်းကို ဖြန်းခနဲလာမှန်တယ်။

"ဟဲ့. . . ဖိုးဝေ. . . ဟဲ့. . . ထစမ်း. . . ထစမ်း၊ အိပ်နေရင်းနဲ့ ဘယ်နှယ့် ဟယ်လိုခေါ်နေရတာလဲ၊ မြန်မြန်ထ၊ မင်းအိပ်ယာဘေးက ဖုန်းတကယ်လာနေတယ်၊ ထကိုင်လိုက်အုံး၊ ဒီအချိန်ကြီးကျမှ ဖုန်းကလည်း လာတယ်။ မင်းလဲ မိဘတွေမရှိတာနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာပဲ၊ အဝတ် မလဲဘဲ အိပ်ယာဝင်လို့ဝင်၊ ဒီနေ့ပြန်လာတာလဲ ခါတိုင်းထက်စောမှစော"

ငယ်ငယ်ကတည်းက သူ့ကိုထိမ်းလာသော ဒေါ်စပ်စုကြီး သူ့ လက်မောင်းကို လာရိုက်နှိုးမှ သူအိပ်မက်မက်နေမှန်းသိရ၏။ အိပ်ယာထဲ မှ သူ လူးလဲထစဉ်အထိ ဒေါ်စပ်စုကြီးမှာ တစ်ဖျစ်တောက်တောက် ပြော၍ မဆုံး။ အိပ်ယာဘေးမှာ တကယ်မြည်နေသောဖုန်းကို အိပ်မှုန်စုံဝါးနှင့် သူ ကောက်ကိုင်လိုက်ပြီး နားထောင်လိုက်၏။

"လင်းဝေမိုး. . . မင်းဆီကို ဉက္ကာလာသေးလား"

"မလာဘူး၊ ဘာဖြစ်လို့လဲ ငတိုး"

"ဒီကောင်ပျောက်နေတယ်၊ အခု ညတစ်နာရီထိုးနေပြီ၊ အိမ် ပြန်မရောက်လို့ သူ့အိမ်ကစိတ်ပူပြီး ငါ့ဆီဖုန်းနဲ့ဆက်မေးနေတယ်ကွ"

"ဟုတ်လား"

သူ့မျက်လုံးတွေကျယ်သွား၏။ မျက်ခွံကိုကျင့်သားရအောင် ပွတ် သပ်လိုက်ပြီး . . .

"ငတိုး. . . ဟိုအကြောင်းကို မင်းပြောပြလိုက်ပြီလား"

"အေး. . . ပြောပြလိုက်ပြီ"

"ဘယ်တုံးကလဲ"

"ညနေကမှ ငါသွားပြောပြလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကာ ဘယ်လိုဖြစ်သွားလဲ"

"ငိုင်ပြီး ငေါင်စင်းသွားတာပေါ့၊ ဘာတစ်ခွန်းမှကို ပြန်မပြောနိုင်ဘူး၊ ဒီကောင့်ပုံစံကြည့်ပြီး ငါတောင် ဝမ်းနည်းလာတယ်၊ အစကတော့ ဒီကောင်ကွဲရင် ဟားချင်စိတ်ရှိသေးတယ်၊ အခုမှ ဒီကောင်တကယ်ထိတာ၊ ငါကိုယ်တိုင်လက်တွေ့သိပြီး စိတ်မကောင်းလိုက်တာကွာ"

"ငါထင်သားပဲ၊ ဒါကြောင့် ငါကိုယ်တိုင်မပြောချင်တာ၊ ဒီကောင် မေလေးကို အသက်မကဖြစ်နေတာ ငါအသိဆုံးပဲ၊ မင်းရှေ့မှာ ဒီကောင် ပုလဲတွေခသေးလား"

"တစ်ချိန်လုံး ခေါင်းငုံ့ထားတာပဲကွ၊ ငါလဲ ရင်ထဲဆို့ချင်လာတာနဲ့ နှုတ်ဆက်ပြီးပြန်လာခဲ့တယ်"

"သေစမ်း. . . အဲ့ဒါ မင်းမှားတာငတိုးရ၊ ဥက္ကာအနားမှာ မင်းအားပေးပြီးနှစ်သိမ့်နေရမှာ. . . ထင်တယ်. . . မင်းနဲ့ မျက်နှာလွှဲလိုက်ရင် တစ်နေရာရာတော့ လွှဲမယ်ဆိုတာကို၊ အခု ဒီကောင်ထွက်သွားတာ သူ့ ရင်ထဲ မခံမရပ်နိုင်အောင် ဝေဒနာပြင်းထန်နေလို့ကွ"

"ငါလဲ စိတ်ထိခိုက်လို့ပါ လင်းဝေမိုးရာ၊ အပြစ်ပြောနေမဲ့အစား ဒီကောင်ကြီးကို လိုက်ရှာပေးရအောင်ကွာ"

"ဒါဆို အခုချက်ချင်းငါလာခဲ့မယ်၊ နေအုံး. . . ဒီကောင်သွားတတ်မဲ့နေရာတော့ မင်းကြိုတွေးထား၊ ငါလဲ တွေးပြီးလာခဲ့မယ်၊ ပြီးရင် ကားနဲ့ ပတ်ပြီးရှာမယ်"

"ကောင်းပြီ၊ ငါစောင့်နေမယ်၊ အော်. . . ဟန်နီ့ကို ငါအပူကပ်လို့ မင်းမမကြီးဆီက သတင်းတစ်ချို့ပဲသိရတယ်၊ ငါမရှင်းတာ တစ်ခုမေးချင်တယ်၊ မေလေးကိုယ်တိုင် လက်ထပ်ဖို့လက်ခံလိုက်တာလား"

"သိပ်ဟုတ်တာပေါ့၊ မိန်းမမာယာသဲကိုးဖြာနဲ့ သဲကျင်းဆယ်ကျင်းတောင် မလောက်တော့ဘူး၊ တစ်ကမ္ဘာလုံးမှာရှိတဲ့သဲတွေနဲ့ နှိုင်းမှပဲ



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်တော့မယ်လေ"

တိုးကိုနှင့် နှုတ်ဆက်ဖုန်းချပြီး အခန်းထဲမှ သူ အမြန်ထွက်လာလိုက်၏။ ကားကိုဒေါင်ထဲဝင်ပြီး ကားထုတ်နေစဉ်မှာပင် . . .

"ဟဲ့ . . . ဖိုးဝေ . . . ညကြီးမင်းကြီး ဘယ်ကိုထွက်ရပြန်ပြီလဲ၊ ဘယ်ကိုသွားအုံးမလို့လဲ"

ဒေါ်စပ်စုကြီးက လှမ်းအော်နေ၏။ သူ စိတ်အချဉ်ပေါက်စွာဖြင့် ပြန်အော်လိုက်မိ၏။

"အင်္ဂလိပ်သွားမလို့ဗျာ"

"ဘာသွားလုပ်မှာလဲ"

ရှေးအဘွားကြီးမို့ ရိုးကလည်းရိုးပါဘိသနဲ့။

"ဂြိုလ်သားတွေနဲ့ ပိုကာသွားဒေါင်းမလို့"

"အံမယ် . . . အေးအေး . . . မှတ်ထား . . . မှတ်ထား၊ နင်လောင်းကစားလုပ်နေတာကို နင့်အဖေလာရင် ပြန်တိုင်ပြောမယ်"

ကဲ . . . ကြည့်။ အဲ့ဒီလို ဒေါ်စပ်စုကြီးဟု ဘေးမှာလူရှိလျှင် သူ ပြောလိုက်မိလိမ့်မည်။

* * *

"နေရာတွေလည်းစုံနေပြီ၊ မနက်သုံးနာရီလည်းထိုးနေပြီ၊ ဥက္ကာနဲ့ပတ်သက်ရင် သဲလွန်စတောင်ရှာမတွေ့ဘူး"

တိုးကိုတို့လမ်းထိပ်မှာ ကားထိုးရပ်ရင်း သူတို့ ခေါင်းပူအောင် စဉ်းစားနေကြခြင်းပင်။

"ဒီကောင် တစ်ခုခုလုပ်သွားရင်ဒုက္ခပဲ၊ အိပ်မက်တွေကလည်း မကောင်းဘူးတိုးကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကမှအိပ်ချိန်ရသေးတယ်၊ ငါ့မှာ တစ်မှေးမှမမှေးရလို့ ငိုက်နေပြီ၊ တို့ ဘာဆက်လုပ်ကြမလဲ ငဝေ"

"နေအုံး. . . တစ်နေရာကျန်သေးတယ်၊ တို့ မျက်စိလျှမ်း အတွေးလျှမ်းပြီး ဖြတ်သွားဖြတ်လာသာလုပ်နေတာ မရှာမိဘူး"

"ဘယ်နေရာလဲ"

"မမတို့အိမ်"

"ဒီအချိန်ကြီး အိမ်ထဲဝင်နေရင် ဟိုက ရှိက်ထုတ်လိုက်မှာပေါ့။ ပြီးတော့ မေလေးက ဒီမှာရှိတာလဲမဟုတ်ဘူး"

"မမတို့ခြံရှေ့ တစ်နေရာရာကော မဖြစ်နိုင်ဘူးလား"

"မင်းနဲ့ငါဖြတ်လာခဲ့တာပဲ၊ လူရှင်းနေတာမှ အသံတောင်မကြားရဘူး။ မင်းမမလည်း ဒီအချိန်ဆို ပုဖွန်ထုပ်ကွေးကွေးနေလောက်ပြီ"

"ဒီအချိန်ကြီးကြမှ မမဆီဖုန်းဆက်လို့လဲ မကောင်းဘူးနော်"

"ဘယ်ကောင်းမလဲ ငဝေရာ၊ တို့ပြန်အိပ်တာပဲကောင်းပါတယ်၊ မနက်ကျရင် ဉက္ကာ သူ့ဘာသာသူပြန်လာမှာပေါ့"

"ငါစိတ်ပူနေလို့ပါကွာ၊ ဒါဆိုလဲ မင်းကို ငါ ပြန်ပို့ပေးမယ်၊ ပြီးမှ ငါ့သာသာ စိတ်ကူးပေါက်ရာလိုက်ရှာမယ်"

"မင်းသဘောပဲကွာ၊ ငါတော့ တအားငိုက်နေပြီ"

တိုးကိုတို့လမ်းလေးထဲ မောင်းဝင်လာခဲ့၏။ မမတို့နှစ်ထပ်အိမ်ကြီးမှာ လှပစွာအိပ်မောကျနေ၏။ မမတို့စည်းရိုးမှာထွန်းထားသော မီးလုံးအလင်းမှာ လမ်းသွယ်ပေါ် ပျပျလေးဖြာကျနေ၏။

မမတို့အိမ်ရှေ့မှအဖြတ် ကားမီးရောင်ဖြင့် တစ်စုံတစ်ရာကို သူ တွေ့လိုက်ရ၍ ဘရိတ်ဖမ်းအုပ်ပစ်လိုက်၏။

ငိုက်နေရာမှ ရှေ့မှန်ကိုခေါင်းနှင့်ပြေးဆောင့်ခံလိုက်ရ၍ အိစာ ဆေသွားသော တိုးကိုက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရပြန်တာလဲ ငဝေရာ၊ ပြောပြောဆိုဆိုလုပ်စမ်းပါ အုံး၊ ဒီမှာ အာလူးသီးကုန်ပြီ"

သူ ဘာမျှပြန်မပြောဘဲ ကားပေါ်မှဆင်းလိုက်ပြီး မမတို့စည်းရိုးနားကို ကပ်သွား၏။ အပေါ်မှဖြာထွက်နေသော မာလကာကိုင်းအောက်တည့်တည့်၊ စည်းရိုးဘေးရှိမြောင်းထဲမှာ မြက်ထူထူကြားထဲလဲနေသော လူတစ်ယောက်။ သူဆွဲလှန်ကြည့်လိုက်စရာပင်မလို။ ဥက္ကာဖြစ်နေ၍ မအံ့ဩပင်မအံ့ဩငြား တုန်လှုပ်သွားမိသည်မှာ အမှန်ပင်။

"ဟော့ကောင် ငတိုး . . ."

လေသံအုပ်အုပ်နှင့် သူလှမ်းခေါ်လိုက်၏။ ဂုဏ်သိက္ခာကိုထိန်းရမည်မို့ ဘယ်သူမှမသိမမြင်ခင်မှာ ဥက္ကာကို ပြန်သယ်သွားနိုင်ဖို့ အရေးကြီးနေပါလေပြီ။ သူ့အရိပ်အခြေကို ကြည့်နေရာမှ သူ့အသံကြားသည်နှင့် ကားပေါ်မှ တိုးကိုဆင်းလာ၏။ ဥက္ကာ့ကိုလှမ်းတွေ့သောအခါ ပုဇွန်မျက်လုံးကြီးကိုပြူးကြည့်ရင်း . . .

"ဒါ . . . ဒါ . . . ဥက္ကာ"

"ဘာဖြစ်နေတာလဲ၊ မင်းခြေထောက်ကမ၊ ငါ ခေါင်းကမ,မယ်၊ ကားပေါ်အမြန်တင်ကွ၊ ဘေးလူသိရင်ရှက်စရာကြီး၊ မမသိရင် ပိုဆိုးမယ်"

"ဒီကောင် အမူးလွန်ပြီး ဒီကို ဘယ်လိုရောက်နေရတာလဲ"

"ဒါ မေလေးနဲ့သူနဲ့ စတွေ့ခဲ့တဲ့နေရာကွ"

"တော်တော်ရူးတဲ့ကောင်ကွာ"

ပြောပြီး ဥက္ကာက ခြေထောက်နှစ်ချောင်းကိုင်ကာ မ,၏။ သူက ဥက္ကာ၏ချိုင်းကြားမှ လျှိုု၍မ,ရ၏။

"ထွီ . . . သူ့ဝေါကင်းရှူးက ချွေးချီးတွေနင်းလာတယ်၊ နံလိုက်တာကွာ"

ကားနောက်ပိုင်းဆိုဖါပေါ်ကို ခက်ခက်ခဲခဲဆွဲတင်ရ၏။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာဒူးကိုခေါက်ထောင်ပြီး ကားတံခါးပိတ်ကာ မောင်းထွက်လာလိုက်ရင်း တိုးကိုကို အိမ်လိုက်ပို့ပြီး လမ်းထဲမှပြန်ထွက်လာစဉ် မမတို့အိမ်ရှေ့ကို ဖြတ်ရပြန်၏။

အချစ်နဲ့ပတ်သက်လာရင် မိန်းမတွေထက် ယောကျ်ားတွေက ပိုပြီး ခံနိုင်ရည်မဲ့နေသလား။ သူနှင့်ဥက္ကာအခြေအနေကို နှိုင်းယှဉ်စဉ်းစားလိုက်မိ၏။ မမအိမ်ရှေ့အရောက်မှာ . . .

(အိပ်မက်လှလှလေးတွေ မမ မက်နေချိန်မှာတော့ ဒုက္ခလှလှလေးတွေကို ကျွန်တော်တို့ လက်ဆောင်ရနေကြတဲ့ညပေါ့ မမရေ) ဟု စိတ်ထဲမှ လှမ်းပြောလိုက်မိ၏။

ဤတစ်ညဖြင့် ဥက္ကာကို သူ့အိမ်ကသူ့အိပ်ယာမှာ ခေါ်သိပ်ထားမှဖြစ်မည်။ သူက ဒေါ်စပ်စုကြီး သန့်ရှင်းရေးဝင်ထားသော ဧည့်သည်ခန်းမှာ အိပ်မည်။

ဂြိုလ်သားတစ်ယောက် အဖေါ်ခေါ်လာမိသည့်အတွက် ဒေါ်စပ်စုကြီးပြန်မတိုင်အောင် သူ ဘယ်လိုဖြေရှင်းချက်ထုတ်ရမလဲဟုတစ်လမ်းလုံး စဉ်းစားလာနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်းကို နားမလည်လို့ပြောတာမဟုတ်ဘူး၊ မစာနာလို့ အပြစ်ဆိုတာလည်းမဟုတ်ဘူး၊ စိတ်ရှိသလောက် မင်းကိုယ်မင်းလွှတ်ပေးလိုက်ရင် မင်းခေါင်းသွားမှာစိုးလို့ ငါ အသိပေးတဲ့အနေနဲ့ ပြောနေတာပါ ဥက္ကာ"

"မေလေး ရက်စက်တယ်"

"မေလေးလက်ထပ်သွားတာ ဆယ့်ငါးရက်ပြည့်ခါနီးနေပြီ၊ အခြေအနေက တစ်ကနေ ပြန်စလို့မရတော့ဘူး၊ မင်းခံစားမှုကို မင်းရဲ့မာန၊ မင်းရဲ့စိတ်ဓါတ်နဲ့ ပြန်ဆွဲထိန်းပစ်လိုက်၊ အချိန်နဲ့ဘမျှ အဲ့ဒီခံစားမှုကြီးဟာ လျှော့ပါးလာလိမ့်မယ်၊ ဘာဖြစ်လဲကွာ၊ အချစ်စစ် အချစ်မှန်မရှိတဲ့ မိန်းမတစ်ယောက်ကို စွန့်လွှတ်ရတော့လဲ ဘာအရေးလဲ၊ အဲ့ဒီလိုမိန်းမမျိုးကို လက်မထပ်ရတာကိုက မင်းကံကောင်းတာကွ"

ကုတင်ပေါ်မှာလှဲနေလျှက်မှ ဥက္ကာ မျက်ရည်တွေကျနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အမျိုးမျိုးပြောဆိုကာ နှစ်သိမ့်အားပေးရ၏။ ဉက္ကာ ဘာမျှပြန်မပြော။ နားထောင်နေသော်လည်း အာရုံကပ်နေပုံမရ။

"ငါ ညက သောက်တာလွန်သွားတယ်၊ အဲ့ဒီအိမ်ရှေ့မှာ သွားအော်မိတယ်၊ နောက်တော့ မြောင်းဘေးနားအပေါ်သွားရင်း အားလုံးမေ့သွားတာပဲကွ"

"မင်း မြောင်းထဲကျနေလို့ ငါမ,ထုတ်ပြီးခေါ်လာခဲ့တာ"

"မင်းတွေ့လို့တော်သေးတာပေါ့ကွာ"

"မင်း ဘာတွေသွားအော်တာလဲ၊ တော်သေးတာပေါ့၊ တစ်အိမ်အိမ်က ရဲကိုဖုန်းဆက်လိုက်ရင် မင်း အချုပ်ထဲရောက်နေလောက်ပြီ၊ မမတို့ထွက်ကြည့်သေးလား"

"မသိဘူး၊ ဘယ်သူမှလဲထွက်မကြည့်ဘူး၊ ငါလဲ မေလေးရက်စက်တယ်တစ်လုံးပဲ အော်နေမိတာလေ"

"မမက မင်းမှန်းသိလို့ ရဲကိုအကြောင်းမကြားတာနေမှာပေါ့၊ မေလေးမှာ အဲ့ဒီအိမ်မှာမရှိဘဲ၊ မင်းသွားအော်နေလဲ အလကားပေါ့"

"ငါ့စိတ်ထဲမှာတော့ မေလေးရှိနေတယ်ပဲ အောက်မေ့တာကိုး"

သူဖုန်းကောက်နှိပ်လိုက်၏။ တစ်ဖက်မှ ပြန်ထူးသံကြောင့် . . .

"မမ. . .ညက ဉက္ကာ. . ."

"မင်းသူငယ်ချင်း တော်တော်အကျင့်ဆိုးတာပဲ၊ အရှက်မရှိ သိက္ခာမရှိ အိမ်ရှေ့လာအော်နေတယ်၊ အန်တီကတောင် ဘယ်ကအရူးလာအော်နေတာလဲလို့ မေးနေပြီ၊ ဒီလိုအောက်တန်းကျတာမျိုးကို နောက် ဘယ်တော့မှထပ်မလုပ်ဖို့ မင်းသူငယ်ချင်းကို ပြောပေးပါ"

"အဲ့ဒီလောက်ကြီးတော့ မပြောပါနဲ့မမရယ်၊ သူ့ခံစားမှုကြောင့် ဒီလိုဖြစ်သွားရတာကို နားလည်ပေးပါအုံး၊ မမပဲ ဉက္ကာအတွက် စိတ်မကောင်းဘူးဆို၊ အခုလို ပယ်ပယ်နယ်နယ်ပြောထွက်တာမျိုးတော့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါဘူး''

''မင်းသူငယ်ချင်းက ဘာအဓိပ္ပါယ်မရှိတဲ့အလုပ်ကို လုပ်တာကြ တော့ မင်းထည့်မပြောတော့ဘူးပေါ့၊ ကာကွယ်တတ်လိုက်တာ၊ မျက်နှာ လိုက်တတ်လိုက်တာ၊ ဒီမှာ. . . ကုံယ့်ဂုဏ်ကိုယ့်ဒြပ်နဲ့နေတဲ့ ပတ်ဝန်းကျင် မှာ မင်းသူငယ်ချင်း အသရေဖျက်သွားလို့ တို့တူဝရီးနှစ်ယောက် ဘယ်လို မျက်နှာပြရရတော့မှာလဲ၊ ပြောပါအုံး ရှေ့နေကြီးရဲ့''

''သူ နောက်ထပ်လုပ်တော့မှာမဟုတ်ပါဘူး''

''ဒါပဲလား. . . ဒါဆိုလဲ မင်းကိုအသိပေးရဦးမယ်. . . နောက် တစ်ခါ မင်းသူငယ်ချင်း ဒီလိုထပ်လုပ်လာရင် မင်းနဲ့တို့ရဲ့ရှေ့ရေးကို အများ ကြီးစဉ်းစားရလိမ့်မယ်''

''ကျွန်တော်က ဥက္ကာရဲ့သူငယ်ချင်းပါ၊ ဥက္ကာရဲ့ မိဘမဟုတ်ဘူး မမ၊ ကျွန်တော့်ကို အဲဒီလို အကျဉ်းအကျပ်တွေ့အောင်မလုပ်ပါနဲ့၊ သူ ငယ်ချင်းတော်လို့ဆိုတဲ့ပုဒ်မအသစ်နဲ့ စစ်မှန်တဲ့ချစ်ခြင်းကို ခြိမ်းခြောက် စော်ကားတာဟာ မကောင်းတဲ့အရာပါ''

''အဲဒါတွေ နားမလည်ချင်ဘူးကွာ၊ မမ လက်တွဲရမယ့်အမျိုးသား ဟာ အဲဒီလိုအကျင့်စရိုက်ဆိုးတွေကို ကာကွယ်ပေးသူ ဘယ်တော့မှမဖြစ် စေရဘူး၊ ဒါ မင်းသိအောင်ပြောပြတာ၊ အရင်ကခွင်ခဲ့တဲ့အခြေအနေတွေ ကိုထောက်လို့ မင်းသူငယ်ချင်းနဲ့မင်းကို ပေါင်းသင်းဆက်ဆံရေး မဖြတ် တောက်လိုက်ဘူးမှတ်''

သူ့ရင်ထဲမှာ စူးရှနာကျင်သွား၏။ သူတစ်စုံတစ်ရာကို ပြက်ပြတ် သားသားပြောပစ်လိုက်ချင်၏။ သို့ကြား ထိုစကား၏နောက်ဆက်တွဲရလဒ်ကို သူမခံစားရဲ။

''မမပြောတာကြားလား၊ မင်းကို ကောင်းစေချင်လို့ပြောတဲ့စကား ဆိုတာနားလည်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



ဉက္ကာကိုယ်စား သူတောင်းပန်ဖို့ ဆက်ဆံခဲ့ခြင်းအပေါ် မမအတွေး ခေါ်တွေ လွဲမှားစွာတုံ့ပြန်နေ၏။ တောင်းပန်စကားပင် ဆိုခွင့်မရှိ ပြင်းထန်သော စကားသံတွေကိုသာ အဆက်မပြတ်နာခံနေခဲ့ရ၏။

"မင်းနဲ့ နောက်မှ အေးအေးဆေးဆေးတွေ့မယ်၊ အခု ဟန်နီ ရောက်နေလို့ ထိုင်စောင့်နေတာကြာပြီ၊ ဒါပဲနော်"

မမဖုန်းချသွားသည်နှင့် သူ ငူငူကြီးထိုင်နေမိ၏။ ဉက္ကာက. . .

"ငါ့ကြောင့် မင်းတို့ချင်းမပြေမလည်ဖြစ်ရပြီမဟုတ်လား၊ မင်း မပြောလဲငါကြားပါတယ်၊ တစ်ဖက်ကအသံစူးနေတာပဲ၊ ငါ့ဘေးမှာတင် ကပ်ပြီးဖုန်းပြောတော့ ကြားရတော့မှာပေါ့"

"ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ ဉက္ကာရာ၊ သူ စိတ်ဆိုးတုန်းခဏ မို့လို့နေပါလိမ့်မယ်ကွာ"

"မင်းရဲ့မမက စကားကို လွယ်လွယ်နဲ့မပြောတတ်ဘူး၊ သူ့သဘော ထားခါးနေတာကို ဖွင့်ပြောကတည်းက ငါနဲ့ပတ်သက်မယ့် ဆက်ဆံရေး အပေါ် ဆုံးဖြတ်ချက်တစ်ခုခုကို သူချထားပြီးလို့ဖြစ်ရမယ်၊ သိပ်ဆိုးတဲ့ ဆုံးဖြတ်ချက်ပေါ့၊ ဟုတ်ပါတယ်ကွာ၊ ဒီနေ့ကစပြီး မင်း ငါနဲ့ခွာနေတော့ ငါလဲ မင်းနဲ့ကင်းအောင်နေမယ်၊ ကြာပါတယ်. . . ငါသွားမယ်"

ပြောပြီး အိပ်ယာထဲမှလူးလဲထကာ ဉက္ကာထွက်သွား၏။

"ဘာမှမဆိုင်ဘူး ဉက္ကာ၊ မင်း အဲ့ဒီလိုမဆုံးဖြတ်သွားပါနဲ့"

"ငါ့ အဲဒီမိန်းမတွေအသိုင်းအဝန်းနဲ့ ပတ်သက်ချင်စိတ်ကုန်ခမ်း သွားပြီ၊ မင်းနဲ့တွဲနေရင် ပတ်သက်နေရမှာပဲ၊ ငါ့အမှားကို တောင်းပန်ဖို့ ငါစဉ်းစားပါသေးတယ်၊ ဒါပေမဲ့ မင်းကြားခဲ့တဲ့အတိုင်းပဲ ငါနာသွားပြီ၊ မင်း ငါ့ကိုမတားပါနဲ့၊ ဘာမှလဲလိုက်မပြောနဲ့၊ ကျားနာတစ်ကောင်လို မင်းကို ငါ ရန်ရှာမိလိမ့်မယ်"

အခန်းဝမှာရပ်ပြီး သူ့ကိုလှည့်ပြောနေသော ဉက္ကာမျက်လုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေပြည့်နေတာ တွေ့လိုက်ရ၏။ ဥက္ကာက အံကြိတ်ထိမ်းရင်း တုန်ခါထွက်သွားသော အသံတွေအတွက် ပြန်၍ အနေရခက်နေဟန်ဖြင့် မျက်နှာလွှဲပြီး အပြင်ကိုလျှောက်ထွက်သွား၏။

အပြောင်းလဲကြီးပြောင်းလဲသွားသော ဥက္ကာကို သူငေးကြည့်ရင်း ကျန်နေရစ်ခဲ့၏။ တားဆီး၍မရသောအရာကို သူ မတားချင်တော့။

မမ၏ ပေါ့ပါးသောရယ်သံတွေကို သူ လေးနက်စွာ ကြားယောင်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အလုပ်ထဲမှာ စိတ်နှစ်ထားရသော်လည်း အာရုံတွေပြားနေ၏။ စိတ်တည်ငြိမ်အောင် ထိန်း၍မရ။ အလိုလိုဒေါသထွက်နေ၏။ အရာရာကို မကျေမနပ်ဖြစ်နေ၏။ ညနေခင်းပိုင်းရောက်လာသည်နှင့် တာဝန်ခံအား မျက်နှာလွှဲထားပြီး တိုးကိုတို့အိမ်ကို ကားနှင့်ထွက်လာခဲ့လိုက်၏။

မမအိမ်ရှေ့မှအဖြတ်မှာ မမအရိပ်အယောင်ကိုပင် မတွေ့ရ။ တွေ့ခွင့်ပေးမှတွေ့ရသော ချစ်သူဘဝမို့ ခံစားချက်တို့ကိုမျိုသိပ်ပြီး တိုးကိုတို့အိမ်ရောက်အောင် မောင်းလာခဲ့လိုက်၏။

တိုးကိုကို ခြံထဲမှာပင် အစဉ်သင့်တွေ့၏။ ဟန်နီတို့ခြံစည်းဝင်းနားမှာ ကပ်ဆောက်ထားသော သစ်ခွစင်အနီးရှိဒန်းပေါ်မှာ စာထိုင်ဖတ်နေ၏။

ကားဂိုဒေါင်ရှေ့မှာ သူ့ကားကိုရပ်ပြီး တိုးကိုထံ လျှောက်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်နှာမကောင်းပါလား၊ ကေနွ ဝမ်းလျှောနေတယ်နဲ့ တူတယ်"

"မနောက်နဲ့တိုးကို၊ ဥက္ကာ မင်းဆီလာသေးလား"

"မလာဘူး၊ သူ့အိမ်ကို ငါသွားတွေ့သေးတယ်၊ ဒီကောင် အခန်း တံခါးပိတ်ပြီး အတွေ့မခံဘူးကွာ၊ ငါ ဘယ်လိုဖွင့်ခိုင်းဖွင့်ခိုင်း မရဘူး။ သူ့အိမ်သားတွေလည်း ဘာဖြစ်တာလဲလို့ ငါ့ကိုဝိုင်းမေးနေတယ်၊ ငါလဲ ဘူးကွယ်ပြီး အသာပြန်လစ်လာရတယ်၊ ဥက္ကာကြောင့် သူ့အိမ်သားတွေ လည်း စိတ်အရမ်းညစ်နေပြီ"

ဥက္ကာပြောင်းလဲသွားပုံကို သူပြောပြလိုက်၏။ နားထောင်ပြီး မျက်မှောင်ကြုတ်နေ၏။

"ဒီကောင် သည်းခြေပျက်သွားပြီနဲ့တူတယ်၊ အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောနေတယ်"

"ငါ ဥက္ကာရဲ့ဝေဒနာကို နားလည်ပါတယ်၊ ဒါပေမဲ့ ဥက္ကာ ငါ့ အပေါ်နားမလည်ဘူး. . . ဟူး. . . မလွယ်ပါဘူးကွာ၊ ဒီအကြောင်းတွေရဲ့ အရင်းအမြစ်တရားခံအစစ်က မမပဲကွ၊ ငါ မမကိုမကျေနပ်ဘူး။ မမ ဒီလောက်အထိမဖြစ်သင့်ဘူး၊ ဖြစ်သင့်တာထက်ပိုသွားလို့ ဒီအခြေအနေတွေ အထိ ဆိုက်ကုန်တာ၊ နောက်ပြီး ငါ့ကိုလဲ သူလိုရာကြိုးဆွဲလို့ရတဲ့ အရုပ် ကလေးတစ်ရုပ်လို သဘောထားတယ်၊ အမုန်းနဲ့ခြိမ်းခြောက်တယ်၊ အချစ် နဲ့အနိုင်ကျင့်တယ်၊ ငါ မမအပေါ် အသည်းနင့်အောင်ချစ်မှန်းသိလို့ မမ တမင်အနိုင်ယူနေတာ၊ ဒါတွေကို တဖြည်းဖြည်းနဲ့ ငါသိပြီး ခံစားလာရ တယ်"

"မင်းကို ကောင်းတဲ့လမ်းပေါ်တင်ပေးလိုက်တာလဲ ထည့်တွေး အုံးမှပေါ့ လင်းဝေမိုးရာ"

"သူ့ဂုဏ်ပကာသနအဆောက်အအုံအတွက် ငါ့ကို ငြိမ်းလိုဆော်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာရော မဖြစ်နိုင်ဘူးလား''

"ဒါတော့ မင်းဘာသာဝေဖန်ပိုင်းခြားပေါ့၊ ကာယကံရှင်လောက် ငါ ဘယ်သိနိုင်မလဲ''

တိုးကိုပြန်ပြောနေစဉ်မှာပင် အုတ်စည်းရိုးတစ်ဖက်မှ လှုပ်ရှားသံ ကြားလိုက်ရ၏။ ဟန်နီတို့အိမ်ဖက်မှ လူခြေသံမျိုးကြားလိုက်ရခြင်းပင်။ သူတို့စကားကို ဘေးလူကြားသွားမှာစိုး၍ တိုးကို နားရွက်အနီးမှာ သူ လေသံနှိမ့်၍ ပြောလိုက်၏။

"ဒါတွေကိုတွေးမိလို့ နောက်ဘဝကျရင် ဒီဘဝမဟုတ်ဘူးနော်၊ နောက်ဘဝမှာပြောတာ၊ ဒီဘဝမှာတော့ ငါ မလွန်ဆန်ရဲလောက်အောင် မမကိုချစ်နေလို့ နောက်ဘဝမှာ ကံရေစက်ကြောင့် မမနဲ့ပြန်တွေ့လာခဲ့ ရင် အခုလိုပဲ ချစ်သူတွေဖြစ်ချင်ရင်ပေါ့ကွာ''

"နားယားလိုက်တာကွာ၊ ကျယ်ကျယ်ပြောစမ်းပါ၊ ဘယ်သူမှ မရှိပါဘူး''

သူ တစ်ဖက်ခြံမှ လူသံခြေသံကို နားစွင့်လိုက်၏။ လှုပ်ရှားသံ မထွက်တော့။ ထိုအခါကျမှ သူ့လေသံကို ပုံမှန်ပြန်ချပြီး ပြောလိုက်၏။

"အဲ့ဒီအခါကျရင် ငါ မမ့ကို ပြန်ဒက်ခတ်ပြမယ်၊ အနိုင်ယူ ပြမယ်၊ အဲ့ဒီအခါကျမှ အနိုးကပ်လှည့်စားပြီး လမ်းခွဲစွန့်ပစ်ပြလိုက်မယ်၊ အခုတော့ မမကို မကျေနပ်တာတွေ ဒေါသဖြစ်တာတွေ နာကျင်ခံပြင်း နေတာတွေကို မျိုသိပ်ထားလိုက်အုံးမယ်''

"မင်းအချစ်ကလည်း လန့်စရာကြီးပါလား၊ အမြင်နဲ့အထင် လွဲ မှားနေတာကိုပဲ ညှိနှိုင်းဖို့ကြိုးစားစမ်းပါကွာ၊ အဲဒီစိတ်ထားမျိုး မထားစမ်း ပါနဲ့''

"မသိဘူးကွာ၊ မမကို ချစ်လည်းချစ်တယ်၊ မုန်းလည်းမုန်းတယ်၊ အိုကွာ၊ ငါ့ခံစားချက်ကို လျှို့ဝှက်ထားတာပဲကောင်းပါတယ်၊ ဥက္ကာလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုနာသွားပြီ၊ ငါလဲ စိတ်ထိခိုက်နေတာနဲ့ ဘာအလုပ်မှလုပ်ချင်စိတ် မရှိဘူး။ အဲ့ဒါ မမကြောင့်ကွ"

"ကဲပါ လင်းဝေမိုးရာ၊ ဥက္ကာလဲ အရှိန်ပြေသွားရင် အမြင်မှန် ရလာပါလိမ့်မယ်၊ မင်း ဒီလိုဖေါက်ခွဲနေလို့ကော ဘာကောင်းတာဖြစ်လာ မှာလဲ၊ လာကွာ၊ စိတ်ပြေလက်ပျောက် မြို့ပြင်ကို ကားတခ်ပတ်လောက် လျှောက်မောင်းရအောင်"

"ဘယ်လိုဖြေဖြေ ငါ့ခံစားမှုကတော့ ကြေပျက်သွားမှာမဟုတ်ဘူး ငတိုး"

"အေးပါကွာ. . . လာ. . . လာ. . . သွားမယ်"

တိုးကိုအတင်းခေါ်၍ မြို့ပြင်ကို ကားလျှောက်စီးဖြစ်ကြ၏။ လယ် ကွင်းတွေပေါ်ဖြတ်တိုက်လာသော လေရိုင်းတွေကို တစ်ဝရှူရှိုက်ပြီး ထွေရာ လေးပါးစကားတွေ ပြောဖြစ်ကြ၏။ မမကိုမေ့သွားသလိုလိုထင်ရ၏။ ညမိုး ချုပ်၍ ကားပြန်မောင်းလာစဉ် မမအကြောင်းတွေက သူ့ခေါင်းထဲမှာ အစီ အစဉ်တကျ ပေါ်လာကြပြန်၏။

မမရဲ့ပြုစားစီရင်ခြင်းအတတ်မှာ သူ့နှလုံးသွေးတွေ လည်ပတ်ရှင် သန်နေရပြီလား။ သူ ဆက်၍ အဖြေရှာမစဉ်းစားချင်တော့။

❧ ❧ ❧

စက္ကန့်၊ မိနစ်၊ နာရီတွေ ရွေ့လျားကုန်ဆုံးသွားခဲ့သော တစ်လတာ ကာလကို ဖြတ်သန်းရောက်ရှိလာခဲ့ရလေပြီ။ ထိုတစ်လအတွင်း သူနှင့်မမ ၏ဆက်ဆံရေးမှာ တင်းမာအေးစက်နေခဲ့ရာမှ လျော့ပါးနွေးထွေးလာရေး အောင် သူ စွမ်းဆောင်နိုင်ခဲ့၏။

မမက သူ့ကို အရင်လို အလုပ်ပြန်ကြိုးစားခိုင်း၏။ ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ တိုးမြှင့်ချည်နှောင်၏။

အထိအတွေ့၊ အငွေ့အသက်သံယောဇဉ်တွေ ဖန်တီးပေး၏။ အနုအလှတရားဖြင့် သမုဒယစကားတွေ ရစ်ဖွဲ့ချည်နှောင်၏။ မမ၏ဆွဲဆောင်မှုကြောင့် ဘဝခမ်းနားထည်ဝါရေးအတွက် ဆောင်ရွက်နေရသည့်အလုပ်ခွင်မှာ စိတ်ရောကိုယ်ပါ တက်ကြွစွာ မြုပ်နှံထားဖြစ်လာခဲ့မိ၏။

သူ့မိဘတွေပင် သူ့အချိုးပြင်သွားပုံ မြန်လွန်းလှ၍ အံ့အားသင့်ကြီးသင့်နေခဲ့ကြ၏။ သူက မမနှင့်သူ့အကြောင်းကို အချိန်မကျသေး၍ ဖွင့်မပြောခဲ့သလို မိဘများကလည်း မမေးမြန်းခဲ့။

သုခစာမျက်နှာအဖွဲ့ဟုပင် ပြောရလောက်အောင် တစ်လတာကာလမှာ အရာရာအေးချမ်းငြိမ်သက်သာယာနေခဲ့၏။ ဥက္ကာပင် ထူထူထောင်ထောင်နှင့် အခြေအနေကောင်းပြီး အလုပ်လုပ်နေသည်ဟုကြား၏

သူ့ထံကို ဥက္ကာ တော်တော်နှင့်လာရဲမည်မဟုတ်။ ကိုယ့်စကားကိုယ်ရှက်ပြီး ရှိန်နေပေလိမ့်အုံးမည်။ သူနှင့် အဆက်အသွယ်မဲ့သော်လည်း တိုးကိုနှင့် အဆက်အသွယ်ရှိနေ၏။

သုခစာမျက်နှာအဖွဲ့ဟု သူထင်ခဲ့သောတစ်လတာကာလ၏ အေးချမ်းငြိမ်သက်မှုမျိုးသည် မုန်တိုင်းမလာခင် ပင်လယ်၏ဟန်ဆောင်မှုမျိုး သားကောင်ကိုမပစ်ခတ်မီ ချိန်သားကိုက်ငြိမ်သက်မှုမျိုးမှန်း သူ ရေးရေးလေးပင် ရော်ရမ်းမမှန်းဆနိုင်ခဲ့။

သူ့အတွက် မမှန်းဆနိုင်သော အခြေအနေတွေမှာ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ချက်ပြီးတစ်ချက် လျှပ်စီးလက်သလို မြန်ဆန်ကူးလူး ပြောင်းလဲသွားသည်မှာ အလွန်အံ့ဩစရာကောင်းလွန်းလှပါသည်။

ပြောင်းလဲခြင်းအခန်းတစ်၏အစမှ ထစ်ချုန်းသံပေးပြီး ပြောင်းလဲလာသော လျှပ်စီးလက်ခြင်းမှာ သူ့အမေ၏မိခင်ကြီး ကျန်းမာရေးဆိုးရွားရာက စတင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွားမှာ သခါရတရားကို ရင်ဆိုင်မတွေ့ခင် သူ့အား နောက်ဆုံးမျိုးဆက်အဖြစ် အမွေအားလုံးလွှဲပေးခဲ့ချင်၏။ ထို့အတူ မျိုးဆက်သစ်များဆက်၍ ဝေစည်လာစေရန် သူနှင့်သင့်တော်မည့်အိမ်ထောင်ဖက်ကို အမြန်ဆုံးရွေးချယ်၍ ထိမ်းမြားပေးခဲ့ချင်ကြောင်း သူ့မိဘများအား မှာကြားလေသည်။

မိဘစကားကို မြေဝယ်မကျနားထောင်သော သူ့ဖခင်က သူ့ကို လက်ထပ်ပေးဖို့ သတို့သမီးရှာဖွေရန် အလျင်အမြန်စီစဉ်ပါလေတော့သည်။

သူ့အကြောင်းကို လျှို့ဝှက်ထား၍မရသော အချိန်အခါကို ဆိုက်ရောက်လာ၍ သူ့မှာ ရည်ရွယ်ထားသူ 'မမ'ရှိနေကြောင်း ဝန်ခံဖွင့်ဟရလေတော့သည်။ သူ့အချီးကို ပြောင်းလဲပုံပေါ်ပေးလိုက်သော ပညာတတ်မိန်းမတစ်ယောက်။ သူ့ကို ချုပ်ကိုင်နိုင်မည့်အတွေးအခေါ်ရှိသော မိန်းမတစ်ယောက်၊ ပြီး . . . သူကိုယ်တိုင်လည်း နစ်နစ်ကာကာချစ်နေသော မိန်းမတစ်ယောက်ဖြစ်နေသည့် မမကို သူ့မိဘများက သဘောတူခဲ့ကြ၏။ သူ့အဖွားကလဲ သဘောကျကျေနပ်၏။ (သူ့မိဘများမှာ မမအကြောင်းကို သူတို့နည်းသူတို့ဟန်ဖြင့် မသိမသာစုံစမ်းပြီး သဘောတူကျေနပ်ခဲ့ကြခြင်းဖြစ်သည်။)

သူ့ဖက်မှ အခြေအနေကောင်းတွေကို 'မမ'ထံ တွေ့ခွင့်တောင်း၍ ပြောပြခဲ့၏။

နေရာမှာ သူနှင့်မမ အမြဲလိုလိုဆုံနေကြ 'ပွိုင့်ကဖီး'။

"ကျွန်တော့်မိဘတွေက လူကြီးစုံရာနဲ့ မမတို့အိမ်ကို လာနားဖေါက်ဖို့ စီစဉ်နေကြပြီ"

မမက သူပြောသမျှကို ငြိမ်သက်စွာနားထောင်နေခဲ့ရာမှ . . .

"ဘယ်တော့လောက်လာမှာလဲ"

"မမကိုယ်တိုင် ရက်သတ်မှတ်ပေးမှဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ မမမိဘတွေကို ဘာမှ အကြောင်းမကြားရသေးဘူး"

"အမြန်ဆုံး အကြောင်းကြားပြီးခေါ်လိုက်ပါလား"

"ဒေါ်လေးနဲ့တိုင်ပင်ပြီး ခေါ်ရမှာပဲ၊ မင်းတို့ဖက်က သေချာပါတယ်နော်"

"ကြိမ်းသေတယ်၊ အဲ့ဒီစေ့စပ်ပွဲကို ကျွန်တော့်မိဘတွေနဲ့ လူကြီးလူကောင်းတွေအပြင် ဘွားဘွားပါလိုက်ချင်လိုက်လာမှာ၊ ဘွားဘွားက လူကြီးရောဂါနဲ့ အိပ်ယာထဲလဲနေပေမယ့် စိတ်ဓါတ်ကမာတုန်းပဲ၊ အခုတောင် ထနိုင်တိုင်နိုင်နေပြီ၊ ဘွားဘွားရဲ့အမွေတွေရရင် ကျွန်တော်လုပ်ချင်တဲ့ဘဝမျိုးကို ခဏလေးနဲ့ ဖန်တီးယူနိုင်တယ်၊ မမနဲ့လက်ထပ်ပွဲကိုလည်း အခမ်းနားဆုံးကျင်းပပစ်လိုက်မယ်"

"စိတ်ကူးယဉ်လွန်းမနေနဲ့ ချာတိတ်ရဲ့၊ ဒီနေ့ည မမအကြောင်းပြန်မယ်၊ ဖုန်းနဲ့လှမ်းပြောမှာနော်၊ ဒီကပြန်ရင် ဒေါ်လေးနဲ့တိုင်ပင်ပြီး ပုသိမ်ကိုဖုန်းခေါ်ရမှာပဲ၊ မမမိဘတွေနဲ့ တိုင်ပင်ပြီးမှ မင်းတို့လာစေ့စပ်နိုင်မယ့်နေ့ကို မမပြောပြနိုင်မှာ"

"အိုကေ. . . ဒါဆို ဖုန်းအနားက တစ်ဖဝါးမှမခွဲဘဲ စောင့်နေမယ်"

"အဆင်ပြေအောင် ဆုတောင်းနေဖို့တော့ သတိမရဘူးလား"

"ရတာပေါ့၊ မမက အဆင်ပြေအောင် အကွက်ဆင်တတ်ပါတယ်၊ ဒါကိုယုံလို့ မမကိုယုံလိုက်တာမို့ စိတ်ချလက်ချဖြစ်နေတာပါ၊ လိုရမယ်ရတော့ ဆုတောင်းပေးနေရမှာပေါ့၊ မမ ပုသိမ်ကိုဖုန်းဆက်လိုက်တဲ့အချိန်မှာ ယောက္ခမကြီးတွေ စိတ်ချမ်းသာကိုယ်ကျန်းမာနေပါစေ၊ အမြန်ဆုံး သဘောတူပါစေ၊ သမက်လောင်းကလေးကိုလည်း မမြင်တွေ့ဖူးခင်ကပင် အလိုလိုချစ်ချင်နေပါစေ"

"ဒါမျိုးဆို သင်စရာမလိုဘူး။ အလိုလိုတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖမရဲ့အရည်အချင်းတွေ ကူးစက်ခံလိုက်ရလို့ပါ"

သူ့စကားကို မမ တွေခနဲစဉ်းစားသွား၏။ ယခင်ကဆိုလျှင် နောက်ပြောင်ပြောင်နေသော သူ့စကားကို ချစ်စရာကောင်းသော အမူအယာအမျိုးမျိုးနှင့် နားထောင်ပြီး တုံ့ပြန်လုပ်ပြတတ်၏။

"မမ ဘာဖြစ်သွားလို့လဲ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"မမညာတာပါ၊ မျက်နှာညှိုးသွားတယ်၊ ဘာလို့လဲ၊ ကျွန်တော် နောက်ပြောင်ပြောတာ လွန်သွားလို့လား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းကို တစ်ခုမေးချင်တယ်"

"မေးလေ"

သူနားထောင်နေသောအခါ မမ စကားပြောရန် အားယူနေ၏။ ပြောမည့်စကားကိုလည်း ချိဘုံချတုံစဉ်းစားနေ၏။ ပြောထွက်လာတော့ လည်း. . .

"မမေးတော့ပါဘူးကွာ၊ အလကားပါ၊ မဟုတ်နိုင်ပါဘူး"

"ဟာ. . . အဲ့ဒီလို ဦးနှောက်စားအောင်တော့မလုပ်ခဲ့ပါနဲ့ဗျာ၊ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ဘာမေးချင်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ကဲ. . . ပြန်ရအောင် ဒီနေ့ မမမှာ အချိန် သိပ်မရှိဘူး၊ မင်းဆီကို ညဖက်ဖုန်းပြန်ဆက်နိုင်ဖို့ အားလုံး စီစဉ်ရအုံး မယ်လေ"

သူနှင့် မမ၏ရှေ့ရေးအတွက် တန်ဖိုးရှိသောအချိန်တွေကို ငဲ့ ကွက်ပြီး ပွိုင့်မှာပင် နှုတ်ဆက်လမ်းခွဲကာ ပြန်လာဖြစ်ခဲ့ကြ၏။

ထိုတစ်နေ့မှာ သူ့အတွက် အပျော်ရွှင်ရဆုံးနေ့ရက်တစ်ရက်ဖြစ် ခဲ့၏။ ထိုတစ်ညမှာမူကား . . .။



www.burmeseclassic.com

www.burmeseclassic.com



ညဖက်ရောက်သောအခါ ဖုန်းအနားမှာ လူးလားခေါက်တုံ့လမ်းသလားရင်း သူဖုန်းစောင့်နေမိ၏။ အဆင်ပြေမည်ဟု ယုံကြည်ထားသော်လည်း လက်တွေ့ အဖြေပြန်မလာဆဲမို့ သူ့ရင်တွေ တလှပ်လှပ်ဖိုနေမိလေသည်၊

ဖုန်းကောဝင်လာတိုင်း ဝမ်းသာအားရ ပြေးနားထောင်မိ၏။ အိမ်နှင့်သက်ဆိုင်သော ဖုန်းခေါ်ခြင်းတွေဖြစ်ဖြစ်နေ၍ စိတ်ပျက်ပြီး ဖုန်းပြန်ပြန်ချလိုက်ရသည်မှာလည်း အမော။

ဖုန်းကောဝင်လာပြန်၏။ စိတ်ကိုတည်ငြိမ်အောင် စုစည်းပြီး ကောက်ယူနားထောင်လိုက်၏။

"လင်းဝေမိုးလား"

"ဟာ. . . မမ. . . အဆင်ပြေလား. . . ဘာတဲ့လဲ. . . ပြောပါအုံး သဘောတူရဲ့လား"

မမထံမှ အသံတိတ်ငြိမ်သွား၏။ သူ့ရင်ထဲ စိုးရိမ်စိတ်တွေ ဒိန်းဒနဲဖြစ်သွား၏။

"မမ ဘာတဲ့လဲ၊ အဆိုးပဲဖြစ်ဖြစ် အကောင်းပဲဖြစ်ဖြစ် ပြောသာပြောပါတော့ဗျာ၊ ကြာရင်. . . ဒီမှာ မလွယ်တော့ဘူး"

မမထံမှ ရယ်သံလွင်လွင်ကို ကြားလိုက်ရ၏။ သူ့မှာ ဝမ်းသာရအခက် ဝမ်းနည်းရအခက်။

"ပြောလေဗျာ"

"ဒီလောက်တောင်ပဲဖြစ်နေလား၊ တမင်များလုပ်ကြံပြောနေသလားလို့ပါ"

"မဟုတ်ပါဘူး၊ ပြောပါမမ"

"အဆင်ပြေတယ်၊ လူကြီးတွေအားလုံး သဘောတူတယ်၊ သဘောတူအောင်လဲ မင်းနဲ့မမအကြောင်းကို မမကိုယ်တိုင် အကြြာကြီးရှင်းပြရ



www.burmeseclassic.com

www.burmeseclassic.com



တာကို၊ ဒါတောင် ဖုန်းလိုင်းက ပြတ်သွားလိုက်ပြန်ဆက်လိုက်နဲ့မို့ ကြာနေတာ၊ ရှေ့လာမဲ့စနေနေ့မှာ မမမိဘတွေ ရန်ကုန်လာလိမ့်မယ်၊ တနင်္ဂနွေနေ့မနက် ဆယ်နာရီလောက် မင်းတို့လာခဲ့ပေါ့"

"စိတ်ချ. . . စိတ်ချ. . . ကျွန်တော် ဝမ်းသာလွန်းလို့ ဘာဆက်ပြောရမှန်းတောင်မသိတော့ဘူး"

"တော်ပါ. . . အပြောကောင်းတဲ့ယောကျ်ားဖြစ်လေ ပိုကြောက်ရလေပဲ၊ ထပ်ပိုပြောမနေပါနဲ့တော့၊ မင်းတို့ သေသေချာချာစီစဉ်ခဲ့နော်၊ မမမိဘတွေနဲ့ ဆွေမျိုးတစ်ချို့ကို မအားမလပ်တဲ့ကြားက တကူးတကမှာရတာ၊ သူတို့ရောက်လာရင် သူတို့အရှိန်အဝါနဲ့ဟပ်မိအောင် မင်းမိဘတွေဖက်က အားနည်းမှုမရှိအောင် စီစဉ်ပေးသင့်တယ်၊ မမပြောတာ သဘောပေါက်လား"

"ပေါက်တယ်၊ ကျွန်တော် အခုပဲ အဖေနဲ့အမေကို သွားပြောပြလိုက်မယ်၊ ပြီးရင် ဗဟန်းက ဘွားဘွားဆီဖုန်းလှည့်ပြီး သတင်းကောင်းပါးလိုက်မယ်"

"ဒါဆို မမဘက်က အလိုက်သိသိ ဖုန်းချလိုက်ရတော့မယ်ဆိုပါတော့"

"အဲ့ဒီလိုမထင်ပါနဲ့၊ အကြောင်းကြားပြီးရင် မမဆီ ဖုန်းဆက်ပြီး တစ်ညလုံးဖုန်းပြောမယ်၊ ဘယ်လိုလဲ အိပ်ချင်လို့ ဖုန်းအရင်ချသွားတဲ့လူ အရှုံးပေးကြေး"

"ခုကတည်းက အရှုံးပေးလိုက်ပါပြီရှင်"

"ဘာဖြစ်လို့လဲ"

"တို့က အအိပ်မက်လို့လေ"

ပြောပြီး မမရယ်နေပြန်၏။ သူက မမရယ်သံစဲအောင် စောင့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မမကိုအနိုင်ရတာ အခုတစ်ခါပဲရှိသေးတယ်"

"မင်းက ဘယ်နှစ်ခါအနိုင်လိုချင်သေးလို့လဲ"

"နောက်တော့ သိမှာပေါ့"

စကားနှင့် သူ ကလိလိုက်ခြင်းဖြစ်၏။ မမဖက်မှ စကားသံတိတ် သွားပြန်၏။ သူက . . .

"မမ. . .မမ. . .မမ"

ခေါ်ကြည့်၏ မထူး။ နောက်ထပ်ခေါ်ရန် အပြင်မှ ဖုန်းလိုင် ဖြတ်တောက်သွားသံဝင်လာ၏။ မမ စိတ်ကောက်သွားတာများလား။ မဖြ ိုင်။ မမမှာ စိတ်ဆိုးတတ်တာ စိတ်နာတတ်တာမျိုးပဲ ဖြစ်တတ်၏။ သ စကားနှင့်ကလိလိုက်သလို မမကလည်း ဘာမပြောညာမပြော နှင့် ဖုန်း သွားခြင်းဖြင့် သူ့ကို ပြန်ကလိခဲ့တာဖြစ်ပါလိမ့်မည်။

ဤ တွေးဖြင့် သူ ပခုံးတွန့်ပြီး ဖုန်းချလိုက်၏။

ဝ သာစရာသတင်းကောင်းကို သူ စတင်၍ ကြော်ငြာမောင်းခ တော့မည်မို့ မမထံ ဖုန်းထပ်ခေါ်ဖို့သတိမရနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

စေ့စပ်ပွဲနေ့ကို ဆိုက်မြိုက်စွာရောက်ရှိလာသောနေ့မှာ သူတို့တစ်အိမ်သားလုံး လှုပ်ရှားတက်ကြွနေကြ၏။ ဖိတ်ခေါ်ထားသောလူကြီးလူကောင်းများလည်း စုံညီနေလေပြီ။ မမအိမ်မှာ ညှော်ခံပွဲအတွက် ပြင်ဆင်ကျွေးမွေးမည့်အဖွဲ့ကို ဒေါ်စပ်စုခေါင်းဆောင်ပြီး ကြိုတင်လွှတ်ပေးလိုက်၏။

အဝတ်အစားတောက်တောက်ပြောင်ပြောင်နှင့် သူ့အနားမှာ တိုးကိုကို အဖော်အဖြစ်ခေါ်ထား၏။ (ဉက္ကာနှင့် ပြန်သင့်မြတ်ချိန်မရသေး)

မနက်ကိုးနာရီထိုးမှာ အိမ်ကထွက်ကြဖို့ လူစုံတက်စုံ ကားပေါ်တက်နေကြဆဲမှာပင် အရေးပေါ်ဖုန်းဝင်လာ၏။

ဘွားဘွားအမောဖေါက်နေပြီ။ အမြန်လာပါဟူသော အကြောင်းကြားသံအဆုံးမှာ သူ့အရေးထက် မိဘအရေးကိုငဲ့ပြီး ဘွားဘွားထံ သူ့ဖခင်နှင့်မိခင်တို့ အမြန်သွားကြရန် ပြင်ဆင်ရင်း သူ့ကိုမှာကြားကြ၏။

ဘွားဘွားသက်သာလျှင် အမြန်ဆုံးလိုက်လာခဲ့မည်။ ပွဲကြီးစုံရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူအရင်သွားနှင့်ဖို့ မှာကြားခဲ့ခြင်းပင်။

မျှော်လင့်မထားသောအခြေအနေမို့ အဆင်ပြေသလိုသာ စီစဉ်ရတော့၏။ သူ့မိဘများက ဘွားဘွားထံ အမြန်သွားနေကြစဉ် သူနှင့်လူကြီးများက မမအိမ်သို့ အချိန်မီရောက်အောင် ကားမောင်းလာခဲ့ကြသည်။

မမတို့အိမ်ကိုရောက်သောအခါ နှစ်ဖက်လူကြီးတွေ တွေ့ဆုံမိတ်ဆက်ကြ၊ နှုတ်ဆက်ကြ၊ အပြုံးဖလှယ်ကြပြီး ကိုယ်စီနေရာဝင်ထိုင်ကြရ၏။ မမမိဘနှင့်ဆွေမျိုးများက သူ့ကို ခြေဆုံးခေါင်းဖြား အကဲခတ်လေ့လာ၏။ ပြီးလျှင် လွတ်နေသောသူ့မိဘတွေနေရာကို မျက်မှောင်ကုတ်ကြည့်ကြ၏။ အလှဆုံးပြင်ဆင်ထားသော မမလည်း မျက်စိမျက်နှာပျက်ကာ သူ့ကို လှမ်းကြည့်လာနေလေပြီ။

သူ့ဖေဖေက မျက်နှာလွှဲပေးလိုက်သော အငြိမ်းစားတရားသူကြီးဟောင်း (သူ့ဖေဖေ၏မိတ်ဆွေ) ဦးတိုးဟန်ရွှေက လူပုံအလယ်မှာ ထပြီး အခြေအနေကို ရှင်းလင်းပြောပြ၏။

"ဒီလိုရှိပါတယ်ခင်ဗျာ၊ ဒီက မောင်ဝေလင်းမိုးရဲ့မိဘတွေဖြစ်ကြတဲ့ ဦးဝေမိုးနဲ့ ဒေါ်လင်းလင်းထက်တို့ ဒီစေ့စပ်ပွဲကို ရွှေလမ်းငွေလမ်းခင်းဖို့လာကာနီးမှာပဲ ဦးဝေမိုးရဲ့မိခင်အရင်းဖြစ်တဲ့ ဒေါ်စိန်ရင်ခမျာ လူကြီးရောဂါနဲ့ အခြေအနေအတော်ဆိုးနေကြောင်း ဖုန်းဆက်လာပါတယ်၊ ဒါကြောင့် မဖြစ်သာလွန်းတဲ့အရေးတကြီးအကြောင်းကြောင့် ဦးဝေမိုးတို့ဇနီးမောင်နှံဟာ မိခင်ကြီးထံ အမြန်သွားပြီး ပြုစုနေရတဲ့အတွက် ဒီစေ့စပ်ပွဲကို လိုက်မလာနိုင်ဖြစ်တာ ခွင့်လွှတ်ပေးပါလို့ ဦးဝေမိုးတို့ဇနီးမောင်နှံကိုယ်စား ကျွန်တော်ကပဲ အနူးအညွတ်တောင်းပန်ပါတယ်"

မမမိဘတွေ မျက်နှာမကောင်းကြ။ မမအမျိုးတွေမျက်နှာလည်း မရွှင်မလန်း။ မမခမျာ ခေါင်းလေးပင်ဖော်၍မလာ။

သူ့ဖက်ကလိုက်ပါလာသော လူကြီးတွေ အပြောအဆိုကောင်း၍



www.burmeseclassic.com

www.burmeseclassic.com



သာ ...ရက်မြတ်ကို သတ်မှတ်နိုင်သည်။ ရွှေလမ်းငွေလမ်းခင်းနိုင်ခဲ့၏။ ဟန်... အပြုံးတွေဖြင့် စေ့စပ်ပွဲကို စားသောက်ပြီးစီး အဆုံးသတ်ခဲ့ရသည်။ ... ဘယ်လိုပျော်၍ ဘာ... လိုပြုံးရမည်ပင် အခက်ဝင်စွာ မျက်နှာငယ်... ၏။ ဘွားဘွားအတွက် စိုးရိမ်စိတ်ကတစ်ဖက်။ မမနှင့် မမအသိုင်းအဝိုင်း စိတ်ကွက်ငြိုငြင်သွားမှာကိုတွေးပြီး ပူရသည့်ကတစ်ဖက်ဖြင့် သူ့စိတ်တွေ ယောက်ရက်ခတ်နေခဲ့ရ၏။

စေ့စပ်ပွဲပြီး၍ နှုတ်ဆက်ပြန်ကြစဉ်မှာပင် အခန်းထဲတန်းဝင်သွားသောမမကို ငေးကြည့်ပြီးသာ မေးခွန်းများစွာနှင့် ...ပြန်၍လိုက်ပါလာခဲ့ရ၏။

(...ကောင်းကြောင်းတွေမြင်နေပေမယ့် ...တွေးအခေါ် အမြော်အမြင်ရှိတဲ့ မမအပေါ် ကျွန်တော်ယုံကြည်နေခဲ့တာ အချစ်စစ်ရဲ့သစ္စာပါပဲ)

မင်္ဂလာရက်မြတ်မတိုင်ခင် သုံးရက်အလိုမှာ (တွေ့ခွင့်နှစ်ကြိမ်တောင်းခဲ့သည့်သူ့ကို ငြင်းပယ်နေသည့်) ... တွေ့ခွင့်ပေးခဲ့ပါသည်။

မသွားလိုရာ လူရှင်းသောတစ်နေရာရာအဖြစ် သန်လျင်တံတားဖက်ကို ရွေးချယ်မောင်းထွက်ခဲ့ပါသည်။ (လူရှင်းသော်လည်း ကားမရှင်းသော) လမ်းဘေးတစ်နေရာမှာ ကားကိုရပ်ပြီး ထိုင်စကားပြောဖြစ်ကြ၏။

"ကျွန်တော်နဲ့ ကျွန်တော့်မိဘတွေကို နားလည်မပေးနိုင်ဘူးလား မမရယ်"

"မင်းဘွားဘွား အသည်းအသန်ဖြစ်ပေမဲ့ မသေဆုံးခဲ့ပါဘူးနော်"

"ဟုတ်ပါတယ်၊ ဘွားဘွားကိုပြုစုနေရလို့ အဲ့ဒီနေ့ညနေလောက်မှ ကျွန်တော့်မိဘတွေ ပြန်ရောက်လာနိုင်တယ်လေ"

"မင်းတို့ကို မမ အများကြီးနားလည်ပေးလိုက်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ တကယ်ပြောတာလား"

"ဘကယ်ပေါ့"

မမလက်ကလေးကို သူလှမ်းဆုပ်လိုက်၏။ မမငြိမ်နေ၏။ မမဆံနွယ်စတွေကို သူ ကခုတ်တရငေးမောကြည့်ရင်း . . .

"လက်ထပ်ရမဲ့အရေးကိုတွေးပြီး ရင်ဖိုနေတယ်၊ မမကော မပျော်ဘူးလား"

"ဒီလိုပါပဲ"

မမ၏ခံစားချက်ကင်းမဲ့နေသောမျက်နှာကို ကြည့်ပြီး သူ ရင်လေးချင်လာ၏။ ထိုစဉ်မှာပင် မမက . . .

"မင်းရဲ့မျက်လုံးကို ခဏလောက်မှိတ်ထားစမ်းပါ"

သူ တွေဝေသွား၏။ မမခိုင်းသည့်အတိုင်း မျက်လုံးမှိတ်ပေးလိုက်၏။ သူ့မျက်ခွံမမှိတ်ခင်လေးမှာ မမ၏အပြုံးကို လှစ်ခနဲတွေ့လိုက်ရ၏။ မမ၏ ကော့တက်နေသောနှုတ်ခမ်းစွန်းလေးနှစ်ဖက်မှာ သက်တန့်သဏ္ဍာန် ခုံးထွက်သွားသည့်အပြုံးမျိုး။ သူ့ရင်ထဲမှာ အမှတ်မထင် ထင်စွဲသွားစေသောအပြုံးမျိုး။

သူ မျက်လုံးမှိတ်ထားစဉ်မှာပင် သူ့ဘယ်ဖက်ပါးပြင်မှာ နွေးခနဲ စိုသွား၏။ တစ်ကြိမ်တည်း တစ်ခါတည်း တစ်ချက်ထဲ နွေးအေးအေးလေး ခံစားလိုက်ရခြင်းဖြစ်သဖြင့် သူ မျက်လုံးဖွင့်ကြည့်လိုက်၏။

သူ့ပါးအနားမှခွာသွားသော မမ၏နှာတံကလေး။ ထိုနှာတံကလေးအထက်မှာရှိနေသော မျက်ဝန်းနက်လေးတစ်စုံမှာ ပုလဲဖြူမှုန့်တွေ တွဲလဲရစ်ခိုနေ၏။

"မမ. . . ကျွန်တော့်ကို. . ."

သူ့စကားမဆုံးခင်မှာပင် မမက မျက်တောင်ဖြင့် မျက်ရည်ကြည်တွေကို ပုတ်ခတ်ဖျောက်ဖျက်ပစ်လိုက်ရ၏။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ထိုက်တန်တဲ့'ဆု'ကို မမပေးလိုက်တာ"

သူတွေဝေပြီး မမကိုကြည့်နေမိ၏။ မမက . . .

"ဒီလိုပဲ မင်းနဲ့ထိုက်တန်တဲ့အပြစ်ဒဏ်တွေ ရှိသေးတယ်၊ မင်းမှတ်မိသေးသလားမသိဘူး။ မင်းသူငယ်ချင်းဉက္ကာအတွက် မင်းခံစားနေရတာတွေကို တိုးကိုသိမှာ သွားရင်ဖွင့်တဲ့စကားတွေလေ၊ အဲ့ဒီတုန်းက တစ်ဖက်ခြံထဲမှာရှိနေတဲ့ ဟန်နီက အားလုံးကြားခဲ့တယ်၊ ကြားခဲ့သမျှကိုလဲ မမကို တစ်လုံးမကျန်ပြန်ပြောပြခဲ့တယ်၊ မင်းသူငယ်ချင်းအတွက် မမကို မကျေနပ်ဘူး၊ အနိုင်နဲ့ပြန်ပိုင်းမယ်၊ အနီးကပ်လှည့်စားပြီး မမကို လမ်းခွဲစွန့်ပစ်မယ်ဆိုတာလေ၊ နေအုံး၊ 'မင်းပြောဖို့မကြိုးစားနဲ့အုံး၊ မမဆုံးအောင်ပြောပါရစေ၊ တကယ်ပါကွာ၊ အဲ့ဒီစကားကိုကြားခဲ့ရပေမယ့် မင်းအပေါ် တို့ မိုက်မိုက်မဲမဲယုံကြည်နေဖြစ်တုန်းပဲ၊ မင်းကို တကယ်မျှော်လင့်ခဲ့တာကို၊ ချစ်ခဲ့ရမိတာကို၊ မှားတယ် . . . အဲ့ဒီလို တစ်ထစ်လျှော့တွေးခဲ့မိတဲ့ တို့ သိပ်မှားသွားခဲ့ဘယ်၊ စေ့စပ်ပွဲနေ့မှာပဲ မင်းရဲ့အစွမ်းအစကို တို့ မြင်တွေ့လိုက်ရတော့ဘာပဲ၊ တို့ အရမ်းအံ့သြသွားတယ်၊ မင်းမှာ ဒီလိုအကျင့်ယုတ် စရိုက်ယုတ်မျိုးရှိလိမ့်မယ်မထင်ခဲ့တာကို ကိုယ်တွေ့မြင်ခဲ့ရလို့ အရမ်းအံ့သြသွားရတာပေါ့"

"မမ မှားနေပြီ၊ အဲ့ဒါတွေမဟုတ်ဘူး၊ တစ်ခုမှမဟုတ်ဘူး"

"မမ မင်းကို သေသေချာချာပြောပြမထားခဲ့ဘူးလား၊ မင်းတို့ဖက်က သေချာရဲ့လား၊ မမမိဘနဲ့ဆွေမျိုးတွေကို တကူးတကခေါ်ရမှာ၊ ဟိုးအဝေးကြီးကနေ ခေါ်လာရမှာ ဒါတွေပြောခဲ့သားပဲ၊ မင်းတို့ဖက်က အရေးပေါ်အကြောင်းလေးပြလိုက်တာ မင်းရဲ့ အသေအချာဇာတ်တိုက်ထားတဲ့ လှည့်ကွက်တွေမဟုတ်လား"

"မဟုတ်ဘူး မမ၊ အဲ့ဒီလိုကို ကျွန်တော်မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ မင်းလုပ်လိုက်လို့ မမရဲ့မိဘတွေ အရှက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြန်သွားကြတာ၊ မင်းတို့သိအောင် မပြောရသေးပေမယ့် အဲ့ဒီမှေ့စပ်ပွဲပြီးလို့ မင်းတို့ပြန်သွားကတည်းက မမဖက်က ဖျက်လိုက်ပြီလို့ မိဘတွေနဲ့ အမျိုးတွေကို အသိပေးလိုက်ပြီးသား၊ တို့တစ်သက်နဲ့တစ်ကိုယ်မှာ တို့မိဘတွေအရှက်ရသွားလောက်အောင် ဘယ်သောအခါမှမလုပ်ခဲ့ဖူးဘူး။ မင်းနဲ့ကျမှ လူပုံအလယ်မှာ ခေါင်းမဖော်ပြဝံ့တော့လောက်အောင် အရှက်ရခဲ့တာ၊ နာတယ်၊ သိပ်စိတ်နာတယ်၊ အရမ်းနာကျည်းတယ်၊ မင်းစကားနဲ့ မင်းလုပ်ရပ်ကို သက်သေထူသွားမှ မင်းဟာ အဲ့ဒီလောက်အထိ ယုတ်မာကောက်ကျစ်သူပါလားဆိုတာ တို့သိလိုက်ရတယ်"

"ကျွန်တော်ရှင်းပြပါရစေ မမရယ်၊ မမအထင်မှားနေပြီ"

"နောက်တစ်ခါထပ်နာရလောက်အောင် တို့ မမိုက်မဲတတ်တော့ဘူး၊ မင်းနဲ့ပတ်သက်တဲ့ကောင်းကွက်တွေအတွက် မင်းကို 'ဆု'ချပြီးခဲ့သလို မင်းနဲ့ပတ်သက်တဲ့ ခွင့်မလွှတ်နိုင်လောက်အောင်ဆိုးခဲ့တဲ့ ဆိုးကွက်တွေအတွက် စေ့စပ်ထားတဲ့မင်္ဂလာပွဲကို ဒီနေ့ကစပြီး ဖျက်သိမ်းလိုက်ပြီ"

"ကျွန်တော် . . ."

"တော်စမ်းကွာ၊ ဘာမှမကြားချင်ဘူး၊ မုန်းတယ်၊ မင်းကို သေလောက်အောင်မုန်းတယ်၊ ဒီနေ့ကစပြီး ပြတ်ပြတ်သားသားလမ်းခွဲတယ်၊ ဒါပဲ"

ပြောပြီး မမ ကားပေါ်မှဆင်းလာ၏။ သန်လျင်ဖက်မှပြန်လာသော TAXI တစ်စီးကို မမတားစီးပြီး (သူ့ကိုယောင်၍ပင်လှည့်မကြည့်) လိုက်ပါသွား၏။

သားကောင်ကိုမပစ်မိ ချိန်သားကိုက် ငြိမ်သက်မှု၏အဆုံး။

(ကံကြမ္မာက ကျွန်တော့်ရင်ဘက်တည့်တည့်ကို ပစ်ချလိုက်တော့တယ်)

❦ ❦ ❦

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

မမ အထင်လွဲမှုန်းတီး... ... ချေဖျက်နိုင်ရန်အတွက် သူ့ဖက်က အမြန်ပြင်ဆင်ကြိုးစားရ၏။

တိုးကိုမှတစ်ဆင့် ဟန်နီ့ကိုစည်းရုံးကာ အဖြစ်မှန်ကိုရှင်းပြရ၏။ ဟန်နီနှင့်တိုးကိုတို့ မမထံသွားပြီး အကျိုးအကြောင်းရှင်းပြကြ၏။ မမ လက်မခံ။

သူ့မိဘတွေကို မမနဲ့ပတ်...က်သမျှ တစ်လုံးမကျန်ပြောပြပြီး အကူအညီတောင်းခံရတော့၏။ သူ့မိဘတွေက မမနှင့်တွေ့ဆုံပြီး အဖြစ်မှန် လိပ်ပတ်လည်အောင်ရှင်းပြ၏။ မမ ...ချသိတ်ပြီး ငြင်းပယ်သွတ်လိုက်၏။

သူ့မိဘတွေမှာ သူ့အ... ...င်းဖြစ်ကြပြီး မမကို လ... လျှော့စွန့်လွှတ်လိုက်ဖို့ ဖြောင်းဖျ... ...မပြောသလို နားသည်း မဝင်နိုင်ခဲ့။

ကျန်းမာရေးကောင်း၍ ... ...ထောင်ဖြင့်သွားနိုင်လာ...



www.burmeseclassic.com

www.burmeseclassic.com



သော ဘွားဘွားကို ထပ်၍အကူအညီတောင်းမိပြန်၏။ ဘွားဘွားက ပြုစုစောင့်ရှောက်သူများနှင့် မမကိုသွားရောက်တွေ့ဆုံပြီး အခြေအနေမှန်ကို မေတ္တာရပ်ခံပြီး ရှင်းပြခဲ့ပြန်သည်။

မမဖက်မှ လေသံပျော့ပြောင်းလာသော်လည်း လက်ထပ်ဖို့မဖြစ်နိုင်တော့ကြောင်း၊ မိဘတွေလည်းသဘောတူကြတော့မှာမဟုတ်ကြောင်း၊ ဘယ်လိုမှမဖြစ်နိုင်တော့ပါကြောင်းတွေနှင့် အကြောင်းအမျိုးမျိုးပြပြီး ခေါင်းမာစွာ ငြင်းခါနေခဲ့ပြန်၏။

သူ့မိဘတွေကိုယ်တိုင် . . .

သူ့အဘွားဖြစ်သူကိုယ်တိုင် အမှန်တရားကိုဆုပ်ကိုင်ပြီး လူကြီးနေရာမှ ဖြေရှင်းပြခဲ့သည်ကိုပင် မမ နားမဝင်နိုင်ခဲ့သောအခါ သူ့ရင်ထဲ ဆတ်ဆတ်နာချင်လာ၏။

မမအတွက်နှင့် ကမ္ဘာပျက်သလို နီးရာလူကို ကယ်ပါယူပါ တစာစာအော်မိနေသောအဖြစ်ကို သူ့ဘာသာသူပြန်တွေးပြီး ရှက်လာမိ၏။

မိဘနှင့်အဘွားဖြစ်သူ၏ ဂုဏ်သိက္ခာကိုပင် အရာမထင်အောင် ငြင်းပယ်ခဲ့သော မမအား သူစိတ်အနာကြီးနာကျင်လာ၏။

သူ့မှာ စိတ်ကျရောဂါဝင်လာသလို အခန်းတံခါးပိတ်ပြီး တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေခဲ့ရတော့၏။

စိတ်ဝေဒနာအငြင်းအထန်နှင့် အိပ်ယာထဲမှာ သူ လူးလဲနေစဉ် သတင်းကြားရ၍မနေနိုင်သော ဥက္ကာကိုယ်တိုင် သူ့ထံရောက်ရှိလာခဲ့၏။ သူ တစ်ခါက အားပေးနှစ်သိမ့်သလို အားပေးနှစ်သိမ့်လာ၏။

ကယ်ကူရာမဲ့လောက်အောင် အရှုံးတစ်ပိုင်းခံစားခဲ့ရသော သူ့အဖြစ်ကို တစိမ့်စိမ့်ပြန်တွေးပြီး အရှက်ကြီးရှက်နေခဲ့သဖြင့် သူ့ကိုယ်သူ အကျဉ်းချထားသော အခန်းထဲမှာ တစ်စစီကွဲရှနေသော သူ့မာနနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



အသိတရားကို ပြန်လည်စုစည်းဆက်စပ်ကာ တဖြည်းဖြည်းနှင့် အမြင်မှန်ရလာခဲ့၏။

အခန်းထဲမှာ သုံးလနီးပါးအောင်းနေခဲ့ပြီးသောအခါ ဖြေသာလာသောဝေဒနာနှင့် စိတ်သစ်လူသစ်၊ ခွန်အားသစ်မွေးကာ အပြင်လောကကို ပြန်ထွက်လာနိုင်ခဲ့၏။

မမပေးခဲ့သော အနမ်းတစ်ချက်တည်းဒဏ်နဲ့ သူ့မှာ သေလုမျောပါးခံစားခဲ့ရခြင်းပင်။ ယခု၌ သူသည် . . .

အိပ်မက်ကိုလှမ်းပြီးလွမ်းဖို့ မကြိုးစား။

...က်ကိုနမ်းပြီး ဖမ်းဖို့ကြိုးစားတော့မည့်လူတစ်ယောက်စစ်စစ်ကောန်ဖြစ်လာခဲ့လေပြီ။ (ကျွန်တော့်အသက်နဲ့မျှားပြီး မမနှလုံးသားကို အရယူပြမယ်)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မင်း အခု အိမ်ထဲကထွက်သွား"

"မသွားနိုင်ဘူး မမ၊ မမဒေါ်လေးလည်း ဥပုသ်သွားစောင့်တယ်ဆိုတာ ကျွန်တော်သိထားတယ်၊ ဒီနားကအိမ်တွေကလည်း ကျွန်တော်ဟာ မမနဲ့စေ့စပ်ထားခဲ့ဖူးသူဆိုတာ သိထားကြတယ်၊ အော်ချင်လည်းအော်၊ ကျွန်တော် မမကို လက်ဖျားလေးနဲ့တောင်မထိဘူး၊ မမက ကျွန်တော့်ကို သေလောက်အောင်မုန်းနေတယ်ဆို၊ တစ်ခြားနေရာမှာ ကျွန်တော်သေသွားရင် မမ စိတ်ကျေနပ်မှု ရလိုက်မှာမဟုတ်ဘူး၊ ဒါကြောင့် မမရှေ့မှာ ကျွန်တော်ကိုယ်ကျွန်တော် သတ်သေပြမလို့ရောက်လာတာ"

သူ့ကို မျက်လုံးပြူး၍ကြည့်နေသော မမက . . .

"ဒီအိမ်ထဲမှာ အမှုပတ်အောင် လာဒုက္ခပေးတာလား"

သူက အင်္ကျီအိတ်ထဲမှစာတစ်စောင်ကို ထုတ်ယူပြလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျွန်တော့်ကိုယ်ကျွန်တော် သေကြောင်းကြံတာပါလို့ ကျွန်တော်ကိုယ်တိုင်ရေးပြီး လက်မှတ်ထိုးထားတယ်၊ ကျွန်တော့်ဘက်က မမနားလည်လာအောင် နည်းမျိုးစုံနဲ့ရှင်းပြခဲ့ပြီးပြီ၊ ကျွန်တော် မမကိုချစ်တဲ့ အချစ်ဟာ အသက်နဲ့ရင်းရလောက်အောင် တန်ဖိုးကြီးမားတယ်ဆိုတာ မမ ရှေ့မှာ လက်တွေ့သက်သေပြမယ်"

သူက စကားကို အမျှင်မပြတ်ပြောရင်း အပေါ်ထပ်ဝရံတာရောက် အောက် တဖြည်းဖြည်းချင်းလျှောက်သွားတယ်၊ မမကလည်း သူ့ကို ဆက် လက်တားမြစ်ဖို့ သတိမရတော့ဘဲ သူ့နောက်ကလိုက်လာတယ်၊ ဝရံတာ လက်တန်းရှေ့မှာ သူရပ်လိုက်တော့ မမကလည်း သူ့နောက် ခြေလှမ်းငါး လှမ်းအကွာလောက်မှာ ရပ်လိုက်တယ်၊ ဒါက သူလိုချင်တဲ့အနေအထားပဲ လေ။

"ကျွန်တော် မမကို အရမ်းချစ်တယ်၊ ဖေါ်မပြတတ်အောင်ချစ် တယ်၊ အေသအလဲကိုချစ်တယ်၊ နှုတ်ဆက်ခဲ့ပါတယ် မမ၊ ဖြစ်လေရာဘဝ မှာ ကျွန်တော် မမကို အရှုံးပေးပါတယ်လို့ ဆုတောင်းခဲ့ပါတယ်၊ ကျွန်တော် ဟာ မမပေးလာမယ့် ဝဋ်ကြွေးမှန်သမျှကို ဆုလာဘ်တစ်ခုလို မြတ်မြတ် နိုးနိုး ခံယူချင်တဲ့ကောင်ပါ၊ မမကို မချစ်ရမယ့်ဘဝ၊ စွန့်လွှတ်ကျောခိုင်း ရမယ့်ဘဝ၊ မပိုင်ဆိုင်ရမယ့်ဘဝ၊ အမုန်းခံရမယ့်ဘဝမှာ ကျွန်တော် ဘယ် လိုမှ အသက်ရှင်နေထိုင်လို့ မရနိုင်တော့တာမို့ မမရှေ့မှာတင် ဒီဝရံတာ လက်တန်းပေါ်က ခုန်ချပြီး ကျွန်တော့်ဘဝကို အဆုံးသတ်လိုက်တော့ မယ်"

"ဟော့. . . မင်း . . . မင်း. . ."

ထိတ်လန့်တကြားဟန်နှင့် သူ့ကို လက်ညှိုးထိုးကာ သေသေ ချာချာ ကြည့်နေသောမမ။

သူက ဝရံတာလက်တန်းပေါ်တက်၍ ရပ်ကာ တိုင်တဲ့ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ ဖာတ်လိုက်မင်းသားဟန်နှင့် လက်နှစ်ဘက်ကို ဘေးသို့ဆန့်တန်း လိုက်သည်။

ထို့နောက် အောက်ဘက်မြေပြင်ဆီသို့ကြည့်ပြီး တစ်ချက်တွန့်သွားသည်။ ပြီးမှ ယခုအချိန်အထိ နေရာမှမရွှေ့ဘဲ သူ့ထံမျက်လုံးပြူးပြီး ကြည့်နေသည့် မမထံသို့ တစ်ချက်ငဲ့ကြည့်ကာ အောက်ဘက်သို့ ခုန်ချ လိုက်လေသည်။

⁂

ဝရံတာထိပ်သို့ မမပြေးလာကြည့်သည့်အချိန်တွင် မြေပြင်၌ ခွေခွေလေးလဲလျက် နှုတ်ခမ်းဒေါင့်စွန်းမှ သွေးစီးကြောင်းစီးကျနေသော သူ့ကို မြင်လိုက်လျှင် စူးစူးဝါးဝါး တစ်ချက်အော်၍ အိမ်တွင်းသို့ဝင်ပြေးလေသည်။

သူမျှော်လင့်ထားသည့်အတိုင်းပင် မမတို့အိမ်အတွက် စီစဉ်တားသည့် မိသားစုဆရာဝန်ထံ အရေးတကြီး ဖုန်းဆက်ခေါ်နေသံကို ကြားလိုက်ရသည်။ သူ တစ်ချက်ခေါင်းထောင်၍ အိမ်၏ဒေါင့်စွန်းအကွယ်တွင် ခေါင်းပြူတစ်ပြူတစ်နှင့်စောင့်နေကြသည့် တိုးကိုနှင့်ဥက္ကာတို့ထံသို့ လက်မ ထောင်ပြလိုက်သည်။ ထို့နောက် နဂိုပုံစံအတိုင်း ပြန်ခွေနေလိုက်စဉ်မှာပင် သူ့ထံသို့ ပျာပျာသလဲပြေးထွက်လာသည့်မမကို မြင်လိုက်ရသည်။

ထို့နောက် သူ့ကို အတင်းပွေ့ထူပြီး . . .

"ဒုက္ခပါပဲ၊ မင်း ဘာလို့ ဒီလောက်မိုက်လုံးကြီးရတာလဲ ချာတိတ်ရယ်၊ တစ်ကိုယ်လုံး ကျိုးကြေကုန်ပြီလားမသိပါဘူး၊ သွေးတွေလည်း ထွက်လို့၊ ဘုရား . . . ဘုရား . . . ဘယ်လိုလုပ်ရပါ့မလဲ"

သူက မမရင်ခွင်ထဲတွင်မှိန်းနေရင်း အံတစ်ချက်ကိုကျိတ်လိုက်ရာ နှုတ်ခမ်းဒေါင့်စွန်းမှ သွေးများ ထပ်မံထွက်ကျလာသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မကယ်နဲ့၊ မရတော့ဘူး"

"ဘာလို့မရရမှာလဲ၊ ဆရာဝန်ရောက်လာလို့ စစ်ဆေးပြီး လိုအပ်ရင် မင်းကို ချက်ချင်းဆေးရုံပို့ပြီး မရရအောင် ကုမယ်၊ မင်း စိတ်မလျှော့လိုက်နဲ့နော်"

မျက်ရည်များစီးကျနေရင်း သူ့ကို မမက တတွတ်တွတ်ပြောနေသည်။

"မမ. . . ကျေနပ်ပါတော့နော်"

"မကျေနပ်ဘူး၊ ဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့အလုပ်ကို မမရင်နာအောင် လုပ်ပြသွားတဲ့မင်းကို လုံးဝမကျေနပ်ဘူး"

ဝေဒနာ အပြင်းအထန်ခံစားနေရဟန်ဖြင့် သူ တစ်ချက်ရှုံ့မဲ့ပြလိုက်ပြန်သည်။ မမ ပြာလောင်ခတ်သွားပြီး . . .

"ဒုက္ခပါဘဲ ဆရာဝန်ကလည်း ကြာလိုက်တာနော်"

မမရင်ထဲမှာ သူ မှိန်းမောပြီး လှဲနေလိုက်သည်။ မမက သူ့ကို ပိုက်ထွေးဖက်တွယ်ထားရင်း ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

"မငိုပါနဲ့ မမရယ်၊ ကျွန်တော့်ရဲ့နောက်ဆုံးအချိန်လေးမှာ မမ ပြုံးပြုံးလေးနေပြစမ်းပါ၊ ကျွန်တော်ပေးဆပ်ရတာ တန်ပါတယ်၊ မမ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာကို တွေ့မြင်သိခွင့်ရလိုက်တာ ဘိုင်းအဆမရှိ ကြည်နူးဝမ်းသာမိတယ်၊ တကယ်ပါ၊ ကျွန်တော့်မိဘတွေနဲ့ အဘွားကိုလည်း မမပဲ အကျိုးအကြောင်းပြောပြပေးလိုက်ပါ၊ ကျွန်တော့်သူငယ်ချင်းတွေကို ရော၊ ကျွန်တော့်အသိုင်းအဝိုင်းကိုရော ကျွန်တော့်. . . ကို. . . ချစ်. . . တဲ့. . . သူ. . . မုန်း. . . တဲ့. . . သူတွေကိုပါ. . . ကျွန်. . . တော်. . . ကျွန် . . . တော်. . . မ. . . သေ. . . တော့ဘူးဆိုတာ ပြောပြပေးလိုက်ပါ"

မမ ငိုနေရာမှရပ်လိုက်ပြီး သူ့မျက်နှာကို ဆွဲယူငုံ့ကြည့်ရင်း နှုတ်ခမ်းစွန်းမှသွေးစီးကြောင်းကို လက်ဖြင့် ပွတ်သပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အစွမ်းကုန်ပြုံးပြရင်း မမရင်ခွင်ကို အားပါးတရ သိုင်းဖက်ထားလိုက်၏။

"မင်း. . . မင်း. . . မသေတော့ဘူးပေါ့. . . ဘယ်. . . ဘယ်လို"

သူ တစ်ချက်ပြုံးပြလိုက်ရင်း အိမ်ဒေါင့်စွန်းအကွယ်တွင် ကပ်ထောင်ထားသော်လည်း တစ်စွန်းတစ်မြင်နေရသေးသည့် စပရိန်မွေ့ယာနှစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။

မမမျက်နှာ ရဲတက်သွားပြီး ဖက်တွယ်ထားသောသူ့ကို အတင်းခွာချဖို့ကြိုးစားလေတော့သည်။ သူကတော့ မလွှတ်ဘဲ တင်းတင်းဖက်တွယ်ထား၏။

"မင်း. . . မင်း. . . လူလိမ်. . . လူညာ"

"ဘာလဲ၊ မမက တကယ်သေစေချင်လို့လား၊ ရပါတယ်၊ တစ်ခါထပ်ခုန်ချပြမယ်"

ပြောပြီး သူ ထထွက်ဟန်ဆောင်လျှင် မမက သူ့ကို မသိမသာဖက်တွယ်ထားသည်။

"ဒါဆို ကျွန်တော် လူလိမ်လူညာမဟုတ်တော့ဘူးနော်"

"လူဆိုးတော့ ဟုတ်ပါတယ်"

"လူဆိုးဆိုရင် လူဆိုးလို ဆိုးပြရမယ်ပေါ့"

"ဆိုးရင် ဒီတစ်ခါ ဘယ်တော့မှခွင့်မလွှတ်တော့ဘူး"

"အဲ့ဒါဆိုရင် အခုဖြစ်ပြီးခဲ့တာတွေ ခွင့်လွှတ်တယ်ပေါ့နော် မမ"

မမ ပြုံးပြီးခေါင်းငုံ့နေ၏။

"တော်သေးတာပေါ့မမရယ်၊ တသက်လုံး ဝေးရပြီမှတ်တာ"

"ဒါပဲနော်၊ နောက်ဆို ဆင်ဆင်ခြင်ခြင်စကားကိုပြော၊ အရင်တုန်းမှန်မှန်ကန်ကန် ပြန်နေထိုင်ရမယ်၊ မှတ်မိလား၊ ကဲ. . . ပြောစမ်းမျှာတိတ်နောက်ဆို တစ်သက်လုံးမဝေးရအောင်ဘာလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို တစ်သက်လုံးမဝေးရအောင် ဟော့ဒီလို မလွတ်တမ်း တအားဖက်ထားရပါမယ် ခင်ဗျ"

သူ့ရင်ခွင်ထဲမှာနစ်မြုပ်သွားသော မမထံမှ ချိုမြိန်သောရယ်သံများ ပျံ့လွင့်လာသည်။

သူ၏ ဖွင့်ထားသောအာရုံမှ မမရင်ခုန်သံကို ကြည်နူးစွာ နားဆင်ခံစားလိုက်ရလေတော့သည်။

ချစ်မျှားရှင်

BURMESE CLASSIC



www.burmeseclassic.com